# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၁၉၃)




သီတဂူဆရာတော် အရှင်ဉာဏိဿရ

## နှစ်သစ်ကူး နှုတ်ခွန်းဆက်လွှာ

လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတို့နှင့် တွဲဖက်နေသောစိတ်သည် အစွန်းရောက်၍ အရုပ်ဆိုးသောစိတ်ဖြစ်ပါသည်။ လောဘအစွန်းရောက်လျှင် လုယက်သိမ်းပိုက်ခြင်းတွေ အလွန်များကာ ကမ္ဘာကြီး အရုပ်ဆိုးနေပေလိမ့်မည်။ ဒေါသ၊ မာန အစွန်းရောက်လျှင် တိုက်ခိုက်သတ်ဖြတ်နှိပ်စက်ခြင်းဖြင့် ကမ္ဘာကြီး အရုပ်ဆိုးနေပါလိမ့်မည်။ မောဟစွန်း၊ အတ္တစွန်းရောက်လျှင်တော့ ပဋိပက္ခတွေ၊ တိုက်ခိုက်ခြင်းတွေနှင့် ကမ္ဘာကြီးအရုပ်ဆိုးနေပါလိမ့်မည်။

အထက်ဖော်ပြပါ အစွန်းရောက်စိတ်တွေကြောင့် ယနေ့ကမ္ဘာကြီးဟာ အလွန်အရုပ်ဆိုးနေပါပြီ။ ထို့ကြောင့် ဒီနေ့ ဒီနှစ်သစ်ကူးပွဲတော်ကြီးမှာ အစွန်းရောက်စိတ်တွေကို အလယ်လမ်းသို့ပြန်ရောက်အောင် ဝိုင်းဝန်းတောင်းဆိုပေးကြပါလို့ တိုက်တွန်းလိုက်ပါသည်။

သတင်း၊ စာ-၃

# သင်္ကြန်ရထားလက်မှတ်များ ညအိပ်တန်းစီဝယ်ယူနေကြရ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

**ရန်ကုန် ဧပြီ ၉**

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မန္တလေး ခရီးစဉ်အတွက် RBE အထူးရထားနှင့် သင်္ကြန်အထူးရထားများ ဧပြီ ၉ ရက် **(ယနေ့)** တွင် စတင်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ယနေ့ စတင်ပြေးဆွဲပေးသည့် RBE အထူးရထားသည် ရန်ကုန်မှ ညနေ ၃ နာရီခွဲတွင် စတင်ထွက်ခွာပြီး မန္တလေးမြို့သို့ နောက်နေ့ နံနက် ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ အလားတူ မန္တလေးမှ ထွက်ခွာသော RBE အထူးရထားသည်လည်း ညနေ ၃ နာရီခွဲတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နောက်နေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့သို့ ဆိုက်ရောက်မည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻



ခရီးသွားပြည်သူများ ရန်ကုန်ဘူတာကြီး၌ သင်္ကြန်ရထားလက်မှတ်ဝယ်ယူနေစဉ်

## နှစ်သစ်ကူးရုံးပိတ်ရက် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၉**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်သည်။ ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် ဂလိုဘယ် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သည့် ဧပြီ ၁၃၊ ၁၆၊ ၂၀ ရက်တို့တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖




မြန်မာ့အလင်း

# မိုးတစ်ပေါက်လောက် ရှာပါဘိ

ကဗျာဆရာ ကဗျာရေးခြင်းသည် နိုင်ငံရေးဖြစ်၏။ သားသတ်သမား သားသတ်ခြင်းသည် နိုင်ငံရေးဖြစ်၏။ လယ်သမား စပါးစိုက်ခြင်းသည် နိုင်ငံရေးဖြစ်၏။ ဆရာဝန် ဆေးကုခြင်းသည် နိုင်ငံရေးဖြစ်၏။ အဆိုတော် တေးဆိုခြင်းသည် နိုင်ငံရေးဖြစ်၏။ ဆိုက်ကားဆရာ ဆိုက်ကားနင်းခြင်းသည် နိုင်ငံရေးဖြစ်၏။ ကျောင်းဆရာ စာသင်ခြင်းသည် နိုင်ငံရေးဖြစ်၏။ အလုပ်သမား အလုပ်လုပ်ခြင်းသည် နိုင်ငံရေးဖြစ်၏။ ကုန်သည် ကုန်ရောင်းကုန်ဝယ်လုပ်ခြင်းသည် နိုင်ငံရေးဖြစ်၏။ ....နိုင်ငံရေးဖြစ်၏။ ....နိုင်ငံရေးဖြစ်၏။

"ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ ရုံး၊ အလုပ်ရုံစသည်တို့၌ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုပင် လုပ်နေကြရပေသည်"ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့ဖူးသည်။ မိမိတို့အားလုံး (အားလုံး) ကိုယ့်အလုပ်ကိုယ်လုပ်နေကြခြင်းသည် နိုင်ငံရေးဖြစ်သည်ဟုဆိုလျှင် ကိုယ်လုပ်သမျှအကောင်းဆုံးလုပ်ကြဖို့ လိုမည်ဖြစ်သည်။ နိုင်ငံကောင်းရေးအတွက် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့မျှနှင့်လုပ်၍မရ။ တာဝန်ကြီးသည်၊ တာဝန်ငယ်သည် မဟူ အားလုံးပါဝင်မှရမည်။ "လူတစ်ဦးတစ်ယောက်သည် မည်မျှလောက် စွမ်းပကားရှိစေကာမူ လူထု၏ အားပေးရိုင်းပင်းမှုမရှိဘဲလျက် ရာဇဝင်တွင်လောက်သော လုပ်ငန်းမျိုးကို ဖြစ်မြောက်အောင်မဆောင်ရွက်နိုင်"ဟု ဗိုလ်ချုပ်ကဆိုထားခဲ့ဖူးသည်။

ရှက်နုဝေသော နွေတစ်နေ့တွင် ကဗျာဆရာတစ်ဦးသည် အမျိုးသားစာဆိုတော်ကြီးတစ်ဦးထံသို့ သွားရောက်ကာ သူခံစားနေရသမျှတို့ကိုဝမ်းနည်းစွာ၊ အားငယ်စွာဖြင့် ရင်ဖွင့်ပြောပြ၏။ သူသည် ကဗျာမြောက်မြားစွာကို ရေးခဲ့၏။ သူရေးသည့် ကဗျာများကို လူတွေဖတ်ကြပါရဲ့လား၊ လူတွေသိကြပါရဲ့လား၊ သူအားထုတ်သမျှ၊ ကြိုးပမ်းသမျှတို့သည် မိုးရေတစ်ပေါက် မြေပေါ်ကျရောက်သည့်ပမာ အရာမထင်ဘဲ အဟောသိကံဖြစ်ခဲ့ပြီလား...ဟူ၍။ ထိုအခါစာဆိုတော်ကြီးက ကဗျာဆရာကိုအားမငယ်စေရန် နှစ်သိမ့်လျက်"မိုးရေတစ်ပေါက်သည် အဟောသိကံမဖြစ်၊ မိုးတစ်ပေါက်ကြောင့် ပိတောက်ပွင့်ရသည်"ဟုဆိုကာ ကဗျာဆရာ၏နှလုံးစိတ်ဝမ်းကို ချမ်းမြေ့စေခဲ့သည်။

ထိုအခါ -

မိုးတစ်ပေါက်နှင့်၊ ပိတောက်ပွင့်၏
ပွင့်သည့်အခါ၊ ကြည့်စမ်းပါ
ရှာလုံးထိန်၍၊ ရပ်လုံးသင်း
အားမငယ်နှင့်စိတ်ကိုတင်း။
မိုးတစ်ပေါက်နှင့်၊ ပိတောက်ပွင့်သည်
တွေးမိသည်နှင့်၊ မျက်ရည်ကျမိ
ဆရာ့ခြေရင်း၊ ကန်တော့ပါ၏။
မိုးတစ်ပေါက်လောက် ရှာပါဘိ။ ဟူသော ကဗျာလေးတစ်ပုဒ်
ကဗျာဆရာ၏ ရင်ထဲမှ ပေါ်ထွက်လာလေသည်။

(ကဗျာဆရာသည် ပျဉ်းမနားမောင်နီသင်းဖြစ်၍ အမျိုးသားစာဆိုတော်ကြီးမှာ ဆရာကြီးမင်းသုဝဏ်ဖြစ်ပါသည်။)

မိမိတို့အားလုံး နေ့စဉ် နိုင်ငံရေးလုပ်နေကြသည်။

မိမိတို့လုပ်နေသည့် နိုင်ငံရေးကို စိတ်ကောင်းနှလုံးကောင်းဖြင့် အကောင်းဆုံးလုပ်ကြရမည်။

နိုင်ငံရေးသည် ခေါင်းဆောင်တစ်ယောက်၏ တာဝန်မျှသာမဟုတ်ဘဲ အားလုံး၏တာဝန်ဖြစ်သည်။

မိမိ၏အလုပ်သည် မည်မျှပင်သေးငယ်စေကာမူ မိမိ၏ပတ်ဝန်းကျင်အတွက်၊ မိမိနိုင်ငံအတွက် အရေးပါသည်။ ။

# သင်္ကြန်ရေကစားသူများ မျက်စိသတိထား

**ရန်ကုန် ဧပြီ ၉**

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော် ရောက်ဖို့နီးလာပြီ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကစားကြရန်အတွက် မြို့နယ်အလိုက်၊ လမ်းများအလိုက် ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်နေကြပါပြီ။ သင်္ကြန်ရက်အတွင်း မြို့နယ်များရှိ ရေကစားမဏ္ဍပ်အသီးသီးသို့ လှည့်လည်ရေကစားရန် ပြင်ဆင်နေကြသည့် လူငယ်မောင်မယ်များ မျက်စိကိုသတိထားရန် အသိပေးလိုပါသည်။

ရန်ကုန်မြို့ ကန်တော်ကြီးကန်ပတ်လမ်း(နတ်မောက်လမ်း)၌ ရှိသည့် မျက်စိအထူးကုဆေးရုံကြီးရဲ့ မနှစ်ကသင်္ကြန်ရက်အတွင်း ဖွင့်လှစ်သည့် ပြင်ပလူနာဌာနကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြို)က ၄၆ ဦး၊ ဧပြီ ၁၄ ရက် (သင်္ကြန် အကျ)က ၄၁ ဦး၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်)က ၃၁ ဦး၊ ဧပြီ ၁၆ ရက်(သင်္ကြန်အတက်)က ၂၇ ဦးနဲ့ ဧပြီ ၁၇ ရက်(၁၃၇၇ ခုနှစ် မြန်မာ နှစ်ဆန်း ၁ ရက်) ၅၆ ဦး စုစုပေါင်း ပြင်ပမျက်စိလူနာ ၂၀၁ ဦး လာရောက်ပြီး ကျန်းမာရေး ဆောင်ရွက်မှုခံယူခဲ့ကြကြောင်း သင်္ကြန်အတွင်း ဖွင့်လှစ်သည့် မျက်စိဆေးရုံကြီးပြင်ပလူနာဌာန မှတ်တမ်းများအရ သိရသည်။

အဲဒီပြင်ပလူနာ ၂၀၁ ဦးမှာ ရေကစားခြင်းကြောင့်မဟုတ်ဘဲ ပုံမှန်မျက်စိဝေဒနာရှင်များပါရှိသလို သင်္ကြန်ရက်အတွင်း ရေခွက်၊ ရေဖလားနှင့် ကြမ်းကြမ်းတမ်းတမ်းပက်ခြင်းခံရသူ၊ ပိုက်ကြီး၊ ပိုက်ငယ်အသွယ်သွယ်ဖြင့် မျက်စိ၊ နား၊ နှာခေါင်းကို လေပေါင်အား များများဖြင့် ထိုးသွင်း ရေပက်ခံရ၍ မတော်တဆမျက်စိဒဏ်ရာရရှိသူ လူနာများလည်း ပါသည်။

သို့ဖြစ်၍ သင်္ကြန်ရေကစားထွက်သူ လူကြီး၊ လူငယ်အားလုံး ရေကစားထွက်တိုင်း ခြုံပဝါ သို့မဟုတ် အခြားသင့်လျော်သည့် နည်းလမ်းတစ်ခုခုဖြင့် မျက်စိ၊ နား၊ နှာခေါင်းတို့ကို အကာအကွယ်ပြုလုပ်ဆောင်ထားကြရန် လိုအပ်ကြောင်း သတိပေးလိုသည်။

ရေပက်ကစားကြသူများကလည်း တစ်ဦးတစ်ယောက်တစ်စုံတစ်ရာ ထိခိုက်နစ်နာစေလိုသော စိတ်အလျဉ်းမရှိဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ပျော်ပါးပါး ယဉ်ကျေးသိမ်မွေ့စွာဖြင့်သာ ရေပက်ကစားကြရန် အသိပေး၊ သတိပေးလိုပါသည်။ မြန်မာ့နှစ်သစ်ကူးကာလကို ပျော်ရွှင်ချမ်းမြေ့ အေးချမ်းစွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ကိုချစ်**

# သရက်-အောင်လံ ကူးတို့လုပ်ငန်း ပြည်သူများ အန္တရာယ်ပိုမိုကင်းရှင်းရေး ဆောင်ရွက်မည်

**သရက် ဧပြီ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့၌ ဧပြီ ၇ ရက် ညနေ ၅ နာရီခန့်က ဧရာဝတီမြစ်အတွင်း မထင်မှတ်ဘဲ လေပြင်းအနည်းငယ် တိုက်ခတ်ခဲ့သဖြင့် သရက်-အောင်လံ ကူး ရွှေပြည်သစ်ကူးတို့လိုင်းမှ အချိန်မှန်ထွက်သည့် လိုင်းပွဲ့ထောင် (စက်လှေ)များ နီးစပ်ရာဆိပ်ကမ်း၊ သောင်ခုံများတွင် ရပ်နားခဲ့ရသည်။ ခရီးသွားပြည်သူများ ထိခိုက်မှုမရှိဘဲ အသက်အန္တရာယ်ကင်းရှင်းကြောင်း သိရသည်။

"အောင်လံကနေ သရက်ကို ညနေ ၅ နာရီ ထွက်လာတဲ့ စက်လှေက စက်တစ်လုံးချွတ်ယွင်းနေပြီး လေပြင်းတစ်ချက်မိလိုက်တာ ငါးပတ်လောက် လည်သွားပြီးမှ သောင်ခုံမှာ ကပ်ထားရတယ်။ အန္တရာယ်မရှိပေမယ့် နည်းနည်းတော့ ကြောက်မိတယ်" ဟု နေ့စဉ် ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

"ရှေ့ဆက် မိုးတွင်းကာလ သရက်-အောင်လံကူးတို့ လိုင်းပွဲ့ထောင် (စက်လှေ)တွေကို ကြီးကြပ်ဆောင်ရွက်သွားမှာပါ။ တစ်စုံတစ်ရာ အကြောင်းကြီးငယ် ပေါ်ပေါက်လာရင် ဆိပ်ကမ်းတာဝန်ခံတွေနဲ့ စက်လှေအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးတွေရဲ့ ဖုန်းနံပါတ်တွေကို ဆိပ်ကမ်းနဲ့ ပွဲ့ထောင်(စက်လှေ)တွေမှာ အသိပေးချိတ်ဆွဲထားပါတယ်" ရွှေပြည်သစ်ကူးတို့လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သရက်-အောင်လံမြို့တို့သည် ရေကြောင်းခရီးစဉ်မှာ ရေမိုင်ခြောက်မိုင်ခန့်ရှိသည်။ အချိန်မှန်ပြေးဆွဲသည့် လိုင်းပွဲ့ထောင်(စက်လှေ) ခြောက်ကြိမ်ရှိပြီး အလှည့်စက်လှေများလည်းရှိကြောင်း၊ လိုင်းပွဲ့ထောင်လူတစ်ဦးလျှင် ငွေကျပ် ၃၀၀ နှင့် အလှည့်ကျပွဲ့ထောင် လူတစ်ဦးလျှင် ငွေကျပ် ၅၀၀ နှင့် စင်းလုံးငှားရမ်းပါက ငွေကျပ် ၆၀၀၀ ဖြစ်ကြောင်း၊ သရက်-အောင်လံ ကူးတို့လုပ်ငန်းကို ပြည်သူများ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၁.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၁.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၄၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၆၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၅၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# သီတဂူ
# နှစ်သစ်ကူး နှုတ်ခွန်းဆက်လွှာ

**နှစ်သစ်ကူး မင်္ဂလာအခါသမယတွင် သီတဂူဆရာတော်အရှင်ဉာဏိဿရက မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးကို နှုတ်ခွန်းဆက်လွှာ ပို့သလိုက်သည်ကို ဖော်ပြလိုက်ပါသည်။**

တစ်နှစ်ဟောင်း၍ တစ်နှစ်ပြောင်းခဲ့ပြန်ပါပြီ။ နှစ်တွေ၊ ခေတ်တွေ ပြောင်းသလို 'ရုပ်'၊ 'နာမ်' ခန္ဓာတို့လည်း ဟောင်း၍ဟောင်း၍ ပြောင်းလဲခဲ့ပေါင်းများလှပါပြီ။

ဟောင်း၍ ဟောင်း၍ထားပစ်ခဲ့ရသည့်နှစ်တွေမှာ ငါ့အတွက်၊ မိမိအတွက် သူတစ်ပါး လူသားတို့အတွက် ငါ၏ လုပ်ဆောင်ချက်ကြောင့် အကျိုးအမြတ် ဘယ်လောက်ဖြစ်ထွန်း ကျန်ရစ်ခဲ့သလဲဆိုတာ စိစစ်စဉ်းစားသင့်ပါသည်။ မြတ်ဗုဒ္ဓကဇာတ်တော်မှာ ဟောထားတာ တစ်ခုရှိပါသည်။

'အချိန်သည် အချိန်ကိုစားသောကြောင့် အချိန်တွေ ကုန်၏။ အချိန်က လူကိုစားသောကြောင့် လူတွေလည်း ကုန်နေ၏။ အချိန်ကိုနိုင်အောင် မစားနိုင်လျှင် ဘဝမှာအရှုံးထွက်မည်။ ဘဝအတွက် အမြတ်ထွက်အောင် အချိန်ကိုနိုင်အောင်စားရမည်' လို့ ဟောပါသည်။

ဒါကြောင့် မိမိတို့ဘဝတစ်သက်တာမှာ မိမိတို့ လုပ်ထားသမျှ အလုပ်တို့၏ အကျိုးအမြတ်များနှင့် ဆုံးရှုံးနစ်နာမှုများကို ပြန်လည်သုံးသပ်ကြပါလို့ တိုက်တွန်းလိုပါသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတွင် ဤလောကတစ်ခုလုံး၌ 'ရုပ်'၊ 'နာမ်' နှစ်ပါးရှိသည်ဟု ဟောတော်မူပါသည်။ ထို နှစ်ပါးတို့တွင် 'နာမ်'တရားက 'ရုပ်'တရားကို ဦးဆောင်သည်ဟု ဟောတော်မူပါသည်။ 'နာမ်'(စိတ်)သည် 'ရုပ်'လောကကို ဦးဆောင်နေပါသည်။ လူတို့စိတ်သည် လောကကြီးတစ်ခုလုံး၏ ရှေ့သွားခေါင်းဆောင်ဖြစ်ပါသည်။ လူ့စိတ်သည် အရာရာကို ဦးဆောင်ပါသည်။ ကောင်းမြတ်သောစိတ်သည် သာယာလှပသောကမ္ဘာကို ဖန်တီးတတ်သည်။ ယုတ်ညံ့သောစိတ်သည် အရုပ်ဆိုးသောကမ္ဘာကို ဖန်ဆင်းပါသည်။ ဤသည်ကား နိယာမ (Natural Law)ပင် ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတို့နှင့် တွဲဖက်နေသောစိတ်သည် အစွန်းရောက်၍ အရုပ်ဆိုးသောစိတ်ဖြစ်ပါသည်။ လောဘ အစွန်းရောက်လျှင် လုယက်သိမ်းပိုက်ခြင်းတွေ အလွန်များကာ ကမ္ဘာကြီး အရုပ်ဆိုးနေပေလိမ့်မည်။ ဒေါသ၊ မာန အစွန်းရောက်လျှင် တိုက်ခိုက်သတ်ဖြတ် နှိပ်စက်ခြင်းဖြင့် ကမ္ဘာကြီးအရုပ်ဆိုးနေပါလိမ့်မည်။ မောဟစွန်း၊ အတ္တစွန်းရောက်လျှင်တော့ ပဋိပက္ခတွေ၊ တိုက်ခိုက်ခြင်းတွေနှင့် ကမ္ဘာကြီး အရုပ်ဆိုးနေပါလိမ့်မည်။

အထက်ဖော်ပြပါ အစွန်းရောက်စိတ်တွေကြောင့် ယနေ့ကမ္ဘာကြီးဟာ အလွန်အရုပ်ဆိုးနေပါပြီ။ ထို့ကြောင့် ဒီနေ့ ဒီနှစ်သစ်ကူးပွဲတော်ကြီးမှာ အစွန်းရောက်စိတ်တွေကို အလယ်လမ်းသို့ ပြန်ရောက်အောင် ဝိုင်းဝန်းတောင်းဆိုပေးကြပါလို့ တိုက်တွန်းလိုက်ပါသည်။

လူ့စိတ်သည် ပန်းချီဆရာနှင့်တူသည်ဟု မြတ်ဗုဒ္ဓဟောပါသည်။ ဒါဆိုလျှင် ဒီနေ့ကမ္ဘာ့နိုင်ငံ ခေါင်းဆောင်တွေအားလုံးက ကမ္ဘာကြီးရဲ့ ပန်းချီဆရာတွေပဲပေါ့။ ပန်းချီဆရာသည် ကြောက်မက်ဖွယ်ကောင်းသော ဘီလူး၊ သရဲ၊ လူဆိုး ကားချပ်များကို ဆွဲတတ်သလို ချစ်ခင်ပျော်ရွှင်ဖွယ်ကောင်းသော နတ်သမီး၊ နတ်သား၊ ပန်းဥယျာဉ် ပန်းချီကားတွေကိုလည်း ရေးဆွဲတတ်ပါသည်။ ယနေ့ကမ္ဘာမှာ နိုင်ငံ တော်တော် ခပ်များများ အလှပျက်၊ အရုပ်ဆိုးနေကြပါပြီ။

ထို့ကြောင့် နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ စိတ်ဓာတ်ရေး ခေါင်းဆောင်များအားလုံးကို တိုက်တွန်းလိုပါသည်။ ပန်းချီဆရာသည် ကြည်လင်သော စိတ်ကိုမွေး၍ လှပသော ကြည်နူးဖွယ်ကောင်းသော ပန်းချီကားချပ်ကို ရေးဆွဲသကဲ့သို့ သင်တို့၊ ငါတို့၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးပန်းချီဆရာများအားလုံး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သဒ္ဓါ၊ ပညာဟူသော လှပသော စိတ်ဓာတ်များ မွေး၍ သင်တို့၊ ငါတို့နေရာ ဤကမ္ဘာကို လှပပျော်ရွှင်ဖွယ်ကောင်းသော ကမ္ဘာကြီးတစ်ခုဖြစ်လာအောင် (လှပသော ပန်းချီကားတစ်ချပ်ကို ရေးဆွဲသကဲ့သို့) ဝိုင်းဝန်း၍ ရေးဆွဲပေးကြပါဟု တောင်းပန်တိုက်တွန်းလိုက်ရပါသည်။

**နိုင်ငံသားတိုင်းသည် နိုင်ငံတိုင်းကို**
**လှပအောင် ဖန်တီးနိုင်ကြပါစေ**
**'သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ'**

**သီတဂူဆရာတော်**
**နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာ**
**၈-၄-၂၀၁၆**

# ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲများမထားရှိဘဲ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားဖော်ဆောင်

**ရန်ကုန် ဧပြီ ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ နံနက် ၉ နာရီတွင် ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် မီဒီယာခန်းမ၌ တွေ့ဆုံပြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ ယနေ့နိုင်ငံတော်တွင် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်ပြောင်းစနစ်ပြောင်းသို့ သွားရောက်မည့် အချိန်ဖြစ်၍ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရန် မိမိတို့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူများကိုယ်စား ဆောင်ရွက်ရသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာကြီး (၃)ရပ်တွင် ဥပဒေပြုရေးအာဏာကို ပီပီပြင်ပြင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများ၏ လိုအပ်ချက်နှင့် ဆန္ဒများကိုလည်း ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မိမိတို့ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် အခက်အခဲမရှိစေရန်လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများကို သေချာစွာ သိရှိနားလည်ထားရန် လိုအပ်ကြောင်း။

လွှတ်တော်များသည် ရှေ့ဆက်လုပ်ဆောင်ရမည့် လမ်းကြောင်းတွင် ထင်သာမြင်သာရှိအောင် ဆောင်ရွက်နိုင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျရာတာဝန်ကို လေးစားတန်ဖိုးထား၍ ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်ကိုလည်း မှန်မှန်ကန်ကန်သုံးစွဲကြရန်နှင့် ကိုယ်စားလှယ်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ ပြောဆိုပြုမူ နေထိုင်ကြရန် လိုအပ်ကြောင်း။





ယနေ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲများမထားရှိဘဲ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများဖြင့် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ဖြင့် အားလုံး ညီညီနွှီးနွှီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တာမွေမြို့နယ်အတွင်းရှိ ပြည်သူများအား ဧပြီ ၈ ရက် ညနေ ၅ နာရီတွင် နတ်ချောင်းရပ်ကွက်ရှိ အားကစားကွင်း၌လည်းကောင်း၊ ဧပြီ ၉ ရက် ညနေ ၅ နာရီတွင် ကျောက်မြောင်း အရှေ့ရပ်ကွက်ရှိ တာမွေရာမအားကစားကွင်း၌ လည်းကောင်း တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်ပြီး ရှင်းလင်း တင်ပြသည်။

ထိုသို့ရှင်းလင်းစဉ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် တာမွေမဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှသိန်း၊ တာမွေမဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းမြင့်တို့လည်း လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၇ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိလက်ခံပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**(သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)**

# သောက်သုံးရေလိုအပ်သော ကျေးရွာများသို့ ကွင်းဆင်း၍ ငွေနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဧပြီ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဧပြီ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့သို့ရောက်ရှိပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညောင်ဦးခရိုင် ဦးစီးမှူးရုံးနှင့် သိုလှောင်ရုံတို့ကိုကြည့်ရှုပြီး သဘာဝဘေးအန္တရာယ် ကျရောက်ပါက ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရန်နှင့် ဘေးဒုက္ခကျရောက်နေသော ပြည်သူများအတွက် ထိရောက်စွာ အကူအညီပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက်အယ်နီညိုကြောင့် သောက်သုံးရေအလွန်လိုအပ်လျက်ရှိသော ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာအုပ်စု၌ငါ့လင်းပုတ်ကျေးရွာသို့ သွားရောက်ပြီး မင်္ဂလာမြန်မာက လှူဒါန်းသည့် ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ ရေသန့်စင်စက်တစ်လုံးကို ကျေးရွာအုပ်ချုပ်ရေး အဖွဲ့သို့ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ ရေသန့်စင်စက်ကို လက်တွေ့အသုံးချနိုင်ရန်သရုပ်ပြသည်။ အခမ်းအနားသို့ တက်ရောက်ပြီး ပျက်စီးနေသော လက်ရှိရေစုပ်စက်ပန့်ပြုပြင်ရန် အတွက် ဝန်ကြီးဌာနမှ ငွေကျပ် ၁၀ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညောင်ဦးခရိုင် လက်ထောက် လူမှုဝန်ထမ်းရုံးသို့ ရောက်ရှိပြီး ဦးစီးဌာန နှစ်ခုမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့် နီးစပ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ စွမ်းဆောင်ရည် မြင့်မားအောင် အစဉ်ကြိုးစားကြစေလိုကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် ဝန်ကြီးဌာန အနေဖြင့်လည်း ကြိုးစား ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပုဂံမူလတန်းကြိုကျောင်းကို ဝင်ရောက်ကြည့်ရှုခဲ့ပြီး မြင်းခြံမြို့သို့ သွားရောက်ကာ အမှတ် (၁) ရပ်ကွက် တိုးချဲ့ဓမ္မာရုံ၌ ဧပြီ ၅ ရက်က ဖြစ်ပွားခဲ့သည့် လေဘေးကြောင့် ပြိုကျအိမ် ၃၂ လုံးအတွက် တစ်အိမ်လျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၆ သိန်း၊ အမိုးလန် ပျက်စီးခဲ့သည့် နေအိမ် ၈၂ လုံးအတွက် တစ်အိမ်လျှင် ကျပ် ၂၀၀၀၀နှုန်းဖြင့် ငွေကျပ် ၁၆၄၀၀၀၀၊ အိမ်ထောင်စု ၁၁၄ စုအတွက် ဆန်သုံးရက်စာ ထောက်ပံ့ငွေ ၄၈၀၀၀၀၊ တန်ဖိုးငွေ ၁၃၇၂၇၇၂ ရှိ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး (၃၂ အိမ်ထောင်စာ) နှင့် ကယ်ဆယ်ရေးပစ္စည်းလေးမျိုး (၈၂ အိမ်ထောင်စာ)၊ ပစ္စည်းစုံ ၂၆ မျိုးပါ Family Kit ၃၂ ပုံးတို့ကို ဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ကာ ဘေးသင့်ပြည်သူများအား ရင်းနှီးစွာ အားပေးခဲ့ပြီး မြင်းခြံခရိုင် လူမှုဝန်ထမ်းဦးစီးရုံးနှင့် မူလတန်းကြိုကျောင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

## ကော့စ်တာရီကာနိုင်ငံ မြို့တော် ဆန်ဂျိုးဆေးတွင် ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်

**ဆန်ဂျိုးဆေး ဧပြီ ၉**

ကော့စ်တာရီကာနိုင်ငံ မြို့တော်ဆန်ဂျိုးဆေး ပါပက်စ်ပြည်နယ်တွင် ဧပြီ ၈ ရက်က ရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၀၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အခင်းဖြစ်ပွားရာနေရာသို့ သက်ဆိုင်ရာအရာရှိများ ရောက်ရှိလာကြပြီး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သို့သော်လည်း အသေးစိတ်သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**(ဆင်ဟွာ)**




## နိုင်ငံရေး အကျပ်အတည်းများကြောင့် ရီယိုအိုလံပစ်ကို ထိခိုက်မည်မဟုတ်

**ရီယိုဒီဂျနေးရိုး ဧပြီ ၉**

ဘရာဇီးသမ္မတ ဒီမာရိုဆက်ဖ်သည် အိုလံပစ်ရေကူးအားကစားရုံဖွင့်ပွဲ အခမ်းအနား၌ ဘရာဇီးနိုင်ငံသည် အိုလံပစ်ပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ၌ အခက်အခဲမရှိကြောင်း ပြောခဲ့သည်။

ယခုအချိန်အခါ၌ ဘရာဇီးနိုင်ငံသည် အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသော်လည်း နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုများ ပြန်လည်ရရှိအောင် ကြိုးပမ်းနိုင်သည်ဟု ယုံကြည်ကြောင်း ဘရာဇီးသမ္မတက အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြောခဲ့သည်။

ဘရာဇီးနိုင်ငံသည် အိုလံပစ်အားကစားပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်အောင် စွမ်းဆောင်နိုင်သလို တိုင်း ပြည်ပြန်လည်တည်ငြိမ်လာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၌လည်း စွမ်းဆောင်နိုင်မည် ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# တက္ကဆက်ပြည်နယ်ရှိ လေတပ်အခြေစိုက်စခန်းတွင် လေယာဉ်အမှုထမ်းက အထက်အရာရှိကို ပစ်သတ်




**တက္ကဆက် ဧပြီ ၉**

တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုရှိ လက်ခ်လန်း လေတပ်အခြေစိုက်စခန်းရှိ လုပ်ငန်းခွင်အတွင်း သောကြာနေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လေယာဉ်အမှုထမ်း နှစ်ဦး သေဆုံးခဲ့သည်။ လေယာဉ် အမှုထမ်းတစ်ဦးသည် ၎င်း၏ အထက်အရာရှိကို ပစ်သတ်ပြီးနောက် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့သည်ဟု စစ်တပ်အရာရှိများက မီဒီယာများကို ပြောသည်။

ဆန်အန်တိုနီယို၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တပ်မမှူး ဗိုလ်ချုပ် ရောဘတ် လာဘရုတာက လေယာဉ်အမှုထမ်း နှစ်ဦးသေဆုံးခြင်းမှာ မတော်တဆမှုဖြစ်ကြောင်း ပြောခဲ့ပြီး အသေးစိတ်အဖြစ်အပျက်များကို ရှင်းလင်းသွားခြင်းမရှိပေ။ ယခုအဖြစ်အပျက်မှာ လုပ်ငန်းခွင်အတွင်း ဖြစ်ပွားခဲ့သည့် မတော်တဆ တိုက်ခိုက်မှုဖြစ်ပြီး အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုမဟုတ်ကြောင်း ဆန်အန်တိုနီယို အခြေစိုက်အမေရိကန် လေတပ်မှထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

လက်နက်ကိုင်ဆောင်ထားသည့် လူတစ်ဦးကလေတပ်လေ့ကျင့်ရေး အရာရှိကို ပစ်သတ်ခဲ့ပြီးနောက် အဆောက်အအုံအတွင်းရှိ စာသင်ခန်းအတွင်း မိမိကိုယ်ကိုပစ်သတ်ခဲ့သည်ဟု အဲဖို့စ်တိုင်းမ်က ဖော်ပြထားသည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားဒုံးကျည်အင်ဂျင်ကို အောင်မြင်စွာစမ်းသပ်နိုင်ဟုဆို

**ပြုံယမ်း ဧပြီ ၉**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တိုက်ချင်းပစ်ဒုံးကျည်အင်ဂျင်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက ကြေညာလိုက်သည်ဟု ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြေပြင်စမ်းသပ်မှုကို ဆိုဟေးအာကာသစင်တာ၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းဌာနမှာ ဖန်ဂန်ပြည်နယ် မြောက်ပိုင်း၌ တည်ရှိပြီး စမ်းသပ်သည့် အချိန်အတိအကျကို မသိရကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

အဆိုပါစမ်းသပ်မှုသည် ကျေနပ်လောက်သည့် စမ်းသပ်မှုဖြစ်ကြောင်း၊ အောင်မြင်သည်ဟု ဆိုနိုင်ကြောင်း၊ အမေရိကန်ကဲ့သို့ ရန်လိုသည့်နိုင်ငံအား တိုက်ခိုက်မှု ပြုလုပ်နိုင်သည့် အနေအထားဖြစ်ကြောင်းနှင့် နျူကလီးယားတိုက်ခိုက်မှု ပြုလုပ်နိုင်သည့် စွမ်းရည်ရှိကြောင်း မစ္စတာကင်က ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံသည် ယခုအခါ နျူကလီးယားထိပ်ဖူးများ သယ်ဆောင်သွားနိုင်သည့် တိုက်ချင်းပစ်ဒုံးကျည် ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း ယင်းသတင်းဌာနက ပြောသည်။

**(ဆင်ဟွာ)**

# အကြမ်းဖက်သမားများကို နှိမ်နင်းရန်ပူးပေါင်းဆောင်ရွက်မှုလို

**ပေကျင်း ဧပြီ ၉**

လွန်ခဲ့သောအပတ်က ဆီးရီးယားဒုက္ခသည်များဆိုင်ရာ ပထမဆုံးတရုတ်အထူးသံတမန်အဖြစ် ခန့်အပ်ခံရသော ရှဲရှောင်ရင်က ဆီးရီးယားအစိုးရ၏ဖိတ်ကြားမှုဖြင့် ပြည်တွင်းအကြမ်းဖက်သောင်း ကျန်းသူများကို နှိမ်နင်းရန် ရုရှား၏စစ်ဆင်ရေး ဆောင်ရွက်ချက်များအား ချီးကျူးကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ ဒေသတွင်း အကြမ်းဖက်သမားများကိုနှိမ်နင်းရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အတူတကွ ပူးပေါင်းလုပ်ဆောင်သင့်ကြောင်း ၎င်းက ပြောသည်။ ရုရှား၏ အကြမ်းဖက်တန်ပြန် တိုက်ဖျက်ရေးများသည် အကြမ်းဖက်သမားများကို နှိမ်နင်းရန် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ လွန်ခဲ့သောခြောက်လက အဆိုပါဒေသများတွင်ရှိသောအကြမ်းဖက်သမားများကို ထိရောက် စွာ ဟန့်တားမှုများပြုလုပ်ခဲ့ကြောင်း ၎င်းကပြောသည်။ ဆီးရီးယားအရေး နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် တရုတ်အနေဖြင့် ထပ်တလဲလဲ တိုက်တွန်းခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဘရပ်ဆဲလ်တိုက်ခိုက်မှု၌ အဓိကသံသယရှိသူကို ဖမ်းမိ

**ဘရပ်ဆဲလ် ဧပြီ ၉**

ဘယ်လ်ဂျီယံရဲများက ပါရီမြို့နှင့် ဘရပ်ဆဲလ်တို့၌ အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်ခဲ့သူ အဓိက သံသယရှိသူကို သောကြာနေ့က ဖမ်းဆီးထိန်းသိမ်းထားနိုင်ခဲ့သည်။

မိုဟာမက်အက်ဘ်ရီနီသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ လူပေါင်း ၁၃၀ ပစ်သတ်ခံရမှုနှင့် နိုဝင်ဘာ ၁၃ ရက် ဗုံးခွဲတိုက်ခိုက်ရာတွင် ကူညီခဲ့သူဟု အမှုစစ်များက ပြောသည်။


၎င်းတို့သည် မတ် ၂၂ ရက်က ဘရပ်ဆဲလ်လေဆိပ် အသေခံဗုံးခွဲသမားများနှင့် ဆက်စပ်မှုရှိ၊ မရှိ အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ်ရှိ အက်ဘ်ရီနီကို အသေးစားပြစ်မှုများ ကျူးလွန်သူအဖြစ် ရဲများက ကာလရှည်ကြာစွာ သိထားသည်။

အစောပိုင်းကရဲများသည် အိုစမာကရာရမ်ဆိုသူကိုလည်း ဖမ်းဆီးခဲ့သည်။ ၎င်းသည် မတ် ၂၂ ရက်က မြေအောက်ဘူတာရုံရှိ CCTV ၌ စစ်ဆေးတွေ့ရှိခဲ့ပြီး အသေခံဗုံးခွဲသမားဟု သံသယရှိခြင်းခံရသူဖြစ်သည်။

ယခုကဲ့သို့ ဖမ်းဆီးခြင်းသည် ဘယ်လ်ဂျီယံလုံခြုံရေးအရာရှိများ၏ အောင်မြင်မှုပင်ဖြစ်သည်။ ဘယ်လ်ဂျီယံလုံခြုံရေးအရာရှိများသည် ဘရပ်ဆဲလ်အခြေစိုက် အကြမ်းဖက်သမားများက ပါရီမြို့၌ တိုက်ခိုက်မှုများ ကျူးလွန်ခဲ့ခြင်းနှင့် ထိုသို့ ကျူးလွန်ပြီး လေးလအကြာ ဘယ်လ်ဂျီယံ၌ လူ ၃၇ ဦး အသတ်ခံရမှုအတွက် ပြင်းထန်သည့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

**(ရိုက်တာ)**



ဗုံးခွဲတိုက်ခိုက်မှုတွင် သံသယရှိသူ မိုဟာမက်အက်ဘ်ရီနီကို ဧပြီ ၈ ရက်က ဘရပ်ဆဲလ်မြို့အနီး၌ ဖမ်းမိစဉ်။

# နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူ ၁၉၉ ဦး လွှတ်ပေးခဲ့

**နေပြည်တော် ဧပြီ ၉**

နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူများနှင့် စပ်လျဉ်းသည့် အမှုများမှ ရုပ်သိမ်းပြီးသူ ၁၃၈ ဦးကို ယမန်နေ့က လွှတ်ပေးပြီးဖြစ်ကြောင်း သတင်းဖော်ပြပြီးဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထပ်မံရရှိသော သတင်းများအရ အမျိုးသား ၅၀ နှင့် အမျိုးသမီး ၁၁ ဦး ထပ်မံလွှတ်ပေးခဲ့သဖြင့် ယမန်နေ့က လွှတ်ပေးမှုစုစုပေါင်းမှာ အမျိုးသား ၁၆၁ ဦး၊ အမျိုးသမီး ၃၆ ဦးနှင့် ကလေးနှစ်ဦး စုစုပေါင်း ၁၉၉ ဦးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူများအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းသောအမှုမှ ဧပြီ ၈ ရက်နေ့တွင် လွှတ်ပေးခဲ့သူများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်အရေအတွက် | အမှုအရေအတွက် | | တရားခံ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | အမျိုးသား | အမျိုးသမီး | ကလေး | ပေါင်း | |
| ၁ | ပဲခူးတိုင်းဒေသကြီး | ၂ | ၄ | ၇၆ | ၁၃ | ၂ | ၉၁ | |
| ၂ | မကွေးတိုင်းဒေသကြီး | ၁ | ၁ | ၁၄ | ၈ | - | ၂၂ | |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | ၂၂ | ၆၇ | ၃၄ | ၁၂ | - | ၄၆ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၃ | ၁၆ | ၃၇ | ၃ | - | ၄၀ | |
| | **စုစုပေါင်း** | **၂၈** | **၈၈** | **၁၆၁** | **၃၆** | ၂ | **၁၉၉** | |

**✻ ရှေ့ဖုံးမှ**

ယင်း RBE အထူးရထားခရီးစဉ်ကို ဧပြီ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ကာ သင်္ကြန်ပြီး ဧပြီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင်လည်း ပြန်လည်ပြေးဆွဲပေးမည်ဖြစ်သည်။ ယင်း RBE အထူးရထားခရီးစဉ်အတွက် လက်မှတ်ခန့်မှန်းထားမှာ ခရီးစဉ်ဘူတာအလိုက် အထက်တန်းလက်မှတ်ခန့်မှန်းထားအတိုင်း သတ်မှတ်ထားခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ RBE အထူးရထားခရီးစဉ် ရပ်နားပေးမည့် ကြားဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်တို့ဖြစ်သည်။

အလားတူ ရန်ကုန်-မန္တလေး သင်္ကြန် အထူးရထားကိုလည်း ဧပြီ ၉ ရက်တွင် စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။ ယင်းသင်္ကြန် အထူးရထားသည် ရန်ကုန်မှ ညနေ ၄နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နောက်နေ့ နံနက် ၆ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ တစ်ဖန် မန္တလေးမှ ညနေ ၄ နာရီတွင် ထွက်ခွာလာသောရထားသည်လည်း နောက်နေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ ဆိုက်ရောက်မည်ဖြစ်သည်။ သင်္ကြန်အထူးရထားတွင် ရိုးရိုးတန်း ၁၀ တွဲ၊ အထက်တန်းနှစ်တွဲနှင့် အိပ်စင်တစ်တွဲ ပါဝင်မည်ဖြစ်ကာ ယင်းရထားသည်လည်း RBE အထူးရထားခရီးစဉ်အတိုင်း ကြားဘူတာများဖြစ်သည့် တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်ဘူတာတို့၌ ရပ်နားသွားမည်ဖြစ်သည်။ အဆိုပါ သင်္ကြန် အထူးရထားအတွက် လက်မှတ်ခန့်မှန်းထားများမှာ ရိုးရိုးတန်း ငွေကျပ် ၄၆၅၀နှင့် အထက်တန်း ငွေကျပ် ၉၃၀၀ နှုန်းထား သတ်မှတ်ထားပြီး ယင်းသင်္ကြန်ရထား အထူးခရီးစဉ်ကို ဧပြီ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့မီးရထားအနေနဲ့ ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့ သင်္ကြန်အထူးရထားတွေ ပြေးဆွဲပေးမယ်လို့တော့ သိရတယ်။ ဒါပေမယ့် ကျွန်တော်က မနက်ဖြန် ဧပြီ ၁၀ ရက်ကို မန္တလေးကိုသွားချင်တာ။ အဲဒီကနေမှ မြစ်ကြီးနားကို ခရီးဆက်ရမှာ။ မန္တလေးလက်မှတ်လာဝယ်တာ၊ မနေ့ကရော၊ ဒီနေ့ပါ နှစ်ရက်ရှိနေပြီ။ မနေ့ကလည်း လက်မှတ်ပေးတဲ့ အပေါက်လည်းရောက်ရော ရောင်းတဲ့ သတ်မှတ်စောင်ရေကကုန်သွားတယ်ပြောတယ်။ ဒီနေ့လည်း ဘယ်လိုလာမလဲတော့ မသိဘူး။ နံနက် ၁ နာရီလောက်ကတည်းက သယ်န်းကျွန်းကနေလာပြီး တန်းစီနေတာပါ။ ဒါတောင် ညနေ ၆ နာရီ၊ ၇ နာရီလောက်ကတည်းက လာစောင့်နေတဲ့ သူတွေရှိနေတော့ ဘယ်လိုလုပ်ရမလဲ မသိဘူး။ မနေ့ကဆိုပွဲစားတစ်ယောက်လာရောင်းတယ်၊ လက်မှတ်ခကထက်ဝက်လောက်ဆိုတော့ မဝယ်ဖြစ်ခဲ့ဘူး"ဟု ရန်ကုန်မှ မန္တလေးသို့ သွားမည့်ခရီးသည်တစ်ဦးက ယနေ့နံနက်တွင် မန္တလေး(၅)အဆန်ရထား လက်မှတ် တန်းစီတိုးဝှေ့ရင်း ပြောပြသည်။

ယနေ့နံနက် ရန်ကုန်ဘူတာကြီး လက်မှတ်ရောင်း ကောင်တာများရှေ့၌ ပြည်သူများ လက်မှတ်တိုးဝှေ့ ဝယ်ယူနေသော မြင်ကွင်းသည် ကြက်သီးထစရာမြင်ကွင်းပင် ဖြစ်သည်။ နံနက် ၅ နာရီတွင် ဘူတာယာဒ်ဝင်းကြီးကို ဖွင့်လိုက်သည်နှင့် အမျိုးသားများပင် ဘယ်လိုမှ တောင့်မခံသာအောင် အလဲလဲအပြိုပြိုဖြစ်ကာ ပိုက်ဆံအိတ် ကျပျောက်သူကပျောက်၊ တက်နင်းမိသူကနင်းမိဖြစ်ကြရပြီး အထူးသဖြင့် အမျိုးသမီးများမှာ အဆင်မပြေဖြစ်ခဲ့ရသည့် မြင်ကွင်းကို တွေ့ခဲ့ရသည်။

"သမီးပိုက်ဆံအိတ် ဘယ်နားကျသွားမှန်းမသိလိုက်ဘူး။ ရှာပေးကြပါဦး၊ ရှာပေးကြပါဦး"

အသက် ၂၀ ဝန်းကျင်မိန်းကလေးတစ်ဦး အော်ဟစ်အကူအညီတောင်းနေသည်။ မျက်နှာပြင်ပေါ်မှာလည်း မျက်ရည်စတွေနဲ့။ "ကျွန်မပိုက်ဆံ နှစ်သောင်းကျော် လောက်ပါတယ်။ ဒါပေမယ့် ပိုက်ဆံကို မနှောမြောဘူး။ မှတ်ပုံတင်လေးတော့ ပြန်လိုချင်တယ်" ဟု လူကြားထဲ ပူဆွေးသောကများနှင့် ရင်ဖွင့်သံကို ကြားလိုက်ရသည်။ သို့သော် ဘယ်သူမှ သူ့အခက်အခဲကို မကူညီနိုင်ခဲ့။ လက်မှတ်ရရှိရေး စိတ်မအေးကြရသည့် သောကတွေက လူတိုင်းမျက်နှာတွင် အထင်းသားပေါ်နေကြသည်။ မကြာပါ မြန်မာ့မီးရထားမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦး လူကြားထဲ တိုးဝှေ့လာရောက်ရှာဖွေပေးခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့သည်။

နံနက် ၇ နာရီထိုးတော့ မြန်မာ့မီးရထားမှ လက်မှတ်ရောင်းများ ရောက်လာပြီး လက်မှတ်များကို သက်ဆိုင်ရာ လက်မှတ်အရောင်းကောင်တာများမှ စတင်ရောင်းချသည်။ သိပ်မကြာခင် အသံများ ကြားရပြန်သည်။

"ကျွန်တော်တို့က ညဦးပိုင်းထဲက လာတန်းစီနေတာ၊ အဲဒီလိုတော့ ကြားဝင်လာပြီးမရပ်နဲ့။ တန်းစီပေါ့။ လူလည်လာမလုပ်နဲ့ မခံဘူး။"

အသံမျိုးစုံ၊ ပြဿနာမျိုးစုံ အဖုံဖုံကိုသင်္ကြန်ကာလ ရထားလက်မှတ်ဝယ်ယူနေသည့် ရန်ကုန်ဘူတာကြီးမှာမြင်ကွင်းစုံ တွေ့မြင်ခဲ့ရသည်။

ဘာတွေဘယ်လိုပဲပြောင်းပြောင်း မပြောင်းလဲသေးသော မြင်ကွင်းများက လွန်ခဲ့သော နှစ်ပေါင်းများစွာက အတိုင်းပင်။ လက်မှတ်ရောင်းဝန်ထမ်းတစ်ဦး၏ ပြောကြားသံကိုလည်း ကြားလိုက်ရသည်။

"ရထားလက်မှတ် ကုန်တယ်ပြောတော့ အော်ကြီးဟစ်ကျယ်နဲ့ ကားလက်မှတ်မရောင်းပေးတာတွေ၊ ကုန်ပြီဆိုတာတွေကျတော့ . . . .။"

**(မြန်မာ့အလင်း)**



ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဘူတာကြီးလက်မှတ်အရောင်းဌာနရှေ့၌ ခရီးသွားမည့်ပြည်သူများ လက်မှတ်ရရှိရေး တိုးဝှေ့တန်းစီနေသည်ကို တွေ့ရစဉ်

# မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကား ယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# သင်္ကြန်ကာလအတွင်း ဖြစ်ပွားသောမှုခင်းများအား အထူးတရားရုံးများဖွင့်ကာ ဆောင်ရွက်သွားမည်

**မန္တလေး ဧပြီ ၉**

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားသော သင်္ကြန်မှုခင်းများအား တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းတွင် အထူးတရားရုံးများ ဖွင့်လှစ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်မှုခင်းများအား ဖြေရှင်းနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်လက်အောက် မြို့နယ်တရားရုံး ၃၄ ရုံးရှိရာ မြို့နယ်တရားရုံးစိုက်ရာမှုခင်းဖြစ်ပွားသည့် မြို့နယ်တရားရုံးများတွင် တာဝန်ကျတရားသူကြီးများက နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရုံးထိုင်စစ်ဆေး စီရင်ဆောင်ရွက်သွားမည်ဖြစ်သည်။

နေ့စဉ်စွဲဆိုလာသော သင်္ကြန်မှုခင်းများနှင့်စပ်လျဉ်း၍ ပြီးပြတ်မှုအခြေအနေများကို နေ့စဉ် ညနေ ၄ နာရီခွဲတွင် နောက်ဆုံးထားကာ တိုင်းဒေသကြီး တရားလွှတ်တော် တာဝန်ခံအရာရှိထံ တင်ပြသွားရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားရေး ဦးစီးမှူးရုံးမှ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

✻ ကျောဖုံးမှ

သီဆိုနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ရွေးချယ်ပေးခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

ဒုတိယနေရာက ပါဝင်ယှဉ်ပြိုင်သူ M ဇော်ရိန်ကတော့ "နောက်ဆုံးရင်ခွင်" ဆိုတဲ့ သီချင်းနဲ့ သီဆိုယှဉ်ပြိုင်ရပါတယ်။ ဒိုင်အဖြစ် ဆောင်ရွက်သူ အဆိုတော်မေဆွိက ဒီသီချင်းကို ရွေးချယ်ဖြစ်တာကတော့ M ဇော်ရိန်က အသံလှတဲ့သူဖြစ်ပြီး အမြင့်သံကို သီဆိုရမယ့်နေရာမှာ အသက်ကို ခိုးရှူ သီဆိုရတဲ့အပိုင်းပါဝင်ပြီး သီဆိုနိုင်မယ့် အရည်အချင်းကို ယုံကြည်လို့ ရွေးချယ်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

တတိယနေရာကနေ ယှဉ်ပြိုင်ရသူ စောလားထော်ဝါးကတော့ ဒိုင်ဖြစ်သူ ရဲလေး ရွေးချယ်ပေးခဲ့တဲ့ "ဒုတိယ" အမည်ရတဲ့ သီချင်းနဲ့ ယှဉ်ပြိုင်စေပါတယ်။ ရွေးချယ်ပေးတဲ့ အကြောင်းရင်းကတော့ အကွေ့အဝိုက်နဲ့ ပညာသားပါတဲ့ သီချင်းဖြစ်ပြီး စာသားတွေကလည်း ကရုဏာရသ မြောက်စေတဲ့ သီချင်းဖြစ်လို့ ရွေးချယ်ပေးကြောင်း ပြောကြားခဲ့ပါတယ်။

သီချင်းတွေ သီဆိုယှဉ်ပြိုင်ပြီးတဲ့ အခါမှာတော့ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ ဆက်လက်ဖျော်ဖြေခဲ့ကြပါတယ်။

ဒိုင်အဖြစ် ဆောင်ရွက်သူ ချမ်းချမ်းက သီဆိုဖျော်ဖြေခဲ့ပြီး အဆိုတော်မေဆွိက ဆက်လက်ဖျော်ဖြေခဲ့ပါတယ်။




Myanmar Idol Winner ဆုရရှိသူ စောလားထော်ဝါး ဆုလက်ခံယူစဉ်

မေဆွိရဲ့ သီချင်းဖျော်ဖြေ အပြီးမှာတော့ Life & Dance အဖွဲ့က အကအလှများနဲ့ ဖျော်ဖြေခဲ့ပါတယ်။

ဆက်လက်ပြီး Top 11 ပြိုင်ပွဲဝင်ဖြစ်သူ အောင်တေဇာကျော်၊ ခိုင်သဇင်သင်း၊ Reio၊ စောထက်နိုင်စိုးတို့ သီဆိုအပြီးမှာ နိုင်ငံကျော် အဆိုတော် ဖြူဖြူကျော်သိန်းက ဆက်လက်သီဆို ဖျော်ဖြေခဲ့ပါတယ်။

ဆက်လက်ပြီး Top 11 ဖြစ်သူ အောင်ပြေထွန်း၊ မေကြည်၊ ဇော်မင်းဦး၊ ဆိုဖီယာတို့ကလည်း အသီးသီး တေးသီချင်းများနဲ့ ဖျော်ဖြေခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ ပြိုင်ပွဲဝင် Top 3 တို့က ရင်ခုန်သံစကားတွေကို ပြောကြားခဲ့ကြပြီး အဆိုတော် ဇော်ဝင်းထွဋ်က ဆက်လက်ဖျော်ဖြေခဲ့ပါတယ်။

ပြိုင်ပွဲဝင် ၁၁ ဦး (Top 11) မှ Myanmar Idol ရဲ့ Theme Song ဖြစ်တဲ့ ရဲလေး ရေးသားထားတဲ့ "ပျော်ပါစေ" သီချင်းကို ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နဲ့ သီဆိုဖျော်ဖြေခဲ့အပြီးမှာ Myanmar Idol Winner ဆုကို ကြေညာခဲ့ပါတယ်။

အားလုံးရင်ခုန်လှုပ်ရှားစွာ ကြားလိုက်ရတာကတော့ 'လားလား'လို့ ချစ်စနိုးခေါ်ကြတဲ့ စောလားထော်ဝါးပဲ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးက ချစ်ခင်စွာနဲ့ မဲပေးစနစ်နဲ့ ရွေးချယ်ခဲ့ကြတာ ဖြစ်ပါတယ်။

ပြိုင်ပွဲတစ်လျှောက် သီဆိုယှဉ်ပြိုင်ခဲ့တဲ့ သီချင်းသုံးပုဒ်စလုံး အမှားအယွင်းမရှိ သီဆိုယှဉ်ပြိုင်နိုင်ခဲ့လို့လည်း ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့တယ်လို့ ယူဆမိပါတယ်။ စကားပြောရာမှာ အားနည်းပေမယ့် ရိုးသားတဲ့စကားလုံးလေးတွေ၊ ဖြူစင်ပြီး ချစ်စရာကောင်းတဲ့ အပြုံးလေးတွေကြောင့် မြန်မာပြည်ရဲ့ Myanmar Idol အဖြစ် ရွေးချယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ဆုရရှိ ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်တဲ့ စောလားထော်ဝါးရဲ့ ကျေးဇူးတင်စကားလေးကတော့ "ပထမဦးဆုံး ကျွန်တော်အလွန်ယုံကြည်ကိုးစားခဲ့ရတဲ့ ထာဝရဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ Winner ဖြစ်အောင် ကျွန်တော့်ကိုချစ်ခင်တဲ့၊ အားပေးတဲ့ ပရိသတ်တွေအားလုံး၊ မြန်မာတစ်နိုင်ငံလုံးမှာရော နိုင်ငံခြားမှာရှိတဲ့ ပရိသတ်တွေအားလုံးကိုပါ အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီအစီအစဉ်ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ ဒေါ်နန်းမောက်လောင်ဆိုင်၊ ကိုစိုင်းနဲ့ ကိုအယ်ဒီရယ် အားလုံးပေါ့နော်။ ပြီးတော့ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်ဟု" ပြောကြားခဲ့ပါတယ်။

ဟုတ်ကဲ့။ Myanmar Idol ရွေးချယ်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ ပွဲပြီးဆုံးချိန်ကလည်း နံနက် ၂ နာရီဝန်းကျင်တိုင်ခဲ့ပါတယ်။ Myanmar Idol ပြိုင်ပွဲကို ပြုံးပျော်ခြင်းများနဲ့ အဆုံးသတ်နိုင်ခဲ့ပါပြီ။ Goodnight Myanmar!



စောလားထော်ဝါး၏ သီဆိုဟန်

# ဗဟန်းမြို့နယ်၌ နွေရာသီ မွန်စကားပြော ထူးချွန်ဆုချီးမြှင့်

**ရန်ကုန် ဧပြီ ၉**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူးပြီး နွေရာသီ မွန်စာပေ မွန်စကား၊ အခြေခံမွန်စကားပြောသင်တန်း အောင်မြင်ပြီးမြောက်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့် သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

"ကျွန်တော်တို့ မိခင်ဘာသာဖြင့်တဲ့ မွန်စာပေစကား မပျောက်အောင် ကလေးတွေကို တစ်နှစ်တစ်ခါ တစ်လ နွေရာသီသင်တန်းကို နှစ်စဉ် ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မှာရှိတဲ့ မွန်သားသမီးတွေဖြစ်ပေမယ့် မွန်စကားမတတ်တဲ့လူငယ်တွေ အများကြီးရှိပါတယ်။ အဲဒီကလေးတွေအတွက် အဓိကထားပြီး မွန်စကားသင်ပေတာ ဖြစ်ပါတယ်။ မွန်စာပေသင်ကြားရေး ကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌ နိုင်စိုးကြည်က ပြောသည်။




ယင်းသင်တန်းကို မတ် ၃ ရက်က ဖွင့်လှစ်ခဲ့ပြီး မြို့နယ် ၁၆ မြို့နယ်မှ သင်တန်းသား သင်တန်းသူ ၅၃၈ ဦး တက်ရောက်သင်ကြားပြီး ဗဟိုအဆင့်၌ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းတွင် ကျောင်းသား ကျောင်းသူ ၁၁၁ ဦးအောင်မြင်ခဲ့ပြီး ဆုများကို မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ရွှေရွာသစ်ကျေးရွာ၌ ချေးငွေများ ပြန်လည်ပေးဆပ်

**ရမ်းဗြဲ ဧပြီ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ရွာကြီးအုပ်စု ရွှေရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ချေးငွေများကို တစ်နှစ်ပြည့်၍ အောင်မြင်စွာ ပြန်လည်ပေးဆပ်နိုင်ခဲ့ပြီး နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲကို ဧပြီလပထမပတ်က ရွှေရွာသစ်ကျေးရွာ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မွေး/ကု ဦးစီးမှူး၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးတို့က လုပ်ငန်းပိုင်းဆိုင်ရာများဆွေးနွေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများက မရှင်းလင်းသည်များကိုမေးမြန်း၍ မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

# ရခိုင်ပြည်နယ် မြေပုံမြို့၌ IDP စခန်း ပြောင်းရွှေ့

**မြေပုံ ဧပြီ ၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်၌ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားသောနေအိမ်များအတွက် မြေပုံမြို့ကံသာထွက် ဂရပ်ကွက်အတွင်းရှိ ရခိုင် IDP စခန်းရှိ အိမ်ထောင်စု ၄၀ ကို ရပ်ကွက်ပုံစံ ပြန်လည်နေရာချထားနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြေပုံ အရှေ့ကွင်းကွင်းအမှတ် (၃၉) မြို့ ကွက်သစ်ဖော်ထုတ်သည့်နေရာတွင် နေအိမ်သစ်များ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ဧပြီ ၆ ရက်မှစကာ နေအိမ်သစ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ **(ယာပုံ)**

ဆက်လက်၍ရခိုင် IDP စခန်းမှ အိမ်ထောင်စု ၄၀ ကို ၎င်းတို့၏စားဝတ်နေရေး အဆင်ပြေစေရန်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ရခိုင် IDP စခန်းရှိ အိမ်ထောင်စုဝင်များအား မတည်ထောက်ပံ့ငွေများပေးအပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံမှ အကူအညီရရှိစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဗယ်လင်တိုင်းမှသည် သင်္ကြန်ဆီသို့

**ခင်ဆွေမြင့် (မြန်မာစာ)**

ဖေဖော်ဝါရီလ ၁၄ ရက်နေ့က အချစ်တွေ၊ အပျော်တွေ၊ အမှတ်တရတွေနှင့် လူငယ်တွေ ရင်ခုန်လှုပ်ရှား ပုံဖော်သွားခဲ့ကြသော ဗယ်လင်တိုင်းဒေး (ချစ်သူများနေ့) လှိုင်းဂယက်ကတော့ ခေတ္တမျှ ငြိမ်သက်သွားခဲ့ပါလေပြီ။

ဗယ်လင်တိုင်းဒေး၏ လှုပ်ရှားမှုပုံရိပ်များကြောင့် မြန်မာလူငယ်များ အလှပျက်၊ ဘဝပျက်၊ ကိုယ်ကျင့်တရားပျက်၊ သိက္ခာပျက်ကြရသည်များကို **ခေတ်ပေါ်ဒီရေလှိုင်း ဗယ်လင်တိုင်း** ဟူသော ဆောင်းပါးတစ်ပုဒ်ဖြင့် ကျွန်မကြေးမုံသတင်းစာတွင် ရေးခဲ့ပါသည်။

သတင်းစာတွင်မဖော်ပြမီ ဇန်နဝါရီလ နောက်ဆုံးပတ်လောက်ကပင် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များကိုမေတ္တာရပ်ခံပြီး ဆောင်းပါးများကြိုတင်ဝေငှခဲ့ပါသည်။ မိမိတိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ဆောင်းပါးများ ဖြန့်ဝေပေးပါရန်၊ ဆွေးနွေးဟောပြောပွဲများပြုလုပ်ပေးပါရန်၊ လူကြီးသူမိဘများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန်၊ သက်ဆိုင်ရာဒေသအာဏာပိုင်များကလည်း မိမိဒေသအလိုက် ဟိုတယ်များ၊ တည်းခိုခန်းများမှအစ ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန် အကူအညီ တောင်းခံခဲ့ပါသည်။

**“တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏”** ဟူသော စကားပုံနှင့်အညီပင် တတ်စွမ်းသမျှ ဝိုင်းဝန်းထိန်းသိမ်းခဲ့ကြသောကြောင့် ဗယ်လင်တိုင်းဒေး၏ ဒီလှိုင်းအရှိန်အဟုန်ကို အတော်ပင် ထိန်းနိုင်ခဲ့ကြသည်ဟု ပြန်လည်ကြားသိရပါသည်။ ကျွန်မ အတော်ပင် ပျော်သွားပါသည်။

သို့သော် ကျွန်မ၏အပျော်သည် ရက်ပိုင်းမျှသာ ခံလိုက်ပါသည်။

လူမှုကွန်ရက်စာမျက်နှာ (FB) ပေါ်တွင် ကန်တော်ကြီးစောင်းဟုထင်ရှိရသော မြက်ခင်းပြင်ပေါ်၌ ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် မြင်မကောင်းရှုမကောင်း လဲလျောင်းပွေ့ဖက်နေကြသော ပုံများ တက်လာပါသည်။

သူတို့စုံတွဲ၏ မလှမ်းမကမ်း“ခြေနှစ်လှမ်း သုံးလှမ်းစာလောက်အကွာတွင် ဆယ်ကျော်သက်အရွယ် လူငယ်တစ်ယောက်ကို ရပ်လျက်သားတွေ့ရပါသည်။ နဝေတိမ်တောင်လိုလို၊ ကျီးကြည့် ကြောင်ကြည့်လိုလို၊ ဘာမသိ ညာမသိလိုလို ဓာတ်ပုံအရိုက်ခံလိုက်ရ၍ပဲ မျက်နှာ

> **သင်္ကြန်ဒိုးသံတညံညံ၊ ခေတ်ပေါ်တေးသံတဝုန်းဝုန်းဖြင့် ဆိုသံ ကသံများ ကောင်းကင်ထက်ဘဝဂ်သို့ လျှံဦးမည့် ယခုနှစ်သင်္ကြန်ကိုလည်း ကျွန်မတို့ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်များအားလုံးက ထိန်းထိန်းသိမ်းသိမ်း ဖြတ်သန်းကြရပါဦးမည်**

အထားမတတ်သလိုလို အမူအရာမျိုးနှင့်ဖြစ်ပါသည်။ တကယ်တော့ ယင်းလူငယ်လေးက အဓိက မဟုတ်ပါလေ။ နေ့ခင်းကြောင်တောင် လူမြင်ကွင်း “ကိုယ်နှင့် ခြေနှစ်လှမ်းစာမျှအကွာတွင် လူတစ်ယောက်ရှိနေပါလျက် ဘာကိုမှ မမြင်နိုင်မတွေးနိုင်ပါဘဲ ဒီလိုလူးလည်းလူးလိမ့်ပွေ့ဖက်နေသော ကလေးနှစ်ယောက်ကိစ္စ ဖြစ်ပါသည်။

ဤသို့သောအဖြစ်မျိုး အဘယ်မျှများနေပါမည်နည်း ---

အမျိုးစုံရေးကြသော Comment များထဲတွင်လည်း တည်းခိုခန်းသွားပါလား ဟူသော မဟာအကြံဉာဏ်လည်း တွေ့ရှိရပါသည်။




**ယမန်နှစ် နေပြည်တော်မဟာသင်္ကြန် ရေကစားကြသူများ အတာရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲကြစဉ်**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

သာမန်အားဖြင့်ပင် အရွယ်ရောက်ပြီးသော ယောကျ်ားနှင့်မိန်းမသည် ဆိတ်ကွယ်ရာတွင် နှစ်ယောက်တည်း မနေသင့်သည်ကို လူတိုင်းသိကြပါသည်။ ယခုမူ ဆိတ်ကွယ်ရာလည်းမဟုတ်။ လူမမြင်သူမမြင်လည်း မဟုတ်။ လင်းလင်းရှင်းရှင်း လူမြင်ကွင်းလဟာပြင်တွင်ပင် အခြေအနေများ ဆိုးရွားလွန်းနေခြင်း ဖြစ်ပါသည်။ အပျိုစင်ဘဝကို တန်ဖိုးထားသော ကျွန်မတို့လူမျိုး၏လူမှုကျင့်ဝတ်အရ ဂုဏ်သိက္ခာအရ ချစ်သူရည်းစားပင်ဖြစ်ပါစေ စည်းကမ်းတကျနေကြရပါသည်။ ချစ်သူဘဝတွင် ဘယ်တည်းခိုခန်း၊ ဘယ်ဆိတ်ကွယ်ရာမှ သွားသင့်သည်မဟုတ်ပါ။ လက်ထပ်ပြီ၊ အိမ်ထောင်ပြုပြီဆိုခါမှ အကြင်လင်မယားအဖြစ် တင့်တင့်တယ်တယ် အတူနေထိုင်ကြရသည်။ ဤသည်မှာ ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာအဆင့်အတန်းဖြစ်ပါသည်။ ယနေ့ခေတ်၏ ယခုအခြေအနေမျိုးများမှာမူ မိဘက၊ ဆရာဆရာမက၊ လူကြီးသူမများက၊ ဆရာတော်ကြီးများက ဆုံးမသွန်သင်ရုံနှင့် မလုံလောက်တော့ပါ။ မိဘဆရာသမားများ၏ မျက်ကွယ်တွင် ရဲက ထိန်းပေး၊ တရားဥပဒေက ထိန်းပေးကြရတော့မည် ဖြစ်ပါသည်။

ဥပဒေပညာရှင်တစ်ဦးမဟုတ်၍ ဥပဒေစည်းမျဉ်းများကို ကျွန်မ မတတ်ကျွမ်းသော်လည်း လူမြင်ကွင်းတွင် မဖွယ်မရာ ဝတ်စားဆင်ယင်ပြုမူနေထိုင်သည်များကို ဖမ်းဆီးအရေးယူနိုင်သည်ဟု ကျွန်မ ဖတ်မှတ်ဖူးပါသည်။ ပန်းခြံထဲတွင် မဖွယ်မရာနေထိုင်၍ ရဲဖမ်းသည်ဟူသော သတင်းမျိုးကို ကျွန်မတို့ငယ်စဉ်က သတင်းစာများတွင် မကြာခဏ ဖတ်ခဲ့ရဖူးပါသည်။ ယခုလည်း နယ်မြေရဲများက ရဲရဲတင်းတင်း ထိထိမိမိ အရေးယူဆောင်ရွက်ပေးကြရမည့် အခြေအနေအချိန်အခါသို့ ရောက်ရှိနေပါပြီ။

တက္ကသိုလ်ကောလိပ်များဝန်းကျင်တွင် တည်းခိုခန်းများ ဖွင့်ခွင့်၊ မြေစိုက်တဲများဆောက်ပြီး အောက်တန်းကျကျ ငွေရှာကြသော လုပ်ငန်းများကို မသိကျိုးကျွန်ပြုခွင့်များကို လုံးဝပိတ်ပင်ကြရပါမည်။ မဖွယ်မရာဝတ်စားဆင်ယင်မှုများကို ပြောသင့်ကပြော၊ တားသင့်ကတားကြရပါမည်။

ယခု သင်္ကြန်ရောက်တော့မည်။

ကျွန်မတို့ မြန်မာတစ်မျိုးသားလုံးသည် ချစ်သော၊ လွမ်းသော၊ ပျော်သော၊ အတိတ်ကောင်း နိမိတ်ကောင်းယူသော နှစ်ဦးသင်္ကြန်အခါတော်ကို မျှော်လင့်နေကြပါလေပြီ။

ငုဝါတွေ ဝါဝါဝင်းနေကြပါပြီ။

ငုစပ်များသည်လည်း ပန်းနုရောင်ခြုံလွှာကို တစ်ပင်လုံး ခြုံသိုင်းနေကြလေပြီ။

ခရမ်းရောင် ပျဉ်းမပန်းများသည်လည်း ပွင့်စပြုနေကြပါပြီ။

ပိတောက်ပင်များသည်လည်း ရွက်နုရွက်သစ်များနှင့်အတူ အကိုင်းအဖူးများ ထွက်လာကြပါပြီ။

သင်္ကြန်တေးသံများသည်လည်း မြန်မာနိုင်ငံတစ်ဝန်း လွှမ်းခြုံ၍ နေကြပါလေပြီ။

ကုန်စုံဆိုင်လေးများမှအစ စတိုးဆိုင်လေးများ၊ အလှပြင်ဆိုင်လေးများအလယ် ရွှေငွေရတနာဆိုင်ကြီးများ၊ စူပါမားကတ်ကြီးများအဆုံး ပိတောက်ပန်းခက်များ၊ ငုပန်းခက်များ၊ ပိတောက်ရွက်စိမ်းစိမ်းများဖြင့် ချိတ်ဆွဲဆင်ယင်ထားကြလေပြီ။ မြနန္ဒာသံ၊ တူးပို့သံ၊ ရှာပုံတော်မင်းသားကြီးအသံ၊ အိပ်မက်စေတမန်အသံများဖြင့် ချစ်သောသင်္ကြန်ကို လွမ်းဆွတ်ခြင်း၊ ကြည်နူးခြင်း၊ မျှော်လင့်ခြင်းများဖြင့် ကြိုဆိုနေကြပါလေပြီ။

မြန်မာတစ်မျိုးသားလုံး၏ အသည်းနှလုံးဖြစ်သော **“မြန်မာ့အစဉ်အလာယဉ်ကျေးမှုရတနာ”** ဖြစ်သော သင်္ကြန်ကာလကို ကျွန်မတို့ မည်သို့ဖြတ်သန်းကြပါမည်နည်း။

ကျွန်မတို့သည် ရဟန်းခံရှင်ပြုများ၊ အလှူတော်မင်္ဂလာများ ပြုလုပ်ကြမည်၊ စတုဒိသာကျွေးကြမည်၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ကြမည်။ ဘုရားစေတီများကို ရေသပ္ပာယ်ပူဇော်ကြမည်။ ရာသီစာ မြန်မာမုန့်များ တစ်အိမ်နှင့်တစ်အိမ် ပေးကြဝေကြ ကျွေးမွေးကြမည်။ ဥပုသ်သီတင်း သီလစောင့်ကြမည်။ တရားရိပ်သာများတွင် ကမ္မဋ္ဌာန်းစီးဖြန်း ကြမည်။ ဤသို့သော တန်ဖိုးကြီးသော မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် နှစ်သစ်သင်္ကြန်အခါသမယ၏ပုံရိပ်ကို အစဉ်အလာမပျက် မှုန်းခြယ်ကြဦးမည် ဖြစ်ပါသည်။

ထို့ပြင် ပျော်စရာအကောင်းဆုံးဖြစ်သော သင်္ကြန်ပုံရိပ်ဖြစ်သည့် သင်္ကြန်ရေပက်ကစားခြင်းမှာမူ အထူးခြားအထင်ရှားဆုံးသော ကျွန်မတို့၏နှစ်သစ်ကူး ပုံရိပ်သွင်ပြင်ဖြစ်ပါသည်။ **“အေးချမ်းပါစေ”** ဟူသော ရည်ရွယ်ချက်ဖြင့် သပြေခက်ဖြင့် ပန်းပေါင်းနံ့သာရည် ပက်ဖျန်းခဲ့ကြသော ရှေးမြန်မာမင်းများခေတ်မှသည် တစ်ဖက်သား မခံမရပ်နိုင်နာကျင်အောင် မီးသတ်ပိုက်များဖြင့် ရေပက်ကစားကြသည့် ခေတ်သို့ရောက်ရှိခဲ့ကြသည်။ လုံလုံခြုံခြုံ ထူထူထဲထဲဝတ်ဆင်ပြီး ရေကစားကြသည့်ခေတ်မှ မလုံမခြုံ တိုတိုပြတ်ပြတ် ဟိုက်ဟိုက်ဟက်ဟက် တစ်ဝက်ဖော် တစ်ပိုင်းပေါ်များဖြင့် ရေကစားကြသည့်ခေတ်သို့လည်း ရောက်ရှိခဲ့ကြသည်။ ရွှေရင်အေးသောက်ပြီး ရေကစားကြသည့်ခေတ်မှ ဘီယာသောက်၊ အရက်သောက်၊ မူးယစ်ဆေးဝါးသုံး၊ နောက်ဆုံးကာမရာဂ လှုံ့ဆော်ဆေးများသုံးပြီး ရေကစားကြသည့်ခေတ်သို့လည်း ရောက်ရှိခဲ့ကြသည်။

ကျွန်မတို့၏ မြန်မာ့လူ့အဖွဲ့အစည်းက ဤသို့သော အခြေအနေဆိုးများကို ခေတ်မီသောဂုဏ်ကျက်သရေရှိသော ယဉ်ကျေးမှုပစ္စည်းအဖြစ် လက်သင့်မခံခဲ့ကြသည်မှာ ကျွန်မတို့ကံကောင်းပါသေးသည်။ သက်ဆိုင်ရာတာဝန်ရှိသူများ၏အကူအညီများဖြင့် နားနေခန်းတွဲဖွင့်သောမဏ္ဍပ်များ၊ အရက်သေစာမူးယစ်ဆေးဝါး ရောင်းချသုံးစွဲမှု၊ မဖွယ်မရာဝတ်စားဆင်ယင်မှု၊ ရေပက်ကြမ်းတမ်းမှု၊ ဆွဲလားရမ်းလားမှုစသည်များကို တားဆီးပေးခဲ့ကြသည်။ လူမှုကွန်ရက်စာမျက်နှာများ၊ သတင်းစာများ၊ စာစောင်များ၏စာမျက်နှာများမှနေ၍ ပြစ်တင်ရှုတ်ချ ဆုံးမလမ်းညွှန်သွန်သင်ခြင်းများစွာတို့ကြောင့်လည်း **“ချစ်သောသင်္ကြန်”** ကို အတော်ပင် ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

သင်္ကြန်ဒိုးသံတညံညံ၊ ခေတ်ပေါ်တေးသံ တဝုန်းဝုန်းဖြင့် ဆိုသံကသံများ ကောင်းကင်ထက်ဘဝဂ်သို့ လျှံဦးမည့် ယခုနှစ်သင်္ကြန်ကိုလည်း ကျွန်မတို့ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်များအားလုံးက ထိန်းထိန်းသိမ်းသိမ်း ဖြတ်သန်းကြရပါဦးမည်။

ဗယ်လင်တိုင်းဒေးကို ထိန်းခဲ့ကြသကဲ့သို့ မြက်ခင်းပေါ်က ကလေးနှစ်ယောက်လို အတွဲမျိုးများ မပေါ်ထွက်လာဖို့အတွက် တည်းခိုခန်းများ၊ ဟိုတယ်များ၊ မိုတယ်များ၊ အင်းပိုင်ရှင်များက သားသမီးချင်းစာနာစိတ်ဖြင့် ပိုက်ဆံရလျှင်ပြီးရော သဘောထားပြီး အလှူကြီးမပေးကြပါရန်၊ မိဘမောင်နှမ ဒွေးတော်မိကြီး ဆရာ ဆရာမများက လူငယ်များအား မျက်ခြည်ဖြတ်မထားကြပါရန်၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသအမိန့်များဖြင့် ကာကွယ်ကြပါရန်၊ ပါဝင်ဆင်နွှဲကြမည့် သားများ သမီးများ၊ မောင်များညီမများကလည်း မိမိဘဝ၊ မိမိကိုယ်ခန္ဓာကိုတန်ဖိုးထားပြီး သန့်သန့်စင်စင် ပျော်ရွှင်ကြပါရန်၊ ပြည်သူတို့စုံထားချစ်ခင်ကြရသော ရုပ်ရှင်ဂီတသဘင် မော်ဒယ်အနုပညာရှင်များကလည်း ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာ့သင်္ကြန်ပုံရိပ်ကို နိုင်ငံတကာက လေးစားတန်ဖိုးထားလာအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန် သင်္ကြန်ခံစားမှု အပြည့်အလျှံဖြင့် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**“ကုံကော်ရင်ခတ်၊ ပင်တိုင်းညွတ်လျက်**
**ပွင့်ဝတ်ဝေဝေ၊ တောင်လေသုတ်ဖြူး**
**လတန်ခူးကို၊ မြူးထူးပျော်ရွှင်**
**တာသဘင်ဝယ်၊ ဆင်ယင်တုပ**
**လွ-ရွှတည့်၊ ငြိမ့်မျှစောင်းငြင်း**
**အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ**
**ရေသီတာဝယ်၊ စမ္ပာကရမက်**
**ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်**
**မွှေးမျိုးထည့်ကာ၊ လည်လှည့်ဆူလှယ်**
**တင့်စံပယ်လျက်၊ မြူးရယ်ရွှင်အား**
**လွန်ပျော်ပါးသည်၊ ကစားထုံရည်ဖျန်းတည့်လေ။ ။**
**ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေး။ ။”**

ဆည်သည်ရွာစား ဦးအောင်ကြီး၏ အင်းဝခေတ် ရေနန်းသဘင်ဘွဲ့ကပ် လူးတားကဗျာဖြင့် သင်္ကြန်လက်ဆောင်ပေးအပ်ပါသည်ရှင်။

## မန္တလေးမြို့တော် မဟာသင်္ကြန် အနုပညာရှင်များ လာရောက်ဖျော်ဖြေမည်

**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်မဏ္ဍပ်ကို ယခုနှစ်တွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဟု အမည်ပြောင်းထားပြီး ကျုံးတောင်ဘက် ၂၆ လမ်းပေါ်ရှိ ဗဟိုမဏ္ဍပ်ဖြစ်သော မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကို ယခုနှစ်တွင် တစ်မူထူးခြားစွာ ဥဒေါင်းငှက်ပုံသဏ္ဌာန်ဖြင့် လှပစွာဖော်ကျူးထားကာ အနုပညာနယ်ပယ်များမှ အနုပညာရှင်များကလာရောက်၍ စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။

မဟာသင်္ကြန်ကာလတွင် ယာဉ်မောင်းသူများ၊ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးနှင့် တားမြစ်ဆေးဝါးများသောက်သုံးခြင်းမှ ရှောင်ကြဉ်ကြရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

✳ *ကျောဖုံးမှ*

ကျွန်တော်တို့ကကျန်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ စနစ်ကြောင့်။ တိုင်းပြည်ရဲ့စက်မှုကဏ္ဍတိုးတက်မှုမှာ အများကြီးကျန်ခဲ့တယ်။ ဟိုခေတ်က ဈေးကွက်စီးပွားရေးစနစ်ကို ဦးမတည်တော့ စီးပွားရေးကဏ္ဍမှာ မအောင်မြင်ဘူး။ မအောင်မြင်တော့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေလုံးဝပျောက်သွားတယ်။ စက်မှုလုပ်ငန်း မဖွံ့ဖြိုးသလို တိုင်းပြည်ရဲ့စီးပွားရေးလည်း ကျဆင်းလာခဲ့တယ်။ အစိုးရအသစ်ရောက်လာပြီ၊ အတွေးအခေါ်အမြင်အသစ်တွေအားလုံးပြောင်းမယ်။ ပြောင်းလဲမှုကို ပြည်သူလူထုကလည်းလိုလားတယ်။ ကျွန်တော်တို့ကလည်း ပြည်သူထဲက ပြည်သူပဲ။ ပြည်သူနဲ့ တစ်သားတည်း နေပြီးတော့ သူတို့ရဲ့ အခက်အခဲတွေကို ပူးပေါင်းဆောင်ရွက်လိုက်လို့ရှိရင် တိုင်းပြည်ရဲ့ အနာဂတ်ဟာ စက်မှုကိုအခြေခံပြီးတော့ အမြန်ဆုံးဖွံ့ဖြိုးတိုးတက် လာမယ်လို့မျှော်လင့်ပါတယ်။

**မေး ။ အခုဝန်ကြီးဌာနတိုင်းမှာ အကောင်အထည်ဖော်နေတဲ့ ပြုပြင်ပြောင်းလဲမှု ပထမခြေလှမ်း ရက် ၁၀၀ အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဘယ်လို ပြုပြင်ပြောင်းလဲမှုတွေ လုပ်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲတဲ့နေရာမှာ ပြည်သူကလိုချင်တဲ့ ပြောင်းလဲမှုကို အစိုးရအဖွဲ့သစ်က ဖြည့်ဆည်းပေးနိုင်ပါ့မလားဆိုတာကို သံသယလေး အနည်းငယ်ရှိနေပါတယ်။ ဘာလို့လဲဆိုတော့ လူတွေအကုန်လုံးပြောင်းသွားပြီ။ ပြုပြင်ပြောင်းလဲမှုလုပ်ပါလို့ ပြည်သူတွေကလည်း လိုလားနေကြတော့လုပ်ရပါမယ်။ အခု အစိုးရအသစ်ရဲ့ ရည်မှန်းချက်က အမြန်ဆုံးအကောင်အထည်ဖော်ဖို့ နိုင်ငံတကာ ကျင့်သုံးတဲ့အတိုင်း ရက် ၁၀၀ အတွင်းမှာ ထိရောက်အောင်မြင် ဖြစ်ထွန်းမှုရလဒ်ကို ရက် ၁၀၀အတွင်း အကောင်အထည်ဖော်ပြီးသွားရင် ခြောက်လအတွင်းမှာ တစ်ခုထွန်းထွန်းပေါက်ပေါက်ဖြစ်ရမယ်။

တစ်နှစ်အတွင်းမှာလည်း လုံးဝမှတ်ကျောက်တင်ရမယ့် အောင်မြင်မှုလိုချင်တယ်။ အဲဒါမျိုးတွေရဖို့အတွက်က ကျွန်တော်တို့က အားသွန်ခွန်စိုက် လုပ်ရပါမယ်။ လုပ်ဖို့အတွက်ကို Plan ချရပါမယ်။ ရက် ၁၀၀ အတွက် ကျွန်တော်တို့ဝန်ကြီးဌာနက Plan ချထားပါတယ်။

ရက် ၁၀၀ Plan၊ ခြောက်လ Plan၊ တစ်နှစ် Plan စသည်ဖြင့် ရက် ၁၀၀ အတွင်းမှာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ် ကိုးချက်ချထားပါတယ်။ ဒီကိုးချက်နဲ့ စပြီးတော့ အကောင်အထည်ဖော်ပါမယ်။ နောက် တစ်ခုက လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရမယ်။ အဲဒါကတော့ အဓိကကျတယ်။ ဘာလို့လဲဆိုတော့ လူမပါရင် ဘာမှမပြီးနိုင်ဘူး။

ဒီလုပ်ငန်းအောင်မြင်ဖို့က လူထုနဲ့ တစ်သားတည်းနေပြီးတော့ သူတို့ကထွက်လာမယ့် စွမ်းအားတွေကို အသုံးချရမှာဖြစ်ပါတယ်။ စနစ်တကျအသုံးချနိုင်ရင် အောင်မြင်မယ်။ ပြည်သူလူထုရဲ့လိုအပ်ချက်ကို တစ်ခါတည်း အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ဖို့ ဦးစားပေးဆောင်ရွက်မှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာရင် လူတွေရဲ့ လူမှုစီးပွားရေးတွေဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။ ပုဂ္ဂလိကနဲ့ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ပုဂ္ဂလိကနဲ့ အရင်ကပူးပေါင်းခဲ့ပါတယ်။ ဒါပေမယ့် နည်းစနစ်ချင်းက တူမှာမဟုတ်ဘူး။

ပြည်သူထဲဝင်ပြီးတော့ ထဲထဲဝင်ဝင်ပြည်သူရဲ့ လိုအပ်ချက်ကို တကယ်သိရှိခံစားဖို့လိုပါတယ်။ ခံစားမှုကို အမှန်တကယ်သိမှ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။ အရင်လိုတင်ပြစာတွေဆိုတာက နောက်ကျနေပြီ။ တိုးတက်လာတဲ့ IT နည်းပညာနဲ့ ဖြစ်ပျက်နေတာကို ချက်ချင်းသိအောင်လုပ်မယ်၊ ချက်ချင်း အကောင်အထည်ဖော်မယ်။ အခုပြောရင် မနက်ဖြန်ပြီးအောင်လုပ်မယ်၊ အဲဒီလိုဖြစ်အောင်လုပ်မယ်။

အဲဒီအတွက်လိုအပ်တဲ့လူတွေ ဖြည့်ဆည်းရပါမယ်။ ဒါတွေကို ဆောင်ရွက်တဲ့အခါမှာ စွမ်းအင်ချွေတာဖို့၊ သဘာဝပတ်ဝန်းကျင် မပျက်စီးဖို့၊ တိုးတက်ဖွံ့ဖြိုးတာရေရှည်ဖြစ်ဖို့လိုတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေလည်း ပြုပြင်ပေးရမယ်။ ဥပဒေတွေကတားမြစ်ချက်တွေသိပ်များနေတယ်။ ပြည်သူလူထုကို ဖိနှိပ်တဲ့ဥပဒေဖြစ်လို့မရဘူး။

အထူးသဖြင့် အခွန်အခတွေ၊ မလိုအပ်တဲ့ဟာတွေ ပြုပြင်ဖို့လိုတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းတွေလည်း အများကြီးရှိတယ်။ အစိုးရဟောင်းကတည်းက လုပ်လာခဲ့တာတွေ။ အဲဒါတွေကိုလည်းကျွန်တော်တို့က ပစ်ပယ်လို့မရဘူး။ အဲဒီထဲမှာ ပြည်သူလူထုတွေအတွက် အကျိုးရှိတဲ့ဟာတွေကို ရွေးထုတ်ပြီးတော့ အမြန်ဆုံးဆောင်ရွက်မယ်။ နောက်ပြီးတော့ တိုးတက်မှု ရှိ/ မရှိကိုတော့ ပြည်သူလူထုက အဖြေပေးမှာပါ။ ကျွန်တော်တို့ ဘယ်လောက်လုပ်လုပ် ပြည်သူလူထုမကြိုက်ရင် မအောင်မြင်နိုင်ပါဘူး။ အခုတော့ နိုင်ငံတကာက ပြောင်းလဲမှုဖြစ်အောင် ကူညီအားပေးဖို့ကိုလည်း ကဏ္ဍစုံက လာနေကြပြီ။ ကျွန်တော်တို့ဘက်က အသင့်မဖြစ်သေးဘူး။ အသင့်ဖြစ်ဖို့လူ့စွမ်းအားအရင်းမြစ်တွေလိုနေတယ်။

လယ်ယာစိုက်ပျိုးရေး၊ အစားအသောက်၊ စက်ရုံနဲ့ ဆိုင်တာကတော့ ဆေးဝါးတွေ၊ ကျန်းမာရေးအတွက် စောင့်ရှောက်တာတွေ၊ ဆေးအသစ်တွေ၊ မြွေဆိပ်ဖြေဆေးအသစ်တွေစသည်ဖြင့် နိုင်ငံတကာက အကူအညီတွေအများကြီးလာပါတယ်။ အဲဒီအကူအညီတွေကို မိမိရရဆုပ်ကိုင်မိမှအကျိုးရှိမှာပါ။ ဆောင်ရွက်ဆဲ စီမံကိန်းတွေကိုလည်း အပြီးသတ်အောင် ဆက်လုပ်မယ်။ အတားအဆီးဖြစ်နေတဲ့ ဥပဒေတွေနဲ့ လုပ်ထုံးလုပ်နည်းတွေကိုဖြေလျှော့ပေးရမယ်။ အဲဒါတွေကို ပြန်ပြင်ရမယ်။ အဲဒီဥပဒေတွေကို တစ်ယောက်တည်းလုပ်လို့မရဘူး။ အစိုးရဌာန အဖွဲ့အစည်းအချင်းချင်း အားလုံးညှိနှိုင်းရမှာဖြစ်ပါတယ်။ ကိုယ်တိုင်လည်း ခံစားနေရပါတယ်။

BPI ဆေးထုတ်ကြတယ်။ လူတိုင်းကလည်း BPI ဆေးဆိုတာ အာနိသင်ရှိတာကိုသိပါတယ်။ ထုပ်ပိုးမှုစနစ်ကတော့ မလှပါဘူး။ ဒီလိုထုတ်ထားတဲ့ ဆေးတွေကို အရင်တုန်းက ပွင့်လင်းမြင်သာမှုမရှိတဲ့ ဖြန့်ဖြူးရောင်းချခြင်းရှိနေတယ်။ သူတို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေပဲ ကိုယ်စားလှယ်ရပြီးတော့ ဆေးတွေကို ဦးစီးချုပ်ကိုင်ထားတဲ့အတွက် လိုရာကိုမရောက်ဘူး။

အဲဒီစနစ်ကို ဖယ်တော့မယ်။ တကယ်တော့ ပြည်သူလူထုရဲ့ အကြိုက်ပဲလုပ်ပေးရမယ်။ ဆေးဝါးစက်ရုံတွေလည်းပြင်မယ်။ ဆေးထုပ်ပိုးမှုတွေလည်းပြင်မယ်။ အခုဆိုလည်း အသည်းရောင်အသားဝါ ဘီပိုးဆေးတွေလည်း ထုတ်နေပါပြီ။ လုပ်ထားပြီးသားတွေကို မရောင်းရတဲ့အတွက်၊ ထုပ်ပိုးမှုညံ့ဖျင်းတဲ့အတွက် ဒါတွေက ပိုနေတယ်။ လိုရာလည်းမရောက်ဘူး။ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းလုပ်ဆောင်ရင် အကျိုးရှိထိရောက်တဲ့ အောင်မြင်မှုရလဒ်ကို ရရှိမှာဖြစ်ပါတယ်။

ရက် ၁၀၀ အတွင်းမှာတွေ့ရမယ်၊ တစ်နှစ်အတွင်းမှာဆိုရင် တိုင်းပြည်အတွက် အထူးအောင်မြင်တဲ့ သံမဏိတွေထွက်လာမယ်။ လယ်ယာထွက်ကုန်တွေ ထွက်လာမယ်။ တန်ဖိုးမြင့် စားသောက်ကုန်တွေ ထွက်လာမယ်။ ဆေးတွေအရည်အသွေးမြင့် ကောင်းမွန်လာမယ်။ လူနေမှုအဆင့် မြင့်လာမယ်လို့ပြောလိုပါတယ်။

**မေး ။ လက်ရှိအချိန်မှာ စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ အကြီးစားနဲ့ အသေးစား စက်ရုံတွေအားလုံးနီးပါးဟာ စွမ်းအားပြည့်မလည်ပတ်နိုင်တာတွေ၊ စက်ရုံတွေကထုတ်တဲ့ စက်မှုထုတ်ကုန်တွေဟာ အရည်အသွေးပိုင်းရော ဈေးကွက်ပိုင်းပါ ယှဉ်ပြိုင်နိုင်စွမ်း အလွန်နည်းတာကြောင့် စီးပွားရေးတွက်ခြေမကိုက်ဘဲ အရှုံးပေါ်နေတယ်လို့ကြားသိရပါတယ်။ ဒါတွေကို ဘယ်လို စီမံဆောင်ရွက်သွားမှာလဲ။**

ဖြေ ။ နိုင်ငံပိုင်စက်ရုံတွေက ဝန်ထမ်းတွေရဲ့အုပ်ချုပ်ပုံစနစ်က ထိန်းချုပ်မှု လျော့နည်းတာတွေရှိပါတယ်။ ဆိုလိုတာက တီထွင်ဆန်းသစ်မှုကို အားမပေးဘူး။ အချို့ဟာတွေက ကြိုတင် Plan ချတာ နည်းနည်းမှားသွားတာတွေရှိတယ်။ အဲဒါတွေက အသုံးမလိုဘူး။ အသုံးမလိုတာတွေ ပုံနေပြီးတော့ ဝန်ထုပ်ဝန်ပိုးတွေ အများကြီးဖြစ်နေတယ်။ အဲဒီဝန်ထုပ်ဝန်ပိုးတွေကို ဖြေလျှော့ရမှာဖြစ်ပါတယ်။

အစိုးရမှာဖြစ်နေတာက ခန့်မှန်းတွက်ချက်မှုတွေ နည်းနည်းပါးပါးလျော့ရဲတော့ ဈေးကွက်တွေကို အချိန်မီရောက်မလာဘူး။ ရောက်လာတာတွေကိုလည်း သူ့နေရာနဲ့သူ နေရာတကျမထိန်းသိမ်းနိုင်ဘူး။ ထုတ်လုပ်မှုမှာ ချက်ချင်းမသုံးနိုင်ဘူး။ ထားရင်းနဲ့ ပျက်စီးကုန်တာတွေရှိတယ်။ အခုအစိုးရသစ်လက်ထက်မှာ သိုလှောင်ထားတာ မလိုချင်ဘူး။ ပေးရင်ယူမယ် ချက်ချင်းထုတ်မယ်။ လူတွေလည်းညီမျှရမယ်။ တကယ့်ပညာရှင်ကျွမ်းကျင်သူတွေကို သူ့နေရာနဲ့သူ လူမှန်နေရာမှန်ဖြစ်ဖို့လိုတယ်၊ အဲဒီလိုချပေးနိုင်ရင် လေလွင့်ဆုံးရှုံးမှုတွေလျော့သွားမယ်။



၂၀-၃-၂၀၁၆ ရက်က တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)၌ ဒုတိယအဆင့် စက်ရုံစမ်းသပ်လည်ပတ်ခြင်း သံရည်ကျိုသွန်းလောင်းမှုကို တွေ့ရစဉ်

ထုတ်လုပ်မှုကုန်ကျစရိတ်က အဲဒီအထဲမှာ တော်တော်များများပါပါတယ်။ ကုန်ကျစရိတ်ကို လျှော့နိုင်ရင် အကျိုးအမြတ်ဘက်က နည်းနည်းတက်လာမယ်။ အလေအလွင့် ဆုံးရှုံးမှုကိုကာကွယ်ရမယ်။ ပစ္စည်းစတင်ဝယ်ယူရေးကနေ စတင်ပြီးတော့ ထုတ်လုပ်သည့်အထိ လူတွေကအချိန်ကို အကျိုးရှိရှိသုံးလို့ရှိရင် အလေအလွင့်နည်းမယ်။ ထုတ်ကုန်ပစ္စည်းကလည်း အရည်အသွေးမီရမယ်။ အရည်အသွေးမီဖို့လည်း နည်းပညာလိုတယ်။ နည်းပညာဖွံ့ဖြိုးရေးဌာနတွေဖွင့်မယ်။ လေ့ကျင့်ခန်းတွေပေးမယ်။ ပေးတဲ့လေ့ကျင့်ခန်းတွေကလည်း ထိရောက်တာတွေဖြစ်ရမယ်။

ထုတ်လုပ်မှု အရည်အသွေးကလည်း ပို၍တိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အရည်အသွေးထိန်းသိမ်းရေးဌာနက ရှိပြီးသားဖြစ်ပါတယ်။ အရည်အသွေးထိန်းချုပ်ရေးဌာနက ပြည့်ပြည့်ဝဝမဆောင်ရွက်ကြဘူး။ အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုတွေရှိတယ်။ ချက်ချင်းအချိန်မဆိုင်း ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင်လုပ်လို့ရှိရင် ဆုံးရှုံးမှုတွေအကုန်လျော့သွားမယ်။ ထုတ်လုပ်မှုကလည်းကောင်းမယ်၊ အရည်အသွေးကလည်း ပြည့်မယ်ဆိုရင် သုံးစွဲတဲ့သူဘက်ကလည်း စိတ်ချလက်ချသုံးရဲတယ်။ အစိုးရဝန်ကြီးဌာနဆိုပြီးတော့ အသာစီးယူလို့ မရဘူး၊ ပုဂ္ဂလိကနဲ့ အတူတူပဲ။

**မေး ။ ပုဂ္ဂလိကကို လုပ်ပိုင်ခွင့်မပေးဘဲ အစိုးရက ဗဟိုဦးစီးစနစ်နဲ့ ချုပ်ကိုင်လုပ်ဆောင်ခဲ့တာကြောင့် စက်မှုကဏ္ဍနိမ့်ကျခဲ့တာလို့ ပညာရှင်တွေက ထောက်ပြ ပြောဆိုနေကြပါတယ်။ ဒါကြောင့် စက်မှုကဏ္ဍမှာ ပုဂ္ဂလိကကဏ္ဍက ဘယ်လောက်အတိုင်း အတာအထိ လုပ်ပိုင်ခွင့်ရဖို့ စီမံထားပါသလဲ။**

ဖြေ ။ နောက်တစ်ခုက ထွက်လာတဲ့ပစ္စည်းကို ဈေးကွက်က ကြိုက်ရမယ်။ ဈေးကွက်လိုအပ်တဲ့ပစ္စည်းဖြစ်ရမယ်၊ marketing survey ကျွန်တော်တို့မှာမရှိဘူး။ market survey မရှိတဲ့အတွက် ကိုယ်ထင်ရာကိုယ်ထုတ်တယ်။ function တစ်ခု လူတစ်ယောက်ကို ချပေးလိုက်မယ်၊ ဒီနေ့ဒါထုတ်ဆိုထုတ်ရမယ် အရည်အသွေး မီ မမီကို မသိတော့ဘူး။ အဲ့ဒါတွေကို ပြင်ရမှာပေ့ါ။

ဈေးကွက်လိုအပ်ချက်အတိုင်း market ဒီဇိုင်းထုတ်မယ်။ ကိုယ်ထုတ်မယ့်ပစ္စည်းကို ပြည်သူလူထုသိအောင်လုပ်မယ်။ လူထုကြားမှာ ကျယ်ပြန့်အောင် မီဒီယာကတစ်ဆင့်သိအောင်လုပ်ရင် ပိုပြီးကျေနပ်ကြမယ်။ ပြည်သူလူထုက လိုချင်တာတွေ ဈေးကွက်က ရမယ်ဆိုရင် တိုင်းပြည်တိုးတက်မယ်။ reject တွေ ဘာတွေလုပ်မယ်ဆိုရင်တော့ နံပါတ်(၁)ကတော့ ပြည်သူ့စိတ်ကြိုက် ကျွန်တော်တို့လုပ်ပေးပါမယ်။ စက်မှုကဏ္ဍမှာဆိုရင် သူ့အောက်မှာ နိုင်ငံပိုင်ကုန်ထုတ်လုပ်ငန်းတွေရှိတယ်။ စက်ရုံကြီးတွေရှိတယ်။ စက်မှုကဏ္ဍလုပ်ဖို့အတွက် ပံ့ပိုးပေးမယ့် တကယ့်ထောက်တိုင်တွေ၊ မဏ္ဍိုင်တွေအဖြစ်နဲ့ ပူးတွဲကဏ္ဍစက်မှု SME လေးတွေကို အမှီပြုပြီး နိုင်ငံပိုင်စက်ရုံတွေပူးပေါင်းပြီး ပြည်သူလူထုကြိုက်တဲ့ ဗျူဟာချပေးရမယ်။ အဲ့ဒီဗျူဟာတွေကနေ SME တွေကို မူဝါဒပြုပြင်ပေးရမယ်။ အခုချထားတဲ့ မူဝါဒတွေသည် ပြည်သူ့ဗဟိုပြုတာ နည်းနည်း နည်းတယ်ပေ့ါ။ ပြည်သူရဲ့ အကြိုက်ဖြစ်အောင် လက်တွေ့ကို အခြေခံသောမူဝါဒချရမယ်။

အဲဒီလက်တွေ့ကို အခြေခံတဲ့ မူဝါဒအတိုင်း ထုတ်လုပ်တဲ့အခါမှာ ရလဒ်ကဘာလဲ၊ ထိရောက်မှုရှိရဲ့လားဆိုတာ အမြဲတမ်းစောင့်ကြည့်ပြီးတော့ ပြည်သူရဲ့ feedback ကိုပြန်ယူမယ်။ ပြီးတော့ မီဒီယာလောကသိပ်အရေးကြီးတယ်။ ကောင်းတာ မကောင်းတာ ဆုံးဖြတ်တာသည် ပြည်သူတွေနဲ့ပဲဆိုင်တယ်။

ရှိပြီးသားမူဝါဒတွေကို လိုအပ်တာတွေ ထပ်ဖြည့်မယ်။ ဒါဆိုရင် ကဏ္ဍကြီးကလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သွားမယ်လေ။ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကယှဉ်တွဲပြီးလုပ်မယ်။ လုပ်တဲ့အခါမှာ နိုင်ငံပိုင်စက်ရုံက ထုတ်တာနဲ့ ပုဂ္ဂလိကထုတ်တဲ့ဟာ ယှဉ်ပြိုင်ပြီးရောင်းချမယ်။ အစိုးရကထုတ်တဲ့ဟာပဲ ယူရမယ်လို့ ပြောလို့မရဘူး။ ပြည်သူလူထုကပဲဆုံးဖြတ်ရမယ်။ ယှဉ်ပြိုင်နိုင်စွမ်းရှိရမယ်။ ပုဂ္ဂလိကပစ္စည်းအရည်အသွေး ညံ့ရင်လည်း သူတို့ရှုံးမှာပဲ။ သူတို့ရှုံးရင် ကျွန်တော်တို့လည်း ရောင်းလို့ မရဖြစ်မယ်။

အဲဒီတော့ အဲဒီလိုမဖြစ်အောင် တစ်ယောက်နဲ့တစ်ယောက်နဲ့ ညှိနှိုင်းဖို့ ပူးပေါင်းဆောင်ရွက်ဖို့လိုတာပေ့ါ။ ပူးပေါင်းတဲ့အခါမှာလည်း သူတို့ကို နည်းပညာတွေပေးရမယ်။ လိုအပ်တဲ့ အထောက်အပံ့တွေပေးရမယ်။ အခု ကျွန်တော်တို့ လုပ်နေတာသည် SME က တကယ့်ကို အကျိုးရှိရှိယူနိုင်ပြီး အသုံးချနိုင်ရမယ်။ ရာနှုန်းပြည့်ရနိုင်ရမယ်။ ပေးတာတွေသည် အဟောသိကံမဖြစ်ဘူး။ လုပ်ဖို့လည်း အစီအစဉ်ချထားပြီးသွားပြီ၊ အားလုံးစီစဉ်ပြီးသွားပြီ။

**မေး ။ နိုင်ငံရဲ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စက်မှုထုတ်ကုန်တွေ တိုးမြှင့်ထုတ်လုပ်နိုင်အောင်လက်ရှိအခြေအနေမှာ ဘယ်လိုလုပ်ဆောင်နေပါသလဲ။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပါသလား။ ရှိတယ်ဆိုရင် ဘယ်လို အမျိုးအစားတွေမှာ ပူးပေါင်းလုပ်ဆောင်နေပါသလဲ။**

ဖြေ ။ ကျွန်တော်တို့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေတာလည်း အခုမှမဟုတ်ဘူး။ အရင်အစိုးရလက်ထက်ကလည်းရှိခဲ့ပါတယ်။ SME JV တွေ လုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ မနေ့တစ်နေ့ကပဲ အစိုးရသစ်ကို နိုင်ငံတကာသံရုံးတွေက ဆက်တယ်။ သူတို့က ဘာပေးရမလဲမေးပြီး သူတို့ဘက်က လိုအပ်ချက်တွေ တောင်းဆိုလိုက်တယ်။ သိပ်သေးတာလေးတွေက လက်မှုပညာပါတယ်။ လူပါရတဲ့အလုပ်၊ အဲဒါမျိုးကျတော့ နိုင်ငံခြားမှာမလုပ်ကြဘူး။ လူခကဈေးကြီးတာကိုး။

အဲဒါကြောင့် labour charges မများတဲ့ မော်တော်ကားအင်ဂျင်တွေ လုပ်တာလိုမျိုးတွေ။ အဲဒါမျိုး

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

*စာမျက်နှာ ၈ မှ*

တွေတော့ ကမ်းလှမ်းထားတာရှိတယ်၊ အဲဒါတွေလည်း စမယ်၊ SME တွေမှာလည်း အိမ်တွင်းမှုလုပ်ငန်းသာသာ ပဲရှိတယ်။ ဒါပေမယ့် အရည်အသွေးကိုတော့ အတိအကျ စစ်ပြီး ဆက်တိုက်ကောင်းအောင် ဆက်ကြိုးစားရမယ်။ နည်းပညာတွေကို ချိတ်ဆက်ပေးမယ့် ဝန်ကြီးဌာန အချင်းချင်းညှိပေးရမယ်။ import မှာလည်း ကျွန်တော် တို့ဆီမှာ ဂျူတီကအစ အများကြီး ပေးရတာရှိခဲ့တယ်။ အခုနောက်ပိုင်း export ပါ လုပ်မယ်ဆိုရင် သူများနိုင်ငံ တွေမှာတော့ အခွန်တွေကို ရှောင်ခွင့်ပေးတယ်။

ဒီမှာလည်း ဒါမျိုးလုပ်နိုင်ဖို့ အစိုးရအဖွဲ့ အစည်း နဲ့ ညှိရမယ်။ ညှိပြီးတော့ လူတွေမနစ်နာမယ့်၊ တိုင်းပြည် အတွက်လည်း အကျိုးရှိမယ့်၊ မျှတမယ့်နှုန်းတွေ သတ်မှတ်ဖို့ရှိပါတယ်။ အကြမ်းလည်းလျာထားပြီးပြီ။ အစိုးရသစ်ကိုတော့ ပြန်ပြီးတော့ညှိနှိုင်းဖို့လိုသေးတယ်။ ညှိနှိုင်းပြီးရင်တော့ မကြာခင်ထွက်လာမှာပါ။ အဲဒါကို လုပ်နိုင်ရင်တော့ ပြည်သူကိုဗဟိုပြုတဲ့ တကယ်ကို ထိရောက်တဲ့ ပြောင်းလဲမှုတွေဖြစ်လာမယ်။

ကျွန်တော်တို့ အခုလက်ရှိ လုပ်နေတာက တော့ သံမဏိစက်ရုံ တကယ့်အကြီးစားကြီးတွေ၊ စက်ရုံ တွေမှာ မရှိမဖြစ်လိုအပ်တဲ့သံပေါ့။ သံတွေကို ကျွန်တော် တို့ အိမ်တွင်းမှုကနေ စက်ရုံတွေမှာလုပ်တဲ့အဆင့်အထိ တည်ဆောက်နေပြီ၊ ပြီးတော့မယ်။ အရင်အစိုးရ ကတည်းကလုပ်ထားခဲ့တာ။ အာဆီယံနိုင်ငံတွေထဲမှာ ထိုင်းနိုင်ငံဆိုလည်း တတ်နိုင်တယ်။ တရုတ်ဆိုလည်း တတ်နိုင်တယ်။ သူတို့ဆီကစက်ရုံကြီးတွေက သူတို့အနေ နဲ့ ရှင်သန်ဖို့သိပ်မလွယ်တော့ဘူး။ အခုတော့ ကျွန်တော် ဖိတ်ခေါ်လိုက်ရင် သူတို့လာမယ်။

# အစိုးရအသစ်ရဲ့ ရည်မှန်းချက်က အမြန်ဆုံးအကောင်အထည်ဖော်ဖို့ နိုင်ငံတကာကကျင့်သုံးတဲ့အတိုင်း ရက် ၁၀၀ အတွင်းမှာ ထိရောက်အောင်မြင် ဖြစ်ထွန်းမှု ရလဒ်ကို ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ပြီးသွားရင် ခြောက်လအတွင်းမှာ တစ်ခု ထွန်းထွန်းပေါက်ပေါက် ဖြစ်ရမယ်။

နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်တဲ့ ရေရှည် တည်တံ့ခိုင်မြဲမယ့် အခြေအမြစ်တွေကို တည်ဆောက်ပြီး တော့ သေးသေးမွှားမွှားပစ္စည်းတွေ အကုန်လုံးက ကျွန်တော်တို့ လုပ်စရာမလိုတော့ဘူး။ အိမ်တွင်းစက်မှု လုပ်ငန်းလေးတွေကို အခြေခံတဲ့လုပ်ငန်းတွေကို ကျန်းမာရေးနဲ့ကိုက်ညီတဲ့ conservation တွေလုပ်ဖို့ သူတို့ မှာရှိတဲ့နည်းပညာတွေကို ဖြန့်ဝေဖို့၊ ကျန်းမာရေး စစ်ဆေးမှုတွေလုပ်ဖို့လိုအပ်ပါတယ်။

**မေး ။ နောင်အနာဂတ်မှာ စက်မှုထွန်းကားတဲ့ နိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံဖြစ်ဖို့ ဘာတွေ ရေရှည်ဘယ်လို့ဆောင်ရွက်ဖို့ စီစဉ်ထားပါသလဲ။**

ဖြေ ။ စက်မှုဖွံ့ဖြိုးတိုးတက်ဖို့က စက်မှုတစ်ခုတည်း တော့ ဖွံ့ဖြိုးတိုးတက်လို့မရဘူး။ စက်မှုနဲ့ သွယ်ဝိုက်ပြီးပတ်သက်နေတဲ့ ဝန်ကြီးဌာနအကုန်လုံးနဲ့ ပူးပေါင်းလုပ်ဆောင်ရတာဖြစ်တဲ့အတွက် နံပါတ်(၁)က အခြေခံအဆောက်အအုံတွေကို တည်ဆောက်ရမယ်။ အခြေခံကောင်းမှသာလျှင် အတတ်ပညာ၊ နည်းပညာတွေ တိုးတက်ပြန့်ပွားလာအောင် လုပ်ဆောင်နိုင်မှာပါ။

ကျွန်တော်တို့နိုင်ငံဟာ ပထဝီအနေအထား အရ အချက်အချာကျတော့ အားလုံးကလည်းမျက်စိ ကျတယ်၊ အစိုးရပြောင်းလဲတဲ့မှုကိုစောင့်နေတယ်၊ အခု ကျွန်တော်တို့ အစိုးရပြောင်းပြီ။ ကျွန်တော်တို့မူဝါဒ အရင်လိုမထူးဘူးဆိုရင်တော့ ဘယ်သူမှလာမှာ မဟုတ် ဘူး။ အခုတော့ လာမယ့်သူကလာပြီ၊ လာပြီးပြန်မသွား ဘဲ ဆက်လုပ်နိုင်အောင်ပြင်မယ်။ ကျွန်တော်တို့က သူများထက်သာရမယ်။ ရက်တိုတိုနဲ့ တစ်နှစ်အတွင်း မှာ ရင်ပေါင်တန်းနိုင်ရမယ်။ ပြီးရင် နှစ်နှစ် သုံးနှစ် အတွင်းမှာကျော်တက်ချင်တယ်။ အဲ့ဒီလိုဖြစ်ဖို့ ကျွန်တော့် မှာ လူ့စွမ်းအားလိုတယ်။ အရင်ခေတ်အရ ပူးပေါင်း ဆောင်ရွက်မှုနည်းတယ်။ အထက်က အာဏာတွေ အမိန့်တွေသိပ်ပြတယ်။ အခုကျွန်တော်တို့ခေတ်က အဲ့လို မဟုတ်တော့ဘူး။ တင်ပြတာကိုမစောင့်တော့ဘူး။ ကိုယ် ကိုယ်တိုင်လုပ်မယ်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်တဲ့ အတွက် ဈေးကွက်အသစ်တွေ ဖော်ရမယ်။ ကိုယ့် ပစ္စည်းထုတ်ပြီးရင် ဝယ်မယ့်လူလာအောင် ထိုင်စောင့် မနေဘူး။ ကိုယ်ကိုယ်တိုင်ဝင်လုပ်မှ ရမယ်၊ အရေးကြီးဆုံး ကတော့ ဈေးကွက်ထဲကို ဝင်ရမယ်။

ပြည်သူလူထု ပူးပေါင်းပါဝင်ရင် စက်မှုလုပ်ငန်း အောင်မြင်မယ်။ ပြည်သူမပါရင် မအောင်မြင်ဘူး။ ကျွန်တော့်ဘက်က စက်မှုကိုအခြေခံတဲ့လုပ်ငန်းတွေကို အရင်ဆုံးစလုပ်မယ်။ ကျွန်တော်တတ်နိုင်တာကတော့ စက်မှုကဏ္ဍတွေကို တစ်နှစ်အတွင်းမှာ မှတ်ကျောက် တင်နိုင်တဲ့သူဖြစ်ရမယ်။

ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ရက် ၁၀၀ စီမံချက်အကောင်အထည်ဖော်ရေး ဒုတိယအကြိမ်ဆွေးနွေးပွဲနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများသုံးသပ်ဆွေးနွေး

**နေပြည်တော် ဧပြီ ၉**

မြန်မာနိုင်ငံတွင် အကောင်အထည် ဖော်ဆောင်ရွက်နေသည့် IFAD၏ စီမံကိန်းလုပ်ငန်းများ၊ ဘက်စုံ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက် မှုစီမံကိန်းနှင့် ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်သွားမည့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဧပြီ ၈ ရက်က International Fund for Agricultural Development (IFAD) Ms. Hoonae Kim နှင့် Mr.Omer Zafar နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံ ဆွေးနွေးကြ သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Gautam Mukhopadhaya နှင့် တွေ့ဆုံ၍ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး အတွက် နှစ်နိုင်ငံပူးပေါင်းဆောင် ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ် ဆွေးနွေးကြသည်။

၎င်းနောက် နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက် အကောင်အထည် ဖော်ရေးဆိုင်ရာ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ချမှတ်ခဲ့သော လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများ သုံးသပ်ခြင်း အစည်းအဝေးကို ပြည်ထောင်စုဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ လုပ်ငန်းဌာန များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများက နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်တွင် လုပ်ငန်းကဏ္ဍအလိုက် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း၊ ပထမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှ ချမှတ်ခဲ့သော လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို လည်း ကောင်း အသီးသီး တင်ပြဆွေးနွေး ကြသည်။

တင်ပြချက်များအပေါ် ပြည် ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြား ရာ၌ မိမိတို့ ပုံမှန်ဆောင်ရွက်နေကျ လုပ်ငန်းများထက် ပိုမို၍ ထင်သာ မြင်သာရှိရှိ အကျိုးရှိစေမည့် လုပ်ငန်း များအလိုက် ဦးစားပေးအကောင် အထည်ဖော်ဆောင် ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ယခုကာလ၏ ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သော နွေစပါး အောင်ရေ အပြည့်အဝပေးဝေနိုင် ရေး၊ ယခုနှစ် မိုးစပါးရာသီ စိုက်စရိတ် ချေးငွေများ တိုးမြှင့်ထုတ်ချေးနိုင်ရေး ကို စိုက်ပျိုးရာသီအချိန်မီ ဒေသ အလိုက် သတ်မှတ်ထုတ်ချေးနိုင်ရေး အတွက် ကြိုတင်ညှိနှိုင်း စီမံဆောင် ရွက်ရေးအပါအဝင် လယ်ယာ လုပ်သားရှားပါးလာမှုကို အကောင်း ဆုံးဖြေရှင်းနိုင်မည့် လယ်ယာသုံး စက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးကို ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည်ဖော် ပေး ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**၉-၄-၂၀၁၆**

မနက်ဖြန်အတွက် ခန့်မှန်း ချက်မှာ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့တွင် နေ့အပူချိန် များ မြင့်တက်နေမည်။နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင်ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

တိုင်းထွာရရှိသည့် ခရမ်းလွန် ရောင်ခြည်ကျရောက်မှု အမြင့်ဆုံး အညွှန်းကိန်းများမှာ နေပြည်တော် တွင် ၈ ဒသမ ဝ၊ ရန်ကုန်မြို့တွင် ၈ ဒသမ ၇နှင့် မန္တလေးမြို့တွင် ၉ ဒသမ ၈ တို့ဖြစ်ကြသည်။

**(မိုး/ဇလ)**




# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တမူးခရိုင်အတွင်းရှိ ကျေးရွာများ ဘက်စုံဖွံ့ဖြိုးလာ

**တမူး ဧပြီ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်း၊ စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (List Fund)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) လုပ်ငန်းများဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ကျေးရွာများတွင် ကျေးရွာ၏ လိုအပ်ချက်ဘက်စုံလုပ်ငန်း များ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

တမူးမြို့နယ်အတွင်းမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တစ်ရွာလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ကျေးရွာငါးရွာအတွက် ငွေကျပ်သိန်း ၂၅၀ ကို ပေးအပ်ပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိ ရေးအတွက် ခမ်းပတ်မြို့နယ်ခွဲ ထင်းဇင်ရွာဟောင်း၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေတိုင် ၁၀ တိုင်ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက် ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ရန်ပုံငွေနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (List Fund)၏ နည်းပညာပိုင်း အကူအညီရယူ၍ စတင်ဆောင်ရွက်ခဲ့ရာ ယခု နှစ် မတ်လကုန်ပိုင်းတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး အောင်မြင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# အမရပူရမြို့နယ် စားတော်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း နွေသီးနှံများအတွက် ၂၄ နာရီ ရေပေးဝေလျက်ရှိ

**အမရပူရ ဧပြီ ၉**

အယ်နီညိုရိုက်ခတ်မှုကြောင့် ဆည်ရေသောက်ဧရိယာများ စိုက်ပျိုးမှုနည်းနေချိန်တွင် အမရပူရမြို့နယ် မြစ်ရေတင်လုပ်ငန်းလေးခုရှိသည့်အနက် တစ်ခုဖြစ်သော စားတော်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှာ ဧပြီ ၁ ရက်မှ စတင်၍ စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်သည် အယ်နီညိုကာလဖြစ်၍ စိုက်ပျိုးရေအလေအလွင့်မရှိစေရေးအတွက် ရေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီကို စနစ်တကျဖွဲ့စည်း၍ တိကျသော ရေလှည့်ဇယားဖြင့် ပေးဝေလျက်ရှိရာ စားတော်မြစ်ရေတင်လုပ်ငန်းမှ စက်များ ၂၄ နာရီ မောင်းနှင်၍ ရေကော်မတီမှ အလှည့်ကျ ကြပ်မတ်ဆောင်ရွက်ပြီး စားတော်မြစ်ရေတင်မှ ၂၀၁၅-၂၀၁၆ ခုနှစ် နွေသီးနှံရာသီတွင် စပါး ၇၀၊ နှမ်း ၈၀ ဧက လျာထားချက်ပြည့်မီအောင်မြင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



# စာပဒေသာဆု တက္ကသိုလ်လာမြကျွန်းသာ စာရေးဆရာ တက္ကသိုလ် ခင်မောင်ဇော် ကွယ်လွန်



စာရေးဆရာ တက္ကသိုလ် ခင်မောင်ဇော်ကို အဖ ဦးဟုတ်ဂွမ်၊ အမိ ဒေါ်ကြင်မြိုင်တို့က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း၌ ၁၉၃၃ ခုနှစ် ဇွန် ၂၂ ရက်တွင် မွေးဖွားခဲ့သည်။

၁၉၅၅ ခုနှစ်တွင် B.Sc ဘွဲ့ရရှိခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် M.Sc ဘွဲ့ရရှိခဲ့သည်။ ပြည်လမ်း စာပေဗိမာန်၌ သိပ္ပံစာပြု (တစ်နှစ်)၊ ရန်ကုန်တက္ကသိုလ်၊ မကွေးကောလိပ်၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)တို့တွင် လက်ထောက်ကထိက၊ ကထိက၊ ဌာနမှူးရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင်သက်ပြည့်အငြိမ်းစားယူခဲ့သည်။

၁၉၇၂ ခုနှစ် ဇွန်လတွင် ရွှေတူဂျာနယ်၌ အစားအသောက်၏ အန္တရာယ်သိပ္ပံအသိပညာပေးဆောင်းပါးဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၂-၁၉၇၃ ခုနှစ်အတွင်း ကြေးမုံနှင့် လုပ်သားပြည်သူ့သတင်းစာတို့တွင် သိပ္ပံဆောင်းပါး ၁၂ ပုဒ်ရေးသားခဲ့ပြီး သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တို့တွင် ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထုတို၊ ဝတ္ထုရှည်များရေးသားခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ပခုက္ကူစာပေဆုနှင့် ဆရာဝန်တင်ရွှေစာပေဆုရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အမျိုးသားစာပေ(စာပဒေသာ) ဆုရရှိခဲ့သည်။ ဇနီးဖြစ်သူ ဒေါ်ငွေငွေနှင့် အိမ်ထောင်ကျပြီး သမီးတစ်ဦး ထွန်းကားခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီ ၉ ရက်တွင် ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ မကွယ်လွန်မီ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်း ၁၀၀၀ ကျော်နှင့် စာအုပ် ၂၇ အုပ်ရေးသားထုတ်ဝေခဲ့သည်။ မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် ဆောင်းပါးများ ရေးသားခဲ့သည်။

**(မြန်မာ့အလင်း)**

# သဘာဝဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဝိုင်းမော် ဧပြီ ၉**

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်းရှိ ခန်ယန်ရွာနှင့် ခတ်ချိုကျေးရွာအုပ်စုမှ ဇယ်ခမ်း၊ ကောက်ကွေ့၊ ကျန်ဒိုင်၊ ကျမ်းခမ်းကျေးရွာများတွင် မတ် ၂၉ ရက်က လေပြင်းများ တိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးသွားသောနေအိမ်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကချင်ပြည်နယ်ဦးစီးဌာနမှူးရုံးမှ လေဘေးသင့်ပြည်သူများကို ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ကယ်ဆယ်ရေးပစ္စည်းများကို ဧပြီ ၈ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



"ခန်ယန်ကျေးရွာက မိုင်းနားကျေးရွာနဲ့ဆို ၂၂ မိုင်လောက်ဝေးတယ်။ မတ် ၂၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၂၀၀ ခန့်ရှိသည့်အနက်မှ ၆၀ ခန့်လောက် အိမ်တွေပျက်ဆီးခဲ့တယ်။ ဒီထဲကမှ နေအိမ် ၁၂ အိမ်မှာ ပျက်စီးမှုတွေ ပိုများခဲ့ပြီး ကျန်တဲ့အိမ်တွေက အနည်းငယ်သာ ပျက်စီးခဲ့တဲ့အတွက်ကြောင့် စာရင်းမပေးသွင်းခဲ့ပါဘူး။ ပျက်စီးသွားတဲ့ အိမ်တွေအတွက် အဓိကလိုအပ်တာတော့ အိမ်ဆောက်ပစ္စည်းတွေပါပဲ"ဟု ခန်ယန်ကျေးရွာ ယာအိမ်မှူး ဦးမုန်ဂေါ်နက ပြောသည်။

လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ကချင်ပြည်နယ် ဦးစီးဌာနမှူးရုံးမှ ဦးစီးမှူး ဒေါ်စန္ဒာလှိုင်က ဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်နေရာများတွင် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့မှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အတွက် သင်တန်းများ ဖွင့်လှစ်ပေးခဲ့မှု၊ အသိပညာပေးဟောပြော ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# သောက်သုံးရေ လိုအပ်နေသည့်ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိ

**တန့်ယန်း ဧပြီ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ယခုအခါ ပူပြင်းခြောက်သွေ့သော ရာသီဥတုသို့ရောက်ရှိလာသည်နှင့်အမျှ လူနေရပ်ကွက်အချို့ရှိ ရေတွင်း ရေကန်များ၌ သောက်သုံးရေများ ခန်းခြောက်လာ၍ ရပ်ကွက်နေပြည်သူများအနေဖြင့် သောက်သုံးရေခက်ခဲလာပြီဖြစ်သည့်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့တို့က သောက်သုံးရေများ လိုက်လံဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၆ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန စခန်းတာဝန်ခံ ဦးအောင်စိုးမိုးနှင့်ဝန်ထမ်းများက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ကုန်းမြင့်ပိုင်းကျသော ရပ်ကွက်ဖြစ်သည့် အမှတ်(၇)ရပ်ကွက် မန်လွယ်သို့ ရေဂါလန် ၁၂၀၀ ဆံ့နှင့်ရေဂါလန် ၆၀၀ ဆံ့ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် သွားရောက်၍ သောက်သုံးရေလိုအပ်လျက်ရှိသော ပြည်သူများကို ရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ရေစကြိုမြို့တွင် နေ့အပူချိန်မြင့်တက်လျက်ရှိ

**ရေစကြို ဧပြီ ၉**

မြန်မာနိုင်ငံ အလယ်ပိုင်း ပူပြင်းခြောက်သွေ့ဒေသဖြစ်သော ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ယခုရက်များအတွင်း၌ နေ့အပူချိန်များ မြင့်တက်လာလျက်ရှိပြီး အလွန်အမင်းပူပြင်းလျက်ရှိသည်ဟု သိရသည်။ သက်ဆိုင်ရာဌာနများအလိုက် အပူဒဏ်သတိပေးကာကွယ်ရေးနှိုးဆော်မှုများပြုလုပ်၍ ရေစကြိုမြို့အဝင်တွင် အပူဒဏ်ကာကွယ်ရေးသတိပေးနှိုးဆော်ချက် ဗီနိုင်းဆိုင်းဘုတ်နှင့် အပူဒဏ်ကာကွယ်ရေးသတိပေးနှိုးဆော်ချက် LED ကြော်ငြာဆိုင်းဘုတ်စိုက်ထူထားရှိသော်လည်း တစ်နေ့စာတစ်နေ့ရှာဖွေစားသောက်ရလျက်ရှိသော လက်လုပ်လက်စားအလုပ်သမားများအနေဖြင့် နေ့လယ်ခင်း အပူချိန်မည်မျှပင်မြင့်တက်နေစေကာမူ ဝမ်းစာရေးအတွက် စီးပွားရှာကြရလျက်ရှိကြောင်း သိရသည်။

"နေကတော့ တော်တော်ပူတယ်။ မနက် ၁၀ နာရီလောက်ဆိုရင်ကို အပူချိန်က ၄၂ ဒီဂရီစင်တီဂရိတ်လောက်ရှိတယ်။ နေ့လယ်ရောက်လာလေ ပိုပူလာလေပါပဲ၊ နေ့ခင်း ၁ နာရီခွဲ ၂ နာရီလောက်ဆိုရင်တော့ ၅၃ ဒီဂရီစင်တီဂရိတ်ထိ ပူတယ်"ဟု ခရီးသည်များအား စောင့်မျှော်နေသော ဆိုက်ကားသမားကြီးတစ်ဦးက ပြောသည်။

"ပူတာတော့ ပူတာပေါ့၊ သူများတွေလိုတော့ အိမ်ထဲအေးအေးဆေးဆေးမနေနိုင်ပါဘူး။ မိသားစုစားဝတ်နေရေးက ရှိသေးတယ်။ အခု ပခုက္ကူကားအလာစောင့်နေတာပါ။ ကားကပါလာတဲ့ ကုန်တွေကို ကုန်ပစ္စည်းပိုင်ရှင်ဆီသွားပို့ရင် ပို့ခရမှာပါ။ ရာသီဥတုပူတာထက်ဝမ်းစာရေးက ပိုအရေးကြီးပါတယ်"ဟု ၎င်းက ဆက်၍ ပြောသည်။

ရေစကြိုမြို့တွင် လက်တလောရက်များအတွင်း ညအချိန် ၃၂ ဒီဂရီစင်တီဂရိတ်မှာ အနိမ့်ဆုံး အပူချိန်ဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ ၅၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိသည်ဟု အပူဒဏ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက် အပူချိန်ဒီဂရီပြ LED ဆိုင်းဘုတ်တွင် ဖော်ပြလျက်ရှိသော အပူချိန်တိုင်းထွာမှုများအရ သိရသည်။



**မအိမွန်ဆွေ(ရေစကြို)**

# သင်္ကြန်မဏ္ဍပ်များ စံချိန်စံညွှန်းပြည့်စုံခိုင်ခံ့ရေးကွင်းဆင်းစစ်ဆေး

**မန္တလေး ဧပြီ ၉**

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲသူများ အန္တရာယ်ကင်းကင်း စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင် ဦးဆောင်ကာ ဧပြီ ၈ ရက်က သင်္ကြန်မဏ္ဍပ်များ သတ်မှတ်စံချိန်စံညွှန်းများနှင့် ပြည့်စုံရေး၊ ခိုင်ခံ့ရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျုံးရေများအား ရေစုပ်စက်များဖြင့် စုပ်ယူဖျန်းပက်ရာတွင် ရေများလေလွင့်ဆုံးရှုံးမှု မရှိစေရေး လိုက်လံကြပ်မတ်စစ်ဆေးခြင်းနှင့် မီးသတ်နော်ဇယ်ခေါင်းများ တပ်ဆင်အသုံးပြုမှု မရှိစေရေး၊ မဏ္ဍပ်များတွင် ဖျော်ဖြေသူများအား နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်သူများမရှိစေရေး၊ ကျုံးလွန်ပါက စိစစ်ဖော်ထုတ် အရေးယူနိုင်ရေးတို့ကို သင်္ကြန်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်သင်္ကြန်တွင် ရေကစားမဏ္ဍပ် ၃၇ ခုနှင့် အလှပြမဏ္ဍပ် ခြောက်ခု စုစုပေါင်း ၄၃ ခုရှိပြီး စည်ကားမှုအများဆုံးဖြစ်သည့် ကျုံးဘေးတွင် အရှေ့ဘက်၌ ၁၁ ခု၊ တောင်ဘက်၌ ၁၀ ခု၊ အနောက်ဘက်၌ ရှစ်ခု၊ မြောက်ဘက်၌ လေးခုရှိပြီး မြို့တွင်း၌ ခြောက်ခုနှင့်ကန်တော်ကြီး၌ တစ်ခုတို့ နေရာချထားပေးကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ကျောက်ဆည်)**



# သင်္ကြန်ရက်များတွင် မုံရွာ၌ ကားရထားခရီးစဉ်အချို့ ခေတ္တရပ်နားမည်

**မုံရွာ ဧပြီ ၉**

မဟာသင်္ကြန်ပွဲတော်ကာလတွင် မြန်မာ့မီးရထားက မုံရွာဘူတာမှ ဒေသအချို့သို့ ပြေးဆွဲနေသည့် ကားရထားခရီးစဉ်အချို့ ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း မုံရွာဘူတာမှ သိရသည်။

"ကျွန်တော်တို့ မုံရွာဘူတာကနေ သင်္ကြန်ကာလမှာ တင်းတိန်ယံ-မုံရွာ-တင်းတိန်ယံ ပြေးဆွဲနေတဲ့ အမှတ်(၂၁၇/၂၁၈) ကားရထား ခရီးစဉ်တွေကို ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့)မှ စတင်ပြီး ဧပြီ ၁၆ ရက်(သင်္ကြန်အတက်နေ့)အထိ လည်းကောင်း၊ RBE ရထားခရီးစဉ်တွေဖြစ်တဲ့ အလုံ-မုံရွာ-ဗောဓိတထောင် ခရီးစဉ်နှင့် မုံရွာ-မန္တလေး - မုံရွာခရီးစဉ်တွေကို ဧပြီ ၁၃ ရက် (သင်္ကြန်အကျရက်)မှ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)အထိ လည်းကောင်း ခေတ္တရပ်နားထားမှာ ဖြစ်ပါတယ်။ ပြည်သူတွေ သင်္ကြန်ကာလမှာ ကူးသန်းသွားလာရေး အခက်အခဲမရှိစေဖို့ ကျန်တဲ့ရထားကြီး ခရီးစဉ်တွေဖြစ်တဲ့ အမှတ်(၁၂၆) ပခုက္ကူ- မုံရွာ- ပခုက္ကူ ခရီးစဉ်နှင့် အမှတ်(၅၉)၊ အမှတ်(၆၀) ခင်ဦး- မုံရွာ- ခင်ဦး ခရီးစဉ်စတဲ့ ခရီးစဉ်နှစ်ခုကတော့ ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်"ဟု မုံရွာဘူတာမှ ရုံပိုင်(တာဝန်ခံ) ဦးမြင့်စိုးက ပြောကြားခဲ့သည်။

အဆိုပါ မုံရွာဘူတာမှတစ်ဆင့် ကား၊ ရထား၊ ရထားကြီးအပါအဝင် အဆိုင်းငါးဆိုင်းဖြင့် နေ့စဉ် အစုန်-အဆန်အဖြစ် မုံရွာမြို့နယ်ရှိ အလုံနှင့် ဗောဓိတထောင်၊ ရေဦးမြို့နယ် တင်းတိန်ယံ၊ မန္တလေး၊ ပခုက္ကူ စသည့် ဒေသများသို့ ပုံမှန် ပြေးဆွဲလျက်ရှိရာ သင်္ကြန်ကာလတွင် ကားရထားခရီးစဉ်သုံးခု ရပ်နားထားပြီး မြန်မာနှစ်ဆန်း တစ်ရက်နေ့မှ စတင်၍ ခရီးစဉ်ငါးခုလုံး ပုံမှန်ပြန်လည်ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ဧပြီ ၈ ရက် နံနက်က နေပြည်တော် ပျဉ်းမနားမြို့နယ် ဗိုလ်ချုပ်လမ်း အထက(၁)အနီး လမ်းမကြီး၌ နေပြည်တော် အမှတ်(၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ပျဉ်းမနားမြို့နယ်တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး နေလင်းအောင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိအဖွဲ့များ ပူးပေါင်း၍ စစ်ဆေးအရေးယူမှုများ ပြုလုပ်နေစဉ်

ကိုမျိုး(ရွှေပေါက်ကံ)

# ရေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**ရေး ဧပြီ ၉**

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ရေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကို အဖြေရှာ၍ ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များချမှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲကို ရေးမြို့ သာသနာ ၂၅၀၀ စေတီ ရေလယ်ဘုရား ဓမ္မဗိမာန်တော်ကြီး၌ ဧပြီ ၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲ၌ ပညာရည်မြင့်မားရေးအတွက် မိဘဆရာ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုအခြေအနေများ၊ လက်နက်ကိုင်ပဋိပက္ခများ၏ နောက်ဆက်တွဲဖြစ်စဉ်များ၊ လူကုန်ကူးမှုပြဿနာများ၊ လူငယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ချိမှုနှင့် တားဆီးထိန်းသိမ်းနိုင်မှု အခြေအနေ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ထိတွေ့ဆက်ဆံနိုင်မှု အခြေအနေများ၊ အကျင့်ပျက်ခြစားမှုအခြေအနေများကို ပြုပြင်ပြောင်းလဲနိုင်ရေး စသည့် အကြောင်းအရာများကို ရေးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ပုဏ္ဏားကျွန်း၌ ရခိုင်ရိုးရာသင်္ကြန်ပွဲ ဆင်နွှဲမည်

**ပုဏ္ဏားကျွန်း ဧပြီ ၉**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ရခိုင်ရိုးရာသင်္ကြန်ပွဲကို အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မြို့ပေါ်ရပ်ကွက်များနှင့်နယ်မြေခံ၅၅ဝခြေမြန်တပ်ရင်း ရေကစားမဏ္ဍာပ်များ၌ ရိုးရာလောင်းလှေများတွင် ရေဖြည့်ပြီး အမျိုးသမီးနှင့် အမျိုးသားစကားတပြောပြောနှင့်မျက်နှာချင်းဆိုင် ရေပက်ကစားလေ့ရှိသော ချစ်စရာကောင်းသည့် ရခိုင်တို့၏ ရိုးရာသင်္ကြန်အငွေ့အသက်များကို ပုဏ္ဏားကျွန်းမြေမှာတွေ့မြင်ကြရမည်ဖြစ်သည်။ ဧပြီ ၁၂ရက် သင်္ကြန်အကြိုနေ့တွင် အသင်းအဖွဲ့များနှင့် ရပ်ကွက်များတွင် နံ့သာသွေးပွဲများကို အပြိုင်အဆိုင် အတီးအမှုတ် အကအခုန်များဖြင့် ကျင်းပကြမည်ဖြစ်ပြီး ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့တွင်နီးစပ်ရာ ဘုရားသိမ်ကျောင်းများသို့ ပဒေသာပင်များဖြင့် ဘုရားရေသပ္ပာယ်သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# မန္တလေးကျွဲဆည်ကန် အဝေးပြေးယာဉ်ရပ်နားစခန်း ကားအသင်းများ သင်္ကြန်ကာလရပ်နားမည်

**မန္တလေး ဧပြီ ၉**

သင်္ကြန်ကာလအတွင်း မန္တလေးမြို့ ကျွဲဆည်ကန်အဝေးပြေးယာဉ် ရပ်နားစခန်းဖြစ်သော ချမ်းမြေ့ရွှေပြည် ကားဝင်းအတွင်းမှ ကားအသင်းများ သင်္ကြန်အကြိုနေ့မှစတင်၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

ရပ်နားမည့်ကားအသင်းများမှာ ခြင်္သေ့မင်း၊ မင်းလက်ဝါး၊ မြတ်မန္တလာထွန်း၊ ရွှေမြန်မာ၊ ဂျိုးဖြူ နယူးမန္တလာထွန်း၊ မန်းသစ္စာ၊ တိုင်းလုံးကျော်၊ မြသရဖူ၊ ကောင်းမြတ်မန်း၊ တောင်ပေါ်သား၊ အောင်နိုင်သူ၊ မြသုံးလုံး၊ မန္တလာထွန်း၊ အားမာန်၊ ရာဇာထွန်း၊ မင်းသစ္စာ၊ JJ၊ မန်းရာဇာ၊ Boss၊ မန်းရွှေပြည်၊ ဇေယျာရွှေပြည်၊ GI Group၊ တက်လမ်း၊ ခိုင်မန္တလေး၊ စည်းစိမ်ရှင်၊ ကောင်းကင်၊ ရွှေမန္တလာထွန်း၊ လုမ္ဗိနီ၊ အာကာသ၊ Elite၊ ရာဇာအောင်၊ ရွှေစင်စကြာ၊ ရွှေလီဦး၊ ဇာနည်ဘွား၊ ထက်ဦး၊ ရွှေနန်းတော်၊ စေတမန်၊ တော်ဝင်မန္တလာစသည့်ကားများရပ်နားမည်ဖြစ်ကြောင်း ဂိတ်မှူးများထံမှ သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



# တာချီလိတ်မြို့နှင့် မိုးညိုမြို့နယ်တို့၌ မီးလောင်



**တာချီလိတ် ဧပြီ ၉**

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် တိုင်းဝေါင်းရွာတွင် ဧပြီ ၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းငြိမ်းသတ်ခဲ့၍ ည ၈ နာရီ ၃၀ ခွဲတွင် မီးညွန့်ကျိုးသွားပြီး ယခု သတင်းပေးပို့ချိန်အထိ နှစ်နိုင်ငံ မီးသတ်တပ်ဖွဲ့များက ဆက်လက်ငြိမ်းသတ်လျက်ရှိကြောင်း ကနဦး သတင်းရရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ညောင်လေးပင်အုပ်စု ညောင်လေးပင်ရွာတွင် ဧပြီ ၇ ရက် ညနေ ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာတွင် ဦးဌေးအောင်-ဒေါ်ကျော့နေအိမ်၌ ဒေါ်ကျော့က ထမင်းချက်ပြီး မီးဖိုအတွင်းမှ ပြာများကိုသယ်ယူ၍ အိမ်နောက်ဘေးရှိ နွားတင်းကုတ်အနီး အမှိုက်ပုံပေါ်သို့စွန့်ပစ်ခဲ့ရာ ပြာအတွင်း မီးခဲနှင့် ပြာအပူရှိန်ကြောင့် အမှိုက်ပုံမီးဆွဲလောင်ခဲ့ပြီး နွားတင်းကုတ်သို့ မီးစတင်လောင်ကျွမ်းခဲ့သည်။ ဆက်လက်ပြီး အိမ်သို့ ထပ်မံလောင်ကျွမ်းခဲ့၍ နေအိမ် ၁၅ လုံး မီးလောင်ဆုံးရှုံးသည်။

မီးလောင်မှုသတင်းကို ရလျှင်ရခြင်း ဆင်မနိုင်ရဲစခန်း ရဲအုပ်အောင်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ တာပွန်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်နိုင်ခဲ့သောကြောင့် လူ၊ တိရစ္ဆာန် အသေအပျောက်မရှိကြောင်း သိရသည်။

**သတင်း-မောင်ယဉ်ကျေး၊ (ဝဇ၃)**
**ဓာတ်ပုံ-မောင်ယဉ်ကျေး**

# လေဘေးနှင့် ကမ်းပြိုဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း၌ ဧပြီ ၅ ရက်က လေဘေးဖြစ်ပွားခဲ့ရာ နေအိမ် ၂၃ လုံး ပြိုကျပျက်စီး၍ ၁၉၆ လုံး အမိုးလန်ပျက်စီးခဲ့ပြီး စုစုပေါင်းနေအိမ် ၂၁၉ လုံး၊ အိမ်ထောင်စု ၂၁၉ စုမှ လူကြီး ၈၇၆ ဦး၊ ကလေး ၄၃၈ ဦး၊ လူဦးရေစုစုပေါင်း ၁၃၁၄ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ပြီး ဒေါ်ငယ် (၆၅ နှစ်) သည် ပေပင်ပိ၍ သေဆုံးခဲ့သည်။

အဆိုပါဘေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးက ဧပြီ ၇ ရက်တွင် ဘေးသင့်ပြည်သူများထံသို့ ဆန်ခုနစ်ရက်စာ ငွေကျပ် ၂၇၅၉၄၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၅၀၇၀၀၀၀၊ သေဆုံးတစ်ဦး ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးတို့ကို အိမ်ထောင်စု ၂၁၉ စုအတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဖိုအနောက်ရပ်ကွက်၌ ဧပြီ ၄ ရက်က ကမ်းပြိုဘေးဖြစ်ပွားမှုကြောင့် နေအိမ်ခြောက်လုံး၊ အိမ်ထောင်စု ခြောက်စုမှ လူဦးရေစုစုပေါင်း ၂၂ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့သည်။

အဆိုပါဘေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး တာဝန်ရှိသူများက ဧပြီ ၅ ရက်တွင် ဘေးဖြစ်ရာဒေသသို့သွားရောက်ကာ ဘေးသင့်ပြည်သူများထံ ဆန်သုံးရက်စာ ငွေကျပ် ၁၉၈၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ၃၀၀၀၀၀၊ ခြောက်အိမ်ထောင်စာ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဆီနှင့် Care Myanmar Family Kit (၂၂ မျိုးပါ) ခြောက်အိတ်တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထရော်လာဂျီကဲ့သို့ အနေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# တောင်သူများအား အယ်နီညိုရာသီဥတုဆိုင်ရာများ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဧပြီ ၉**

အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခက်အခဲများဖြေရှင်းနိုင်ရေး ပညာပေးဆွေးနွေးပွဲကို ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာ စိုက်ပျိုးရေး ဦးစီးဌာန ရှင်းလင်းဆောင်၌ ဧပြီ ၈ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင်ဥတ္တရခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးက ရေယူချိန်၊ ပျိုးထောင်ချိန်ညီညွတ်ရန်နှင့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရန်၊ သက်တမ်းတိုစပါးများဖြစ်သည့် ပုလဲသွယ်၊ ရွှေသွယ်ရင်၊ ရက် (၉၀) စပါးရွေးချယ်စိုက်ပျိုးရန် ရေသွင်းမြောင်း၊ လယ်ကြားမြောင်းများ ပေါင်းမြက်ရှင်းလင်းခြင်း၊ သဘာဝမြေဩဇာများ ပိုမိုထည့်သွင်းအသုံးပြုရန်နှင့် ရေကိုအလေအလွင့်မရှိအောင် သုံးစွဲရန် စသည့်အချက်များကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဖိုးတိုးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအသုံးချ၍ သက်တမ်းတိုမျိုးနှင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနည်းများကို ရှင်းလင်းဆွေးနွေးသည်။ **(ဝ၁၄)**

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် ဆောင်ရွက်မည့် နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံစီမံကိန်း၊ ပေါင်းတည်မြို့နယ် ဝဲကြီးရေလှောင်တမံစီမံကိန်း၊ ပြည်မြို့နယ် မြောက်နဝင်း ရေလှောင်တမံစီမံကိန်း၊ ပေါက်ခေါင်းမြို့နယ် တောင်နဝင်းရေလှောင်တမံစီမံကိန်းတို့၏ တူးမြောင်းများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

ဝယ်ယူလိုသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၂)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂၁-၄-၂၀၁၆)ရက်မှစ၍ ကြေညာထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါထုတ်ယူနိုင်သည့်ရက်** | - | ၂-၅-၂၀၁၆ရက် |
| **နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၆-၅-၂၀၁၆ရက် (၁၆း၀၀)နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - | ၉-၅-၂၀၁၆ရက် နံနက် ၁၀ နာရီ (တောင်ညို) |
| | - | ၉-၅-၂၀၁၆ရက် ညနေ ၃ နာရီ (ဝဲကြီး) |
| | - | ၁၀-၅-၂၀၁၆ရက် နံနက် ၁၀ နာရီ (မြောက်နဝင်း) |
| | - | ၁၀-၅-၂၀၁၆ရက် ညနေ ၃ နာရီ (တောင်နဝင်း) |
| **ဆက်သွယ်ရန်တယ်လီဖုန်း** | - | ၀၅၃-၂၈၅၃၃ |
| **တင်ဒါပေးပို့ရမည့်နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်။ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂) ငွေစာရင်းဌာနစိတ်တွင် ၂-၅-၂၀၁၆ရက်မှ ၆-၅-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့**


တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046, 392048, 256954

**(မြို့လယ်ကျောင်း)**

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 23 Apr
3:30 - 5 (Mon~Thurs) 25 Apr
6 - 7:30 (Mon~Thurs) 25 Apr
7:30 - 9 (Mon~Thurs) 11 May

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
10-11:30 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
1 - 4:00 (Sat + Sun) 30 Apr
1 - 2:30 (Mon~Thurs) 2 May
7:30-10:30 (Sat + Sun) 14 May

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
10-11:30 (Mon~Thurs) 23 May
12 - 3:00 (Sat + Sun) 29 May

INTERMEDIATE (ACADEMIC ENGLISH)
3:30-5:30 (Mon~Thurs) 25 Apr
7:30 - 9 (Mon~Thurs) 30 May

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 23 Apr
10-11:30 (Mon~Thurs) 23 May

BASIC GRAMMAR
3:30 - 5 (Mon~Thurs) 9 May

BASIC WRITING
10-11:30 (Mon~Thurs) 25 Apr

**(လှည်းတန်းကျောင်းခွဲ)**

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 4 May

BASIC GRAMMAR
9 - 12:00 (Sat + Sun) 22 May

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 23 Apr
10-11:30 (Mon~Thurs) 25 Apr
1 - 4:00 (Sat + Sun) 22 May

BASIC FOUR SKILLS ENGLISH
12:30-3:30 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 29 May

IELTS (Writing)
12:30-3:30 (Sat+Sun) 28 May

IELTS (Preparation)
7:30-9:30 (Mon~Thurs) 9 May
1 - 4:30 (Sat + Sun) 12 Jun

IELTS (Writing)
7:30 - 9 (Mon~Thurs) 9 May

IELTS (Speaking)
7:30-9 (Mon~Thurs) 25 Apr

IELTS (Reading)
1-3:00 (Mon~Thurs) 25 Apr

IELTS (Grammar)
10-11:30 (Mon~Thurs) 25 Apr


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အောက်သောင်ကျေးရွာအုပ်စု၊ ဆယ်ဇကေကျေးရွာနေ ဦးအေးမောင်၏သား ဦးကုလား ၇/သနပ(နိုင်)၀၄၂၅၆၉ နှင့် ဦးကြီးမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကုလားပု(ခ)ဦးကြီးမြင့်**

**ဖခင်အမည်မှန်**

အထက(၂)၊ အောင်ဆန်းသူရိယ လှသောင်းကျောင်း မင်္ဂလာဒုံ သတ္တမတန်း(D)မှ မရတီပွင့်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၁/မကန(နိုင်)၀၅၁၉၅၀ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၂ယ/၉၈၄၈၇ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ Pan Myat Cherry Co.,Ltd. ဖျာပုံမြို့က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

# ညအချိန်အရက်မူးပြီး ကားမောင်းရာမှ ယာဉ်တိုက်မှုဖြစ်

**ပျဉ်းမနား ဧပြီ ၉**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရန်အောင်(၁)ရပ်ကွက် (၈၅)တံတားနှင့် ရန်အောင်(၁)ဆွမ်းလောင်းဓမ္မာရုံအနီး၌ ဧပြီ ၇ ရက် ည ၁၀ နာရီ မိနစ် ၂၀ က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးတိုးတိုးအေး(၄၃ နှစ်) အမှတ်(၃၆) နယ်မြေ(၅) တောင်ကြီးမြို့နေသူ မောင်းနှင်လာသော 5E/------CHARIOTယာဉ်သည် အနောက်မှ အရှေ့သို့ တစ်လမ်းမောင်းမဝင်ရလမ်း (၈၅)တံတားဘက်မှ ရန်အောင်(၁)ဆွမ်းလောင်းအသင်းဓမ္မာရုံဘက်သို့ မောင်းနှင်လာစဉ် လမ်းကွေ့၌အရှိန်မထိန်းနိုင်ဘဲလမ်းဘေး အလှတြိဂံကျွန်းအုတ်ခုံကို ဝင်ရောက်တိုက်မိခဲ့သည်။

အဆိုပါ ယာဉ်မောင်းမှာ သတိလက်လွတ်မောင်းနှင်လာခြင်းကြောင့် လမ်းကွေ့၌အရှိန်မထိန်းနိုင်ဖြစ်ကာ အုတ်ခုံအား ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူအား ပျဉ်းမနားမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**



## မမှန်သတင်းပေး တိုင်သူအား ထောင်ဒဏ်ချမှတ်

**မြဝတီ ဧပြီ ၉**

ထိုင်းနိုင်ငံ မဲဆောက်မြို့ ပါဆန်းရွာ တောင်ယာတွင် သူရင်းငှားလုပ်ကိုင်သူ မခိုင်ဝါဦး(၄၈နှစ်)မှာ မြဝတီမြို့မရဲစခန်းသို့ ဧပြီ ၄ ရက်က ရောက်ရှိလာပြီး ၎င်းသည် မြဝတီမြို့ ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ ကမ္ဘောဇဘဏ်ခွဲ(၂)မှ နံနက် ၁၀ နာရီခွဲတွင် ငွေကျပ် သိန်း ၅၀ အားထုတ်ယူပြီး လမ်းလျှောက်ထွက်လာရာ ဘဏ်၏အရှေ့ဘက် ကြံခင်းလမ်းဆုံ အရောက်တွင် ကားလမ်းအားဖြတ်ကူးစဉ် လမ်းလယ်ကျွန်းအနီးတွင် အမည်မသိ အသက် (၃၀နှစ်)ခန့် အမျိုးသားတစ်ဦးက ဆွဲအိတ်အားဆွဲယူ၍ လမ်းဘေးတွင်ရပ်ထားသော ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားသောကြောင့် ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်ကြားချက်ရလျှင်ရချင်း မြဝတီမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကိုကိုနိုင်နှင့် ပူးပေါင်းအဖွဲ့တို့မှ ပိတ်ဆို့ ရှာဖွေစုံစမ်းခဲ့ရာ မခိုင်ဝါဦးမှ ကိုအောင်ဇော်နှင့် မသန်းသန်းအေးတို့အား ငွေများပေးစရာရှိရာ မပေးနိုင်သဖြင့် ရဲစခန်းသို့ မမှန်သတင်းပေးတိုင်တန်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ သို့ဖြစ်၍ မမှန်သတင်းပေး တိုင်တန်းသူ မခိုင်ဝါဦးအား မြဝတီမြို့နယ်တရားရုံးမှ အလုပ်နှင့်ထောင်ဒဏ် သုံးလချမှတ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ရဲဘက်ပြေး တရားခံတစ်ဦးဖမ်းမိ

**ကော့သောင်း ဧပြီ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဧပြီ ၇ ရက် မွန်းလွဲပိုင်းက ရဲဘက်ပြေး တရားခံ တစ်ဦးအား မြို့နယ်ရဲတပ်ဖွဲ့ မှ ဖမ်းဆီးခဲ့ကြောင်းသိရသည်။

ကော့သောင်းမြို့ ရွှေဇင်ယော် ရပ်ကွက် မြရည်ပုလဲလမ်း အမှတ် (၈၀) နေအိမ်သို့ ဘ၀သစ်(၅) ရဲဘက်စခန်းမှ ၂၀၁၄ ခုနှစ် ဧပြီ ၂ ရက်က ထွက်ပြေးလာသည့် ရဲဘက်ပြေး ထောင်ဝင်အမှတ် ကသမ/ ၁၂/၀၀၀၂၆/က သန်းအောင် (ခ) အဖိုးကြီး ၂၅ နှစ်သည် ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ ရဲအုပ်အောင်ဇော်မင်း ထွန်းဦးစီးနယ်ထိန်းအဖွဲ့မှ သွားရောက်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူ သန်းအောင်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ သန်းအောင်မှာ လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်က မူးယစ်ဆေးဝါးအမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် အကျခံထားရပြီး ဘ၀သစ်(၅) ရဲဘက်စခန်းသို့ ပြောင်းရွှေ့ထားစဉ် ထွက်ပြေးလွတ်မြောက်လာခြင်းဖြစ်သည်။



အမှုကို သက်ဆိုင်ရာ မြို့နယ်ရဲစခန်းက ဥပဒေအရ ဆက်လက်ဆောင်ရွက်ထားသည်။

**ကျော်စိုး(ကော့သောင်း)**

## တွံတေးမြို့နယ်၌ ဓာတ်လိုက်၍ တစ်ဦးသေဆုံး

**တွံတေး ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုန်းပင်စုရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ဧပြီ ၈ ရက် နံနက်၉ နာရီ ၄၅ မိနစ်က ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ခေါင်မိုးပေါ်တွင် ဆန်းရှိတ်ပြုလုပ်ရန်အတွက် သံချောင်းများအောက်မှအပေါ်သို့တင်နေစဉ် အောင်ကျော်ဦး (၂၈နှစ်)နှင့်အတူ အလုပ်သမားဖြစ်သူ သူရ (၁၉ နှစ်)တို့ သံချောင်းနှင့်ဓာတ်ကြိုးထိမိ၍ ဓာတ်လိုက်မှုဖြစ်ပွားကာ အောင်ကျော်ဦးမှာ နေရာတွင်ပွဲချင်းပြီး သေဆုံးကာ အလုပ်သမား သူရအား ရန်ကုန်ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါဓာတ်လိုက်သေဆုံးမှုအား တွံတေးမြို့မရဲစခန်းမှ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မင်္ဂလာပွဲအပြီးသတို့သမီးဓားထိုးခံရ

**ကျောက်တံခါး ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ထီးလတ်ကျေးရွာအုပ်စု ဦးကွက်ကျေးရွာတွင် ဓားထိုးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် ထီးလတ်ကျေးရွာအုပ်စုဦးကွက်ကျေးရွာနေ နော်ဆာကူးဖော(၂၉နှစ်)သည် မင်္ဂလာဧည့်ခံပွဲပြီးစီးချိန်တွင် နေအိမ်အပေါ်ထပ်တွင်ရှိနေစဉ် ယခင်ရည်းစားဟောင်းဖြစ်သူ စောလားပွယ်ထူး(၂၄ နှစ်) ဖဒိုမြို့နေသူက ၎င်းကိုမယူဘဲအခြားသူနှင့် လက်ထပ်ခဲ့ခြင်းအပေါ် မကျေနပ်၍ နေအိမ်အပေါ်ထပ်သို့တက်ရောက်ပြီး အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်စတီးဓားဖြင့် နော်ဆာကူးဖောအား ထိုးရာ ယာဘက်နံစောင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိခဲ့၍ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ (အတွင်းလူနာစိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဓားဖြင့်ထိုးသူ စောလားပွယ်ထူးအား ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## လိုက်ထရပ်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ၊ ဆိုင်ကယ်မောင်း သေဆုံး

**စလင်း ဧပြီ ၉**

မင်းဘူးခရိုင် စလင်းမြို့နယ် စလင်း-ဆင်ဖြူကျွန်းကားလမ်း၌ ဧပြီ ၈ရက် ညနေပိုင်းက ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦးသေဆုံးသွားခဲ့ကြောင်း စလင်းမြို့မရဲစခန်းမှသိရသည်။ ဖြစ်စဉ်မှာ ဧပြီ ၈ ရက် ညနေ ၆ နာရီခွဲက စလင်း-ဆင်ဖြူကျွန်းကားလမ်းအတိုင်း စလင်းမှ ဆင်ဖြူကျွန်းဘက်သို့ သက်ပိုင်(၂၅နှစ်)၊ တောတွင်းကျေးရွာ စလင်းမြို့နယ်နေသူမောင်းနှင်ပြီး နောက်မှတစ်ရွာတည်းနေ အေးချမ်းအောင် (၂၀နှစ်) လိုက်ပါလာသည့် တီနာ-၁၂၅ ဆိုင်ကယ်နှင့် ကျော်ကျော်စိုး(၃၄ နှစ်) မြို့သစ်ရပ်ကွက် မန္တလေးမြို့နေသူမောင်းနှင်လာသည့် လိုက်ထရပ်ယာဉ်တို့ မိုင်တိုင်အမှတ် (၄၁/၁ ) ထူးပေါက်ကျေးရွာလမ်းခွဲအနီးအရောက်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ သက်ပိုင်တွင် ရရှိထားသောဒဏ်ရာဖြင့် ဆေးရုံတွင်သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သက်ပိုင်နှင့်ကျော်ကျော်စိုးတို့အား စလင်းမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


### မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မြို့နယ်များအတွက် အောက်ဖော်ပြပါ မီးသတ်လုပ်ငန်းဆိုင်ရာ ယာဉ်/စက် ပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | BA Set | ၁၄ | စုံ |
| (ခ) | မီးသတ်ပိုက်လိပ် | ၁၄၀ | လိပ် |
| (ဂ) | Double Cab | ၈ | စီး |
| (ဃ) | High Pressure Pump | ၅ | စုံ |
| (င) | Oxygen Filling Machine (လေဖြည့်စက်) | ၁ | စုံ |
| (စ) | အသက်ကယ်ကွင်း | ၃၂ | ကွင်း |
| (ဆ) | ၄ ပေလွှစက် | ၄ | ခု |
| (ဇ) | ပေ ၅၀ ကြိုး | ၃၂ | ကြိုး |
| (ဈ) | ၁၄ ပေကြိုး | ၄၀ | ကြိုး |
| (ည) | ပေ ၃၀ ကြိုး | ၈ | ကြိုး |
| (ဋ) | ပေ ၁၀၀ ကြိုး | ၈ | ကြိုး |
| (ဌ) | Life Jacket | ၇၈၁ | ထည် |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၂၁-၄-၂၀၁၆ ရက်မှစတင်၍ (ရုံးချိန်အတွင်း) တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချရမည်ဖြစ်ပြီး ၆-၅-၂၀၁၆ ရက် ၁၈း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၁၃-၅-၂၀၁၆ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ၀၂-၂၄၉၅၆နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၏ ၀၂-၆၀၇၄၀၊ ၀၉-၂၀၀၀၁၅၂သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မီးသတ်စခန်းအသီးသီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးသတ်စခန်းဆောက်လုပ်ခြင်း (သံကူကွန်ကရစ်) (၄၅×၅၀×၂၆)ပေ(၂)ထပ်(၇)လုံး
(ခ) မီးသတ်စခန်းဆောက်လုပ်ခြင်း(သံကူကွန်ကရစ်) (၆၅×၅၂×၂၆)ပေ(၂)ထပ်(၁)လုံး
(ဂ) မီးသတ်စခန်းဆောက်လုပ်ခြင်း(သံကူကွန်ကရစ်) (၄၅×၃၉×၂၆)ပေ(၂)ထပ်(၁)လုံး
(ဃ) မီးသတ်စခန်းဆောက်လုပ်ခြင်း(သံကူကွန်ကရစ်) (၁၂၀×၈၀×၂၆)ပေ(၂)ထပ်(၁)လုံး
(င) CulVert ပြုလုပ်ခြင်း (ပြည်ကြီးတံခွန်)
(စ) စခန်းရှေ့RC ကွန်ကရစ်လမ်းခင်းခြင်း (ပြည်ကြီးတံခွန်)
(ဆ) (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းနေ (သံကွန်ကရစ်)(၁၀၀×၄၀)(ရေသန့်/လျှပ်စစ်ပါ)(၁)လုံး
(ဇ) (၄)ခန်းတွဲ(၃)ထပ် ဝန်ထမ်းနေ(သံကွန်ကရစ်)(၈၀×၃၀)(ရေသန့်/လျှပ်စစ်ပါ)(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၂၁-၄-၂၀၁၆ရက်မှစ၍ (ရုံးချိန်အတွင်း) တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချရမည်ဖြစ်ပြီး ၆-၅-၂၀၁၆ရက် ညနေ၆နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၁၃-၅-၂၀၁၆ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဖုန်း-၀၂-၂၄၉၅၆နှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၏ ဖုန်း-၀၂-၆၀၇၄၀၊ ၀၉-၂၀၀၀၁၅၂သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### အမည်ပြောင်း

ကလေးမြို့၊ အထက(၇)၊ အဌမတန်း(င)မှ ဦးဟုန်းကီး ၈/ခမန(နိုင်)၀၆၉၂၉၇၏သား မောင်ဖွဲ့မာန်ဝင်း(ခ)မောင်ဟုန်းကီးမာန်အား မောင်ဟုန်းကီးမာန်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မောင်ဟုန်းကီးမာန်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/4594 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၄၃၇၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိန် ၁၄/နေဖ(နိုင်)၀၉၅၂၈၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

# မြန်မာလှေလှော်အဖွဲ့ တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်မည်

**ရန်ကုန် ဧပြီ ၉**

အပြည်ပြည်ဆိုင်ရာ လှေလှော်အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် မြန်မာလှေလှော်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သည်။

အဆိုပါ လှေလှော်အဖွဲ့ကို ဧပြီ ၇ ရက် နံနက်ပိုင်းက အမျိုးသားရေကူးကန်ရှိ အိုလံပစ်ဟိုတယ်၌ တာဝန်ရှိသူများက တွေ့ဆုံရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်တို့က အမှာစကားပြောကြားပြီး ကစားသမားများကို တွေ့ဆုံအားပေးသည်။ မြန်မာလှေလှော်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်ဝင်း၊ အားကစားသမားများ အဖြစ် ဝေယံစိုးနှင့် အိချိုဇင်တို့ ပါဝင်ကြသည်။ သင်တန်းကာလမှာ ဧပြီ ၁၂ ရက်မှ ၂၆ ရက်အထိ ဖြစ်ပြီး အာရှနိုင်ငံများက လာရောက်သင်ကြားကြမည်ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ အခုလို စေလွှတ်ဖြစ်တာက ကစားသမားတွေ နိုင်ငံတကာအတွေ့အကြုံရရှိဖို့ ဖြစ်ပါတယ်။ အခုလို သင်တန်းတွေတက်ပြီး တခြားနိုင်ငံက ကစားသမားတွေနဲ့ ပူးပေါင်းလေ့ကျင့်တာကြောင့် အတွေ့အကြုံကောင်းတွေ အများကြီးရနိုင်တဲ့အပြင် နည်းစနစ်ပိုင်းတွေ တိုးတက်လာနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌသစ် ဦးသောင်းထိုက်မင်းနဲ့ ညှိနှိုင်းပြီး မြန်မာ့လှေလှော်အားကစားနည်း တိုးတက်ဖို့ ဆောင်ရွက်သွားမှာပါ။ မြန်မာလှေလှော်အဖွဲ့အတွက် ပြည်ပနည်းပြတွေ ငှားရမ်းဖို့ စီစဉ်ထားပါတယ်" ဟု ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောကြားခဲ့သည်။



မြန်မာလှေလှော်အားကစားအဖွဲ့ကို မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်တို့နှင့်အတူ တွေ့ရစဉ်

**သတင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်**



ရှမ်းပြည်နယ် တောင်ကြီးမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းဆင်းပွဲကို ဧပြီ ၈ ရက်က ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ သင်တန်းသား သင်တန်းသူများက တိုက်ကွမ်ဒိုအားကစားစွမ်းရည် သရုပ်ပြသကြစဉ်

မောင်မောင်သန်း(တောင်ကြီး)

| ပရီမီယာလိဂ်ပွဲစဉ်(၃၃) အနိုင်/အရှုံး | | | ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၉) အနိုင်/အရှုံး | | |
|---|---|---|---|---|---|
| အက်စ်တွန်ဗီလာ | ၁-၂ | ဘုန်းမောက် | ဟမ်းဘတ် | ၁-၂ | ဒမ်စတက် |
| ပဲလေ့စ် | ၁-၀ | နော့ဝှစ်ချ် | စတုဂတ် | ၁-၃ | ဘိုင်ယန်မြူးနစ် |
| ဆောက်သမ်တန် | ၃-၁ | နယူးကာဆယ် | ဝါဒါဘရီမင် | ၁-၂ | အော့စ်ဘတ် |
| ဆွမ်ဆီး | ၁-၀ | ချယ်လ်ဆီး | ဖရန့်ဖတ် | ၀-၂ | ဟော်ဖန်ဟိန်း |
| ဝက်ဖို့ဒ် | ၁-၁ | အဲဗာတန် | အင်ဂိုစတက် | ၁-၀ | ဂလာဘတ် |
| **အီတလီစီးရီးအေ ပွဲစဉ်(၃၂)** | | | **လာလီဂါပွဲစဉ် (၃၂)** | | |
| ဖရိုစီနိုနီ | ၀-၁ | အင်တာမီလန် | ရီးရဲမက်ဒရစ် | ၄-၀ | အီဘာ |

## ဂိုးအပြန်အလှန်သွင်းပြီး အမှတ်ခွဲယူကြသည့် ဝက်စ်ဟမ်းနှင့် အာဆင်နယ်


အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၃) အစောဆုံးပွဲစဉ်အဖြစ် ဧပြီ ၉ ရက် (စနေနေ့)ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော ဝက်စ်ဟမ်းနှင့် အာဆင်နယ်တို့ ပွဲစဉ်တွင် တစ်ဖက် သုံးဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကြပြီး ကွင်းလယ်ကစားသမား အိုင်ရိုဘီ၏ ဖန်တီးမှုများဖြင့် ပွဲချိန် ၁၈ မိနစ်တွင် အာဆင်နယ်အသင်းမှ အိုဇေးလ်က ဦးဆောင်ဂိုးသွင်းယူပြီး ၃၅ မိနစ်တွင် ဆန်ချက်ဇ်က ဒုတိယမြောက်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် အိမ်ရှင် ဝက်စ်ဟမ်းအတွက် ချေပဂိုးများကို ပွဲချိန် ၄၄ မိနစ်နှင့် ၄၅ မိနစ်တို့တွင် တိုက်စစ်မှူး ကာရိုးက နှစ်ဂိုးစလုံး ခေါင်းတိုက်သွင်းယူခဲ့သည်။ **(ယာပုံ)**

ဒုတိယပိုင်း ၅၂ မိနစ်တွင် ကာရိုးက ဟက်ထရစ်သွင်းဂိုးနှင့်အတူ ခေါင်းတိုက်သွင်းယူကာ ဝက်စ်ဟမ်းတို့ ဦးဆောင်ဂိုးပြန်လည်ရရှိခဲ့သည်။ ပွဲချိန်မိနစ် ၇၀ တွင် ဝဲလ်ဘက် ဖန်တီးပေး၍ ကိုဆီနီက အာဆင်နယ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အာဆင်နယ်သည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သော်လည်း ဝက်စ်ဟမ်းက ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်ရရှိကာ ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ အာဆင်နယ်က ရှစ်ကြိမ်ရရှိပြီး ခြောက်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဝက်စ်ဟမ်းသည် ပရီမီယာလိဂ် နောက်ဆုံးခြောက်ပွဲဆက်တိုက် ရှုံးပွဲမရှိသေးပေ။ ဝက်စ်ဟမ်းသည် ၅၂ မှတ်ရရှိထားပြီး အာဆင်နယ်က ၅၉ မှတ်ဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။

**သီဟ**



**MMDC**
Myanmar Media Development Center

**Diploma in TV Broadcasting**
(ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်း)

- Foundation and Introduction
- Pre-Production
- Production Plan
- Program Production
- Post Production
- Directing
- Scriptwriting
- Journalism
- Communication Skills
- TV Presentation Skills
- Interview Techniques
- Camera and Editing
- Audio and Lighting
- Media Management
- Broadcast Engineering

- နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Asia-Pacific Institute for Broadcasting Development (AIBD), Deutsche Welle Akademie (DW) တို့နှင့်ပူးပေါင်း၍ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အတွေ့အကြုံရှိဝါရင့်ဆရာ/ဆရာမများ ကိုယ်တိုင် သင်ကြားပေးလျက်ရှိပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။

**သင်တန်းကျောင်း** - အခန်းနံပါတ် (T308, T309, T310), တတိယထပ်၊ Junction Square၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 01 527242, 532492, 502763 (Ext: 4007), Hot Line: 09 253693494
Website: www.mmdcmyanmar.com Email: mmdc.fg@gmail.com
Facebook: www.facebook.com/mmdcmyanmar

**GOLDEN STAR Travels & Tours**
- ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး-ဓာတ္တူ Apr-11,12,17
- ရွှေစက်တော်-ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး Apr-12
- မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ Apr-11
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Apr-9,11,12,17
- ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12
- တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် Apr-12
- ငွေဆောင်(Hotel + Car) Apr-11,12,13,14

Ph;09-5081580, 09-5036640, 09-5080860, 703448

**GOLDEN STAR ခရီးသွားလုပ်ငန်း**
- ကျိုက်ထီးရိုး(နေ့စဉ်)
- ချောင်းသာ/ငွေဆောင်
ဟိုတယ် စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8488, Toyota Hilux ViGo KUN36R/ P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇေထွန်းတင် ၁၀/မလမ(နိုင်)၀၁၄၄၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

အမြန်ရောင်းမည်။(ပွဲစားမလို)

၁။ အောင်ဇေယျအိမ်ယာမြေ၊ 1sqft ၄၀၀၀၀ိ/-နှုန်း
၂။ ဒဂုန်ဆိပ်ကမ်းမြို့နယ်နှင့်မျက်နှာချင်းဆိုင်ပဲခူးမြစ်ကမ်းဘေးရှိဆိပ်ခံတံတားလုပ်ရန်ကောင်းသည့်မြေ တစ်ဧက (၂၅၀) သိန်း
၃။ ပုလဲ(၃)ရှိ 68'x73' မြေပေါ်ရှိ RC (၂)ထပ်တိုက်

၀၉-၅၁၅၀၇၅၀ / ၀၉-၅၁၁၂၄၀၈

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၅)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ ဧရိယာ (၀ဒသမ၀၅၅) (၂၄၀၀) စ/ပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဦးအောင်သန်း ၁၂/လမန(နိုင်)၁၀၀၁၄၉ (AD-003165)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို (LL.B) — အထက်တန်းရှေ့နေ (စဉ်-၂၃၂၉၉)
ဒေါ်မေသူအောင် (LL.B) — အထက်တန်းရှေ့နေ (စဉ်-၄၅၈၅၀)

စာချုပ်စာတမ်းနှင့် အိမ်ခြံမြေဥပဒေအကြံပေး
အမှတ်(၁၂၂)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆
ဖုန်း-၀၉-၂၅၂၃၉၉၄၆၂

ပျောက်ဆုံးကြောင်း
ကျွန်တော်မောင်မျိုးမင်းဇော်ကိုင်ဆောင်သောသင်္ဘောသားလုပ်သက်စာအုပ်အမှတ်ရန်-၄၅၇၅/၁၁၈စာအုပ်မှာခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/5110, Suzuki Every DA64U, Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုကြည်ဝင်း ၁၂/ဒပန(နိုင်)၀၅၇၃၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3851, KaBa Kyaw L/T, P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကြည် ၁၄/နေဖ(နိုင်)၀၈၆၂၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

**နိုင်ငံတကာရေးရာဆောင်းပါး**



# ယီမင် ပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်နိုင်မည်လား

ကေသွယ်

***ယီမင်နိုင်ငံသည် အာရေဗျကျွန်းဆွယ်တွင် အဆင်းရဲဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ်တည်ရှိသည်။ တစ်နှစ်နီးပါးကြာနေပြီဖြစ်သော ပြည်တွင်းစစ်အတွင်း လူဦးရေ ထောင်ပေါင်းများစွာ သေဆုံးပြီး ၂ ဒသမ ၅ သန်းမှာ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရကာ လူပေါင်း ၇ ဒသမ ၆ သန်းမှာ အစာရေစာပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်ခဲ့သည်။***

ယီမင်အစိုးရတပ်မတော်သည် ဟူသီအန်ဆာရူလာ တပ်ဖွဲ့များ၏ အားပေးထောက်ခံမှုများကို ရရှိထားသည်။ ဆော်ဒီအာရေဗျသည် ၎င်း၏ မဟာမိတ်ဖြစ်သော ယီမင်သမ္မတဟောင်း အက်ရက်ဘူမန် ဆောဟာဒီ အာဏာပြန်လည်ရရှိရေးအတွက် ယီမင်အစိုးရ၏ ဟူသီတပ်ဖွဲ့များကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ ခြင်းဖြစ်သည်။

ယီမင်သမ္မတ အက်ရက်ဘူမန်ဆောဟာဒီ အစိုးရကို ထောက်ပံ့ပေးရေးအတွက် အာရပ် ကိုးနိုင်ငံဖြင့် ဖွဲ့စည်းထားသော ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့တွင် ယူအေအီးသည်လည်း တစ်နိုင်ငံအဖြစ်ပါဝင်လျက်ရှိသည်။ ယီမင်သမ္မတ ဆော်ဒီအာရေဗျမြို့တော် ရီယာ့ဒ်သို့ ထွက်ပြေးတိမ်းရှောင်စဉ် ၂၀၁၅ ခုနှစ် မတ် ၂၆ ရက်မှစတင်ကာ ယီမင်နိုင်ငံတစ်ဝန်းရှိ အီရန်ထောက်ခံသည့် ရှီးယိုက်ဟူသီသူပုန်များနှင့် ၎င်းတို့၏ စစ်စခန်းများကို ဆော်ဒီဦးဆောင်သော မဟာမိတ်တပ်ပေါင်းစုက တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။

၂၀၁၅ ခုနှစ် မတ်လမှစ၍ ဆော်ဒီအာရေဗျက ယီမင်နိုင်ငံအား လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာ လူ ၈၂၀၀ ကျော် သေဆုံးခဲ့ပြီး ထောင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါ စုပေါင်းတပ်ဖွဲ့ဝင်များသည် ဘုံရန်သူဖြစ်သော အိုင်အက်စ်စစ်သွေးကြွများကို ပစ်မှတ်ထား တိုက်ခိုက်ချေမှုန်းနေခြင်းဖြစ်ကာ အမေရိကန် မောင်းသူမဲ့ ဒရုန်းများကြောင့် ရန်သူများ အများအပြား ကျဆုံးခဲ့ခြင်းများရှိသကဲ့သို့ အပြစ်မဲ့ ပြည်သူများ၏ သေဆုံးရကြောင်း ကွန်ဂရက်တွင် အပြင်းအထန်ဝေဖန်ခဲ့သည်။

ယီမင်နိုင်ငံတစ်ဝန်းရှိ ပြည်သူ ၂၆ သန်းအနက် ၁၃ သန်းကျော်မှာ အစာရေစာ ထောက်ပံ့ပေးအပ်ရန် လိုအပ်လျက်ရှိပြီး ပြည်သူ ၈၀ ရာခိုင်နှုန်းမှာ အလားတူ ကူညီထောက်ပံ့မှုမျိုး လိုအပ်လျက်ရှိနေကြောင်း သိရသည်။

ယီမင်နိုင်ငံအတွင်းရှိ အခြေခံအဆောက်အအုံများမှာလည်း ဆိုးရွားစွာပျက်စီးဆုံးရှုံးခဲ့ရပြီး နိုင်ငံပိုင် ကျန်းမာရေးစောင့်ရှောက်ရေးစင်တာများနှင့် ကျောင်းများကိုလည်း ပိတ်ပင်ရန် ဖိအားပေးခံခဲ့ရသည်။ နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုနေရာ ၆၀၀ နီးပါးမှာလည်း ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးများ မဖြည့်ဆည်းပေးနိုင်ခြင်း၊ တိုက်ခိုက်မှုများကြောင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့၍ ပိတ်ထားခဲ့ရသည့် အခြေအနေများနှင့် ကြုံတွေ့နေကြရသည်။

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ တိုက်ခိုက်မှုများကြောင့် ယီမင်နိုင်ငံတွင် အိမ်ခြေ ၃၄၅၇၂၂ လုံး၊ တက္ကသိုလ်ကျောင်းပေါင်း ၃၉ ခု၊ ဆေးရုံပေါင်း ၂၆၂ ခု၊ မီဒီယာရုံး ၁၆ ခု၊ ဗလီဝတ်ပြုကျောင်း ၆၁၅ လုံး၊ စာသင်ကျောင်းနှင့် ပညာရေးဌာန ၈၁၀ ဝန်းကျင် ထိခိုက်ပျက်စီးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ယင်းအပြင် အစိုးရအဆောက်အအုံ ၁၁၁၃ ခု၊ စက်ရုံ ၁၉၁ ခု၊ ရှေးဟောင်းအမွေအနှစ် ၅၉ နေရာ၊ တံတားနှင့် လမ်းပေါင်း ၅၃၀၊ ရေလှောင်ကန် ၁၆၃ ခု၊ လေဆိပ် ၁၄ ခုနှင့် ဆိပ်ကမ်းပေါင်း ၁၀ ခု ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ထုတ်ပြန်ထားချက်အရ သိရှိရသည်။

ထို့အပြင် ၂၀၁၅ ခုနှစ် မတ်လလယ်ကတည်းက နိုင်ငံအတွင်းရှိ ကလေးငယ် ၁ ဒသမ ၈ သန်းကျော်မှာ ကျောင်းမှထွက်ခဲ့ရသည်ဟု ဖော်ပြထားသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အချို့နေရာများရှိ ကျောင်းပေါင်း ၁၁၇၀ တို့မှာ ပျက်စီးနေခြင်း (သို့မဟုတ်) ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူတို့မှာ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ကြသည့်အတွက် ယခုအချိန်တွင် ဆက်လက်အသုံးပြုနိုင်ခြင်း မရှိတော့ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာထောက်ပံ့ရေး အစီအစဉ် (WFP) မှ တင်သွင်းခဲ့သည့် အစီရင်ခံစာအရ သိရှိရသည်။

ကုလသမဂ္ဂကလေးသူငယ်များအဖွဲ့ (UNICEF) မှထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ယီမင်နိုင်ငံအတွင်း ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများကြောင့် ကလေးသူငယ် ၉၀၀ ကျော် သေဆုံးခဲ့ရပြီး ၁၃၀၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည့်အတွက် ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၅ ခုနှစ် မတ်လမှ စတင်ကာ တိုက်ပွဲများကြောင့် ကလေးသူငယ်များမှာ တစ်ရက်လျှင် ခြောက်ဦးမျှ အသက်ဆုံးရှုံးရခြင်းမျိုး နေ့စဉ်ရက်ဆက်ဖြစ်နေသည်ကို တွေ့ရှိရသည်ဟု ဖော်ပြထားသည်။ နိုင်ငံတစ်ဝန်း လုံခြုံရေးအနေအထားမှာ ပျက်ပြားနေပြီး ကလေးများသေဆုံးမှု အများဆုံးဖြစ်ပွားရာမှာ တိုက်ဇ်၊ ဆာနား၊ အေဒင်နှင့် ဟာဂျားတို့တွင်ဖြစ်သည်ဟု ဖော်ပြထားသည်။ တိုက်ပွဲများဒဏ် ခံစားရသူ ယီမင်ပြည်သူ ၂၁ ဒသမ ၂ သန်းရှိကာ တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၈၂ ရာခိုင်နှုန်းဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားသည့် ထောက်ပံ့ရေးများကိုလည်း အရေးတကြီးလိုအပ်လျက်ရှိနေကြောင်း သိရသည်။

ယီမင်နိုင်ငံသို့ ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ စစ်ဆင်ရေးပြုလုပ်ခဲ့စဉ်ကတည်းက လူဦးရေ ၆၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး လူ ၃၀၀၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ယီမင်ပြည်သူ ၁၀ ဦးလျှင် တစ်ဦးနှုန်းမှာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည့် အခြေအနေတွင် ရှိသည်။ ကုလအေဂျင်စီပြောကြားချက်အရ ယမန်နှစ် တစ်နှစ်တာအတွင်း တိုက်ပွဲများအတွက် ကလေးငယ်များကို တပ်သားသစ်အဖြစ် စုဆောင်းခဲ့သည်များရှိခဲ့ပြီး အသက် ၁၀ နှစ်ထက်ငယ်ရွယ်သော ကလေးသူငယ်ဦးရေ ၈၄၈ ဦးကို တိုက်ပွဲများတွင် အသုံးပြုခဲ့ကြောင်း ကုလ၏ အထူးသံတမန်က ပြောကြားခဲ့သည်။

ယူနီဆက်၏ အစီရင်ခံစာတွင် ကလေးသူငယ် ပေါင်း ၃၂၀၀၀၀ တို့တွင် အာဟာရချို့တဲ့သည့် ဝေဒနာခံစားနေကြရပြီး အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ နမိုနီးယားရောဂါနှင့် မသန့်ရှင်းသောရေကြောင့် ရောဂါဘယ ကူးစက်ပျံ့နှံ့ ဖြစ်ပွားလျက်ရှိကြောင်း ဖော်ပြထားသည်။ ယမန်နှစ်က ရောဂါဖြစ်ပွားမှုကြောင့် အသက်ငါးနှစ်အောက် ကလေးသူငယ်ပေါင်း ခန့်မှန်းခြေတစ်သောင်းနီးပါး သေဆုံးခဲ့သည်။ ထို့အပြင် ကလေးသူငယ်များ ဆိုင်ရာ ပိုလီယိုရောဂါကာကွယ်ဆေးများ အပါအဝင် ဆေးဝါးအသုံးအဆောင်များ၊ အစာအာဟာရ များ၊ ကလေးငယ်များတွင် ဖြစ်ပွားသောရောဂါများအတွက် ဒေါ်လာ ၂၄ သန်း ထောက်ပံ့ပေးခဲ့သော်လည်း လုံလောက်မှုမရှိခဲ့ကြောင်း သိရှိရသည်။ ယခုအခါတွင် ကလေးသူငယ်များတွင် အနာရောဂါများ ဖြစ်ပွားနေကာ ဝမ်းရောဂါများလည်း ဖြစ်ပွားနေကြောင်း သိရသည်။

ယီမင်နိုင်ငံအတွင်း စစ်ပွဲများ အဆုံးသတ်နိုင်ရန်အတွက် နိုင်ငံတကာမှ အဖွဲ့အစည်းများက တိုက်တွန်းမှုများ မကြာခဏဆိုသလို ပြုလုပ်ခဲ့သော်လည်း လူ့အခွင့်အရေးများ ချိုးဖောက်မှုများလာပြီး အရပ်သားများ သေဆုံးရမှုများပြားလာခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူဦးရေ များပြားလာခဲ့ခြင်းတို့နှင့်အတူ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိနေသည်။ ယီမင်နိုင်ငံ၏ အနာဂတ် အလားအလာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအနေဖြင့် စိုးရိမ်မှုများလည်းရှိနေသည်ဟု ပြောကြားခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ စစ်ဘေးဒဏ်သင့်ပြည်သူများနှင့် ဒုက္ခသည်များကို နှစ်စဉ်ထောက်ပံ့ပေးအပ်ရေး ရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ လိုအပ်နေကြောင်း ကုလသမဂ္ဂကိုယ်စားပြု အဖွဲ့အစည်းများက ပြောကြားထားကြောင်း သိရှိရသည်။

**ကမ္ဘာတစ်ဝန်းရှိ စစ်ဘေး ဒဏ်သင့် ပြည်သူများနှင့် ဒုက္ခသည်များကို နှစ်စဉ် ထောက်ပံ့ပေးအပ်ရေး ရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ လိုအပ်နေ**

ယီမင်သမ္မတမန်ဆောဟာဒီသည် လာမည့်ဧပြီလနှောင်းပိုင်းတွင် ကျင်းပပြုလုပ်ရန်ရှိသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ လက်ရှိဝန်ကြီးချုပ် ခါလက်ဘာဟာကိုအား ရာထူးမှထုတ်ပယ်လိုက်ကာ ဒုသမ္မတသစ်နှင့် ဝန်ကြီးချုပ်သစ်တစ်ဦးတို့ကို ခန့်အပ်လိုက်ခြင်းဖြင့် နိုင်ငံတွင်း ရာထူးပြန်လည်ဖွဲ့စည်းမှုပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ သမ္မတဟာဒီသည် ၂၀၁၁ ခုနှစ်က ယီမင်သမ္မတဟောင်းဖြစ်ခဲ့သူ အလီအဗ္ဗဒူလာဆာလေးနှင့် အပြင်းအထန် သဘောထားကွဲလွဲမှုဖြစ်ပွားခဲ့ပြီး လမ်းခွဲခဲ့သော စစ်ဗိုလ်ချုပ် အလီမိုဆန်အယ်လ်အာမာအား ဒုသမ္မတသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း ယီမင်နိုင်ငံပိုင် ရုပ်သံလိုင်းက ထုတ်လွှင့်ခဲ့သည်။

သမ္မတဟာဒီသည် သမ္မတဟောင်းဆာလေး၏ အထွေထွေပြည်သူ့ကွန်ဂရက်ပါတီဝင်အရာရှိဟောင်းတစ်ဦးဖြစ်သော အာမက်အိုဘစ်ဘင်ဒါဂါအား ဝန်ကြီးချုပ်အသစ် ခန့်အပ်လိုက်ကြောင်း ထုတ်လွှင့်ချက်တွင် တွေ့ရှိရသည်။ အဆိုပါရာထူးမှ ထုတ်ပယ်ခြင်းမခံရမီ ဒုသမ္မတနှင့် ဝန်ကြီးချုပ်ရာထူး တာဝန်နှစ်ရပ်လုံးကို တစ်ပြိုင်နက်ထမ်းဆောင်ခဲ့သူ ခါလက်မာ့ဖိုဒ်အဗ္ဗဒူလာဘာဟားသည် သမ္မတဟာဒီ၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း ရုပ်သံမှ သတင်းထုတ်လွှင့်ချက်တွင် တွေ့ရှိရသည်။ ယခုကဲ့သို့ နိုင်ငံအတွင်း ရာထူးပြောင်းလဲ ပြန်လည်ဖွဲ့စည်းမှုပြုလုပ်ခဲ့ခြင်းသည် လာမည့် ဧပြီ ၁၈ ရက်တွင် ကူဝိတ်နိုင်ငံ၌ ကျင်းပပြုလုပ်သွားရန်ရှိသောယီမင်နိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အထောက်အကူဖြစ်စေနိုင်မည်လားဆိုသည့်အချက်ကို ဆက်လက် စောင့်ကြည့်သွားရမည်ဖြစ်ပါကြောင်း။ ။



ခ ရီး သွား ဆော င်း ပါး

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံ-မောင်ချစ်ကြည်

# ကေတုမတီ တောင်ငူဆီသို့

***“ကဲ…ရောက်ပါပြီ” ဟု မော်တော်ယာဉ်မောင်း ကိုကျော်မြင့်၏ စကားကြောင့် ရုတ်တရက်လန့်နိုးသွားသည်။ ကျွဲပွဲက ထွက်လာကတည်းက အိပ်ပျော်သွားရာ တောင်ငူမြို့တွင်းရောက်မှ တစ်ရေးနိုးတော့သည်။ ထိုင်ခုံကူရှင်ကို ပုံမှန်အတိုင်းမတ်မတ်ပြန်ပြင်ပြီး ပတ်ဝန်းကျင်ကို ကြည့်မိသည်။ လူအသွားအလာများသော မြို့တွင်းတစ်နေရာ အနေအထားမျိုးတွေ့ရသည်။ ဆိုင်ကယ်၊ ကားနှင့် စက်ဘီးများဖြင့်သွားလာနေသော ဒေသခံမြို့သူမြို့သားများကို မြင်ရသည်။ နာရီကို ကြည့်မိရာ နံနက် ၁၀ နာရီ။***

နံနက် ၄ နာရီကတည်းက ရန်ကုန်မှ မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့ရာ တောင်ငူမြို့ကို ၆ နာရီခန့်ကြာမျှ မောင်းနှင်ခဲ့ရကြောင်း သတိပြုမိသည်။ ကားရောလူရော နားရန် ကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဝင်ကာ စားသောက်ရင်း ခေတ္တအပန်းဖြေနေမိသည်။ ထူးထူးခြားခြားလက်ဖက်ရည်ဆိုင်တွင် မြန်မာမုန့်စစ်စစ်တွေ လာချပေးသည်။ အုန်းသီးမုန့်၊ ထောပတ်ဘိန်းမုန့်၊ မုန့်ပျားသလက်၊ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းမီးမြိုက်စသည်ဖြင့် မုန့်အမျိုးအစားစုံလင်လှသည်။ မြန်မာနိုင်ငံတစ်ဝန်း မြို့ပေါင်းများစွာ ရောက်ရှိခဲ့သော်လည်း မြန်မာမုန့်စစ်စစ်များဖြင့် ရောင်းသော လက်ဖက်ရည်ဆိုင်ကို မတွေ့မြင်ဖူးခဲ့။ ဘေးအန္တရာယ်ကင်းသော မြန်မာမုန့်များ လက်ဖက်ရည်ဆိုင်တိုင်းတွင် ထားရှိသင့်သည်မှာ မှန်သော်လည်း အသင့်စားမုန့်များသာ စားပွဲပေါ်လွှမ်းမိုးနေသည်ကများသည်။ ယခုမြန်မာမုန့် စစ်စစ်များဖြင့် ရောင်းသော လက်ဖက်ရည်ဆိုင်ကို အမှတ်မထင်ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဈေးလည်းချို၊ အရသာလည်းရှိ၊ ဘေးအန္တရာယ်ကင်းသော မြန်မာမုန့်များကို စိတ်ကြိုက်စားပြီးနောက် ကျွန်တော်တို့ မော်တော်ကားဖြင့် တောင်ငူမြို့အတွင်းကို လိုက်လံလေ့လာခဲ့ကြသည်။

တကယ်တော့ တောင်ငူမြို့သည် ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၂၀ ခန့်ဝေးပြီး မော်တော်ကားနဲ့ရော ရထားတို့ဖြင့်ပါ အလွယ်တကူ လာရောက်နိုင်သည့်မြို့ဖြစ်သည်။ ရန်ကုန်၊ မန္တလေး မော်တော်ကားလမ်း အဟောင်းနှင့် ကပ်လျက်တည်ရှိပြီး ဆက်သွယ်ရေးကောင်းမွန်မှုကြောင့် တောင်ငူမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့ရသည်။ လမ်းများ အဆောက်အအုံများကလည်း သပ်ရပ်ဖွံ့ဖြိုးလျက်ရှိပြီး အချို့နေရာများတွင် လမ်းပျက်စီးမှု အနည်းငယ်သာတွေ့ရသည်။ လူဦးရေတဖြည်းဖြည်း ထူထပ်လာသော မြို့တစ်မြို့လည်းဖြစ်ရာ ပဲခူးတိုင်းဒေသကြီးအတွင်း ထင်ရှားသော မြို့ဖြစ်သည်။

တောင်ငူမြို့က သမိုင်းကြောင်း ရှည်လျားသည်။ တောင်ငူမြို့ကို သဝန်လကျ်ာ၏ သားများဖြစ်သည့် သဝန်ကြီး၊ သဝန်ငယ်တို့က ၁၂၇၉ ခုနှစ် ဧပြီ ၂၀ ရက်မှ စတင်ကာ တည်ထောင်ခဲ့ကြသည်။ ထိုနေရာသည် ယခုတောင်ငူမြို့အနောက်ဘက်၁၂ မိုင်ခန့်အကွာ ကြက်ရိုးပင်ရွာအနီး၌ဖြစ်ရာ မြို့နေရာကျဉ်းသဖြင့် မူလနေရာမြောက်ဘက် ကြခတ်တောကို ရှင်းလင်းပြီး တောင်ငူမြို့ကို ထပ်မံတည်ခဲ့ခြင်းဖြစ်သည်။ တောင်ငူသည် သဝန်ကြီးမင်းမှ နတ်ရှင်နောင်အထိ မင်းဆက် ၃၄ ဆက် ထီးနန်းစိုက်ခဲ့ရာ မြို့လည်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းတွင်လေ့လာခဲ့ဖူးသည်။ တောင်ငူဘုရင်မင်းကြီးညိုလက်ထက်တွင် မြို့ကို ထပ်မံတိုးချဲ့ခဲ့ရာ ခပေါင်းချောင်းနှင့် ပေါင်းလောင်းမြစ်ဆုံရာနေရာတွင် ခရစ်နှစ် ၁၄၉၁ ခုနှစ်တွင် ဒွါရာဝတီမြို့ကိုတည်ခဲ့ပြီး နှစ်ပေါင်း ၂၀ ခန့်မျှ ထီးနန်းစိုက်ခဲ့သည်။ ထို့နောက်မြို့ကို ပေါင်းလောင်းမြစ်အနောက်ဘက်သို့ပြောင်းရွှေ့ခဲ့ပြီး ၁၅၁၀ ပြည့်နှစ် အောက်တိုဘာ ၁၆ ရက်တွင် ကေတုမတီမြို့အဖြစ် တည်ခဲ့ခြင်းဖြစ်သည်။ မင်းကြီးညိုတည်ထောင်ခဲ့သည့် ကေတုမတီတောင်ငူမြို့ကား ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၆ ရက်၌ နှစ် ၅၀၀ ပြည့်ခဲ့ပြီ။ မြို့တည်နှစ် ၅၀၀ ပြည့် အခမ်းအနားကို တောင်ငူသားတို့ ခမ်းနားစွာကျင်းပခဲ့သည်။ ထိုစဉ်က တောင်ငူမြို့သား မိတ်ဆွေကိုကျော်အောင်က ဖိတ်ခေါ်သော်လည်း အလုပ်တာဝန်များ မအားမလပ်ဖြစ်၍မရောက်ခဲ့။

ကေတုမတီဟု အမည်ပေးခဲ့ခြင်းမှာလည်း “ကေတု” ဆိုသည်မှာ အလင်းရောင်၊ တံခွန်မှန်ကင်းဖြစ်ပြီး“မတီ” မှာ သိမြင်ခြင်းဖြစ်ရာ အသိပညာအလင်းရောင်အထွတ်အထိပ်ဖြစ်သည့်မြို့ဟု မှတ်သားခဲ့ရဖူးသည်။ တောင်ငူမြို့သည် ယခင်ကလမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် တိုးတက်မှုနှေးကွေးခဲ့သော်လည်း ၁၈၈၅ ခုနှစ်တွင် ရန်ကုန်-တောင်ငူရထားလမ်း ဖောက်လုပ်ပြီး ချိန်မှစတင်ကာ တစ်စတစ်စ စည်ကားတိုးတက်လာခဲ့ရာ ယခုအခါ လူဦးရေတစ်သိန်းကျော်သော မြို့ကြီးတစ်မြို့ဖြစ်လာသည်။ နေရာတိုင်းတွင် နေအိမ်အဆောက်အအုံတို့က အပြည့်။

ကျွန်တော်တို့ ရွှေဆံတော်ဘုရားသို့ ရောက်ရှိခဲ့သည်။

> **ကေတုမတီဟု အမည်ပေးခဲ့ခြင်းမှာလည်း “ကေတု”ဆိုသည်မှာ အလင်းရောင်၊ တံခွန်မှန်ကင်းဖြစ်ပြီး“မတီ”မှာ သိမြင်ခြင်းဖြစ်ရာ အသိပညာအလင်းရောင်အထွတ် အထိပ်ဖြစ်သည့်မြို့ဟု မှတ်သားခဲ့ရဖူးသည်။**

တောင်ငူမြို့တွင် ထင်ရှားသော စေတီတစ်ဆူဖြစ်ရာ တောင်ငူမြို့ရောက်လာသူတိုင်း သွားရောက်ဖူးမြော်ကြသည့် စေတီဖြစ်သဖြင့် ဘုရားဖူးများက နေ့စဉ်မပြတ်။ ရွှေဆံတော်စေတီက တောင်ငူမြို့ ၁၃ ရပ်ကွက်အတွင်းတည်ရှိသည်။ ရွှေရောင်ဝင်းပနေသော ရွှေဆံတော်စေတီက ကြည်ညိုသပ္ပာယ်စရာ အတိပင်။ ရင်ပြင်တော်ကို ကြွေပြားများခင်းထားသဖြင့် သန့်ရှင်းသပ်ရပ်ကာ ဘုရားဖူးများ စိတ်နှလုံးကြည်လင်စွာ အာရုံပြု၍ရသည်။ အရန်စေတီငယ်များဖြင့် သပ္ပာယ်လှသော ရွှေဆံတော်စေတီတော်ကိုလက်ယာရစ်ပတ်ကာ ကြည်ညိုမိသည်။ ရွှေဆံတော်စေတီကို ခရစ်နှစ် ၁၅၆၈ ခုနှစ်တွင် သီဟိုဠ်ဓမ္မပါလမင်းက ဘုရင့်နောင်အား ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ ဘုရင့်နောင်က ညီတော် တောင်ငူဘုရင်မင်းခေါင်အား ဆံတော်တစ်ဆူခွဲပေးခဲ့၍ ရွှေဆံတော်စေတီကို ၁၅၇၀ ပြည့်နှစ်တွင် တည်ခဲ့ပြီး ဌာပနာသွင်းခဲ့ရာ ၁၅၇၈ ခုနှစ်တွင် ထီးတော်တင်နိုင်ခဲ့သည်။ ရွှေဆံတော်စေတီမှာ ဉာဏ်တော် ပေ ၂၀၀ ရှိကာ အရန်စေတီတော် ၅၆ ဆူရှိသဖြင့် ဖူးမြော်ရသူများအဖို့ ကြည်ညိုသဒ္ဓါ ယိုဖိတ်မှုဖြစ်ပေါ်စေသည်က အမှန်ပင်။

ကျွန်တော်တို့ရွှေဆံတော်စေတီမှ ပြန်ထွက်လာခဲ့သည်။ တောင်ငူတွင် ထင်ရှားသော စေတီများအဖြစ် မြတ်စောညီနောင်ဘုရား၊ မုဋ္ဌောညီနောင်ဘုရား၊ ရွှေလက်လှဘုရား စသည်တို့တည်ရှိသည်။ တောင်ငူမြို့မြတ်စောညီနောင်ဘုရားတွင် ဘာသာရေး၊ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရင်း လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်သော ဦးလေးဖြစ်သူကို သတိရမိသည်။ ပင်စင်ယူပြီးနောက်ပိုင်း ဘာသာရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ကိုင်သွားသူလည်းဖြစ်သည်။

*စာမျက်နှာ (၁၇)သို့*





တောင်ငူမြို့အထိမ်းအမှတ် မင်းကြီးညိုရုပ်ထုအား တွေ့ရစဉ်

*စာမျက်နှာ (၁၆) မှ*

ကျွန်တော်တို့ တောင်ငူမြို့ဈေးကြီးသို့ရောက်ခဲ့သည်။ ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားသော နံနက်ပိုင်းအချိန် မဟုတ်သော်လည်း ဆိုင်တိုင်းနီးပါး ကိုယ့်ဖောက်သည်နှင့်ကိုယ် ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။ အထည်အလိပ်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ စသည်တို့ကို တွေ့မြင်ရသည်။ "ကွမ်းသီးတောင်ငူနှင့်" ဟူသော စာချိုးကို သတိရမိသည်။ တောင်ငူကွမ်းသီး နာမည်ကြီးသဖြင့် ဈေးအတွင်း လိုက်ရှာကြည့်ရာ ခွဲထား၊ ခြမ်းထား၊ စိတ်ထားသော ကွမ်းသီးများကို တွေ့ရသဖြင့် စနည်းနာမိသည်။ တောင်ငူကွမ်းသီးက အသားနူးညံ့သည်။ ချိုဖန်ဆိမ့် အရသာရှိပြီးအသားပွသည်။ အူတိုင်သေးပြီး ကွမ်းရွက်၊ ထုံး၊ ရှားစေးတို့ဖြင့်တွဲဖက်ဝါးလျှင် ထူးခြားသော အရသာနှင့် ခံစားမှုကိုပေးသည်ဟုဆိုသည်။ ကိုယ်တိုင်ကွမ်းမစား၍ မသိသော်လည်း ကွမ်းစားရင်းနှုတ်ခမ်းနှင့်လျှာတို့တွင် ကွမ်းသွေးများရဲရဲနီနေသော ကွမ်းသီးဆိုင်ရှင် ကိုမောင်လှက ပြောပြသည်ကို နားထောင်မှတ်သားခဲ့ရသည်။ တောင်ငူမြို့တွင် စည်ပင်သာယာဈေး၊ ဘုရင့်နောင်ဈေးနှင့်တောင်ငူဈေးစသည်ဖြင့် ရှိသည်ဖြစ်ရာ တောင်ငူမြို့ဝန်းကျင်ကျေးရွာများက လာရောက်ဝယ်ယူ ရောင်းချကြသဖြင့် ဈေးတိုင်းရောင်းဝယ်ဖောက်ကား စည်ကားသည်ကို တွေ့ရသည်။

ကျွန်တော်တို့ဈေးအတွင်းမှ ပြန်ထွက်ခဲ့ပြီး ကန်တော်ကြီးပန်းခြံဘက်သို့ ရောက်ရှိခဲ့သည်။ သန့်ရှင်းနေသော ရေပြင်၊ ကြည်လင်နေသည့်ရေတို့ကြောင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရသည်။ အပင်များ၊ ပန်းပင်များ၊ မြက်ခင်းစိမ်းများကြောင့် စိတ်အေးချမ်းမှုပေးစွမ်းနိုင်သော်လည်း ထိန်းသိမ်းပြုပြင်မှုများ ယခုထက်ပိုမိုဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု တွေးမိသည်။ နေရာတစ်ခု၊ အဆောက်အအုံတစ်ခု ထိန်းသိမ်းစောင့်ရှောက်ရာတွင်တစ်ဦးတည်း၊ တစ်ဖွဲ့တည်းဖြင့်မရ။ အားလုံးက အသိတရားရှိရှိဖြင့် ဝိုင်းဝန်းလုပ်ဆောင်မှသာရရှိမည်ဖြစ်သည်။ လူအင်အား၊ ငွေအင်အားလည်းလိုအပ်မည်ဖြစ်သည်။ တောင်ငူတွင်ကန်တော်ကြီးပန်းခြံအပြင် ကေတုမတီပန်းခြံလည်း ရှိနေသည်။

ကျွန်တော်တို့ကန်တော်ကြီးပန်းခြံမှ ထွက်လာခဲ့ပြီး တောင်ငူမြို့ကို တည်ထောင်ခဲ့သော မင်းကြီးညိုရုပ်တုတည်ထားရာသို့ရောက်ရှိခဲ့သည်။ စစ်ဝတ်တန်ဆာ အပြည့်အစုံဖြင့်ပြုလုပ်ထားသော မင်းကြီးညိုရုပ်တုကို ခန့်ညားထည်ဝါစွာ မြင်တွေ့ရသည်။ ရာဇမာန်အပြည့်ဟန် ပြုလုပ်ထားသောမင်းကြီးညိုကား တောင်ငူမြို့ သမိုင်းမှတ်တမ်းရုပ်ပုံလွှာကို ဖော်ညွှန်းပြသနေသကဲ့သို့ပင်။ မင်းကြီးညိုသည်တောင်ငူကို နန်းစိုက်ကာ စည်ပင်ဝပြောအောင် ကြိုးစားဆောင်ရွက်ခဲ့သော မင်းတစ်ပါးဖြစ်သည်။ မင်းကြီးညိုရုပ်တုနှင့် မလှမ်းမကမ်းကားလမ်းကို ဖြတ်သန်းပြီး ကေတုမတီတောင်ငူမြို့ဆိုင်းဘုတ်ကိုလည်း မြင်တွေ့ရသည်။ မင်းကြီးညိုရုပ်တုနှင့်မြို့ဆိုင်းဘုတ်က တင့်တယ် ပနံရလျက်ရှိသည်။

ကျွန်တော်တို့တောင်ငူမြို့ရှိ မြို့ရိုးဟောင်းများရှိရာ ထွက်လာခဲ့သည်။ တောင်ငူမြို့ကား ပဲခူးရိုးမတောင်စွယ်တောင်တန်းများအနီးတွင် တည်ရှိသဖြင့် သစ်ထုတ်ကုန်ပစ္စည်းများ ထွက်သည်။ အိမ်အသုံးအဆောင်ပရိဘောဂပစ္စည်းများလည်း ပေါသည်။ သို့သော် ဈေးကမချို။ ကျွန်တော်တို့တောင်ဘက် မြို့ရိုးသို့ ရောက်ခဲ့သည်။ အကျယ် ၉ ဒသမ ၆ မီတာခန့်ရှိသော တောင်မြို့ရိုးက ပြုပြင်ထိန်းသိမ်းထားမှုကို တွေ့ရပြီး အရှေ့ဘက်မြို့ရိုးက အစိတ်အပိုင်းအချို့သာ တွေ့ရသည်။ ရှေးဟောင်းသမိုင်းအထောက်အထားများကို ဖော်ထုတ် ထိန်းသိမ်းရသည်မှာ ပညာရှင်များ၊ ငွေကြေးပံ့ပိုးမှုများ လိုအပ်သည်။ တောင်ငူမြို့က ၁၈၅၃ ခုနှစ် အင်္ဂလိပ်- မြန်မာဒုတိယစစ်ပွဲအပြီး ဗြိတိသျှတို့လက်အောက်သို့ကျရောက်ခဲ့သည်ကို အမှတ်ရနေမိသည်။

တောင်ငူမြို့ရိုးဟောင်းများနေရာတွင် အတန်ကြာ ကြည့်ရှုလေ့လာပြီးနောက် မိန်းမလှကျွန်းဟုခေါ်သော တောင်ငူပညာရေးကောလိပ်ဘက် ထွက်လာခဲ့သည်။ ကျောင်းပိတ်ချိန်ဖြစ်၍ အသွားအလာရှင်းနေသည်။ တစ်ချိန်က တောင်ငူမြို့၏ နာမည်ကြီးသော နေရာတစ်ခုဖြစ်သော်လည်း ယခုအခါ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်နှင့်တောင်ငူ သူနာပြုလေ့ကျင့်ရေးသင်တန်း ကျောင်းများဖြင့် စည်ကားနေပြီဖြစ်သည်။ ကျွန်တော်တို့ မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုခဲ့ရာမှ တောင်ငူမြို့တွင်းအချို့လမ်းများပေါ်တွင် ကမ္ဘာလှည့်ခရီးသွားတစ်ဦးစ နှစ်ဦးစ တွေ့မြင်ရသည်။

တောင်ငူမြို့အနီးဝန်းကျင်တွင် ခရီးသွားဧည့်သည်များအတွက် လေ့လာစရာ ခရီးစဉ်များလည်းရှိနေသည်။ တောင်ငူမြို့ အရှေ့ဘက် ၂၇ မိုင်ခန့်အကွာ ကားဖြင့် နှစ်နာရီခန့်မောင်းလျှင် ရောက်ရှိနိုင်သည့် သံတောင်ကြီးရှိသလို တောင်ငူမှ ၄၈ ကီလိုမီတာခန့်အကွာတွင် သံတောင်လေးတောင်ပေါ်စခန်းရှိသည်။ ဗြိတိသျှခေတ်က တောင်ပေါ်အပန်းဖြေစခန်းများအဖြစ် အသုံးပြုခဲ့သည့် နေရာများဖြစ်သည်။ ယခုအခါ ခရီးသွားလုပ်ငန်း ခရီးစဉ်သစ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ဟု သိရသည်။

ကျွန်တော်တို့အချိန်မရသဖြင့် မရောက်နိုင်တော့။ တောင်ငူမှ မော်တော်ယာဉ်ဖြင့် ဖိုးကျားဆင်စခန်းသို့လည်း သွားရောက်နိုင်သည်။ ဖိုးကျားဆင်စခန်းကို ကျွန်တော် တစ်ခေါက်ရောက်ခဲ့ဖူးသည်။ သဘာဝခရီးသွားလုပ်ငန်း ခရီးစဉ်တစ်ခုအဖြစ် ရောက်ရှိလာသည့် နေရာတစ်ခုဖြစ်သည်။ တောင်ငူတွင် တစ်နေ့လုံးလေ့လာခဲ့ရာ နေရာများစွာကျန်နေသေးသော်လည်း မှောင်ရိပ်ကသန်းလာပြီဖြစ်သည်။ တည်းခိုရာနေရာသို့ သွားရာလမ်းတစ်လျှောက် လျှပ်စစ်မီးများက လင်းလာပြီ။ နံနက်စောစောထ ရန်ကုန်သို့ ပြန်ရမည်ဖြစ်၍ စောစောအိပ်ဖြစ်သည်။ အိပ်မက်ထဲတွင် တောင်ငူမြို့ကို တည်ထောင်ခဲ့သော မင်းကြီးညိုရုပ်တုက တဝဲဝဲလည်လျက်။

**အကျယ် ၉ ဒသမ ၆ မီတာခန့်ရှိသော တောင်မြို့ရိုးက ပြုပြင်ထိန်းသိမ်းထားမှုကို တွေ့ရပြီး အရှေ့ဘက်မြို့ရိုးက အစိတ်အပိုင်းအချို့သာ တွေ့ရသည်။ ရှေးဟောင်းသမိုင်းအထောက်အထားများကို ဖော်ထုတ် ထိန်းသိမ်းရသည်မှာ ပညာရှင်များ၊ ငွေကြေးပံ့ပိုးမှုများ လိုအပ်သည်။ တောင်ငူမြို့က ၁၈၅၃ ခုနှစ် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲအပြီး ဗြိတိသျှတို့လက်အောက်သို့ကျရောက်ခဲ့သည်ကို အမှတ်ရနေမိသည်။**

# အသစ်တစ်ဖန်ပြန်လည်မွေးဖွားပေးမည့် အရေပြားစမ်းသပ်မှု

**ဘာသာပြန်-ကလျာမိုးမြင့်**

မီးလောင်ဒဏ်ရာရရှိထားသူများနဲ့ အရွယ်မတိုင်မီ ဆံပင်ကျွတ်ပြီး ထိပ်ပြောင်နေသူများအတွက် ဆုံးရှုံးသွားတဲ့ဆံပင်များနဲ့ အရေပြားအသစ်ထပ်မံပေါ်ပေါက်လာစေဖို့ ပညာရှင်များက မကြာမီအချိန်အတွင်း အကူအညီပေးနိုင်ကြတော့မှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ပေးဖို့ သွေးတစ်စက်နဲ့ အစပြုနိုင်မှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံ တိုကျိုသိပ္ပံတက္ကသိုလ်က ရိုဂျီတာကာဂီ ဦးဆောင်တဲ့ ဂျပန်ဇီဝဆေးသုတေသနပညာရှင်အဖွဲ့ဟာ လူ့ခန္ဓာကိုယ်မှာ အကြီးဆုံးအစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အရေပြားအသစ်ထပ်မံဖွဲ့စည်းပေါ်ပေါက်ဖို့ သုတေသနပြုလုပ်ဆောင်ရွက်ရာမှာ အရေးကြီးတဲ့ တိုးတက်ဖြစ်ပေါ်မှု တစ်ခုကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အရွယ်ရောက်တစ်သျှူးများကနေ သိပ္ပံနည်းအရ မျိုးရိုးဗီဇဆိုင်ရာပြုပြင်ဖန်တီးထားတဲ့ စတန်ဆဲလ်များမှတစ်ဆင့် သုံးဘက်မြင်အလွှာများပါရှိတဲ့ အရေပြားနဲ့ဆံပင်ဆဲလ်များ ပေါ်ပေါက်လာစေမယ့် နည်းလမ်းသစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း Science Advances ဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။

သိပ္ပံပညာရှင်များ စမ်းသပ်ဖန်တီးလိုက်တဲ့ အရေပြားဟာ အရေပြားဆဲလ်အလွှာ သုံးမျိုးလုံးပါရှိတဲ့အပြင် ချွေးဂလင်း၊ အမွှေးအိတ်နဲ့ အရေပြားကနေအဆီကို ထုတ်လုပ်ပေးတဲ့ အဆီအိတ်များလည်းပါရှိပါတယ်။

အရေပြားအသစ်ကို စမ်းသပ်ဖို့အတွက် သုတေသီများဟာ အမွှေးအမျှင်တွေ ကျွတ်နေတဲ့ ကြွက်တစ်ကောင်ရဲ့ DNA ကို ရယူခဲ့ပြီး အရေပြားတုတစ်ခုကို ဖွဲ့စည်းတည်ဆောက်လိုက်ပါတယ်။ အဲဒီအရာကို ကြွက်ရဲ့ ကိုယ်ထဲပြန်လည်ထည့်သွင်းခဲ့တဲ့အခါမှာ အောင်မြင်စွာနဲ့ အမွှေးအမျှင်တွေ ပေါက်လာခဲ့ပါတယ်။ စမ်းသပ်ကာလရက် ၇၀ ကျော်လွန်တဲ့အထိ အရေပြားနဲ့ အမွှေးများဖြစ်ပေါ် အောင်မြင်ခဲ့ပါတယ်။

ဆေးသုတေသနပညာရှင် တာကာဂီဟာ အလွှာများစွာ ပါရှိတဲ့ အရေပြားဆဲလ်များကို ဖွဲ့စည်းတည်ဆောက်နိုင်ဖို့အတွက် ပထမဦးစွာ တစ်သျှူးနမူနာများကို စုစည်းလိုက်ပါတယ်။ ဒါဟာ သွေးတစ်စက်ထုတ်ယူလိုက်သလိုပဲရိုးရှင်းပါတယ်။ ဒါပေမယ့် အစမ်းသပ်ခံကြွက်ထံမှနေ သွားဖုံးအနည်းငယ်ကို ခြစ်ထုတ်ခဲ့ရပါတယ်။

အဲဒီနောက်မှာတော့ ဆေးသိပ္ပံအဖွဲ့အနေနဲ့ ရယူထားတဲ့ adult cell များကို stem cell များအဖြစ်သို့ သိပ္ပံနည်းအရ ဗီဇဆိုင်ရာပြုပြင်ဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပါပြီ။ ဒီဖြစ်စဉ်ကို ၂၀၀၆ ခုနှစ်မှာ ပထမဆုံး စမ်းသပ်အောင်မြင်ခဲ့ပြီး သုတေသီနှစ်ဦးဖြစ်တဲ့ ရှင်ယာယမာနာကာနဲ့ ဆာဂျွန်ဂါဒွန် (၂၀၁၂ ခုနှစ် ကမ္ဘာ့ဗေဒနှင့် ဆေးပညာဆိုင်ရာနိုဗယ်ဆုရှင်)တို့က ပြုလုပ်ခဲ့ကြတာပါ။ သိပ္ပံနည်းအရ ပြုပြင်ဖန်တီးထားတဲ့ အဆိုပါဆဲလ်များကို ips ဆဲလ်လို့ခေါ်ပါတယ်။


တာကာဂီနဲ့ အဖွဲ့တွေ့ရှိခဲ့တဲ့ အချက်ကတော့ ပြုပြင်ဖွဲ့စည်းထားတဲ့ ips ဆဲလ်တွေကို အရေပြားနဲ့ ဆံပင်ဆဲလ်များအဖြစ်သို့ ပြန်လည်မွေးဖွားဖို့ ဘယ်လို ပြုစုပျိုးထောင်ရမယ်ဆိုတဲ့ အချက်ပါ။ စတန်ဆဲလ်တွေကို ဗက်တီးရီးယား မွေးမြူရန်ပြုလုပ်ထားတဲ့ ပန်းကန်အတွင်းမှာ မှန်ကန်တဲ့ ဓာတုပေါင်းစပ်မှုများနဲ့ ရှင်သန်ကြီးထွားဖွံ့ဖြိုးစေခဲ့ပါတယ်။

adult cell များကနေ ဆင်းသက်ဖြစ်ပေါ်လာတဲ့ stem cell ဖြစ်စဉ်ကို အသုံးပြုပြီး သွားနဲ့ တံတွေးဂလင်းများအပါအဝင် ခံတွင်းရဲ့ အစိတ်အပိုင်းများစွာ အသစ်ပြန်လည်ဖြစ်ပေါ်လာစေမယ့် နည်းလမ်းကို လုပ်ဖော်ကိုင်ဖက်များနဲ့အတူ ရှာဖွေနေကြောင်း ဆေးသိပ္ပံအဖွဲ့မှ အိုဂါဝါက ရှင်းပြခဲ့ပါတယ်။

စမ်းသပ်အောင်မြင်ထားတဲ့ သုံးဖက်မြင်အရေပြားတစ်သျှူးများကို ကြွက်အရှင်တွေရဲ့ ကိုယ်ထဲထည့်သွင်းခဲ့ရာမှာ ဒီတစ်သျှူးတွေဟာ အာရုံကြောနဲ့ ကြွက်သားမျှင်လိုမျိုး အခြားသောအင်္ဂါစနစ်များနဲ့ ကောင်းမွန်စွာချိတ်ဆက်ဖွဲ့စည်းသွားခဲ့တာကို တွေ့ရပါတယ်။

ဒီလိုချိတ်ဆက်ဖွဲ့စည်းသွားခြင်းကြောင့် အရေပြားရောဂါဝေဒနာခံစားရသူများနဲ့ မီးလောင်ဒဏ်ရာရရှိထားတဲ့ လူနာများအဖို့ အရေပြားအသစ်ပြောင်းလဲခြင်းလုပ်ဆောင်ဖို့ လမ်းကြောင်းပွင့်သွားစေပါတယ်။ မကြာသေးမီ နှစ်များအတွင်းက ဇီဝဖြစ်စဉ်အတွင်း အင်ဂျင်နီယာ နည်းပညာရပ် ထည့်သွင်းအသုံးပြုထားတဲ့ တစ်သျှူးတွေကို သုတေသနပြုစမ်းသပ်ခဲ့ရာမှာ အောင်မြင်မှုရရှိခဲ့ပြီး တစ်သျှူးအမျိုးအစားများစွာကို ဖန်တီးယူနိုင်ခဲ့ပါတယ်။

**အရေပြားအသစ်ကို စမ်းသပ်ဖို့အတွက် သုတေသီများဟာ အမွှေးအမှုင်တွေ ကျွတ်နေတဲ့ ကြွက်တစ်ကောင်ရဲ့ DNA ကို ရယူခဲ့ပြီး အရေပြားတုတစ်ခုကို ဖွဲ့စည်းတည်ဆောက်လိုက်ပါတယ်။ အဲဒီအရာကို ကြွက်ရဲ့ ကိုယ်ထဲပြန်လည်ထည့်သွင်းခဲ့တဲ့အခါမှာ အောင်မြင်စွာနဲ့ အမွှေးအမှုင်တွေ ပေါက်လာခဲ့ပါတယ်။**





# အပြောအရေးကွာဟမှုများ(၆)

❖မောင်ခင်မင်(ဓနုဖြူ)

"အပြောနဲ့အရေး ကွာဟလာရတဲ့အကြောင်းတစ်ခုက အပြောက ပြောင်းလာပေမယ့် အရေးက လိုက်မပြောင်းတဲ့အတွက်ပဲကွဲ့"

"အဲဒါ. . . ဘာဆိုလိုတာပါလဲ ဆရာ"

"သမီးလည်း ဆရာပြောတာကို နားမလည်ပါဘူး ဆရာ"

"ကဲ. . . အခု သမီးပြောတဲ့စကားထဲက 'နားမလည်' ဆိုတဲ့စကားကိုပဲ သာဓကပြပ့ါမယ်။ ရေးရင် 'နားမလည်'လို့ ရေးပေမယ့် ပြောတော့ ဘယ်လိုအသံထွက်သလဲ သမီး"

"ဩော်. . . 'နားမလယ်'လို့ အသံထွက်တယ် မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်။ ဒီတော့'နားမလည်'ကို 'နားမလည်' လို့ မူရင်းအသံအတိုင်း အသံမထွက်ဘဲ 'နားမလယ်' လို့ အသံပြောင်းသွားတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဆရာ အရင်ဆွေးနွေးဖူးပါတယ်။ စာအရေးအသားပေါ်ပေါက်ခါစတုန်းကဆိုရင် အသံကိုအခြေခံပြီး အက္ခရာတီထွင်တာမို့ အပြောနဲ့အရေးကြားမှာ ကွာဟချက်မရှိနိုင်ဘူးလို့ ပညာရှင်တွေက ဆိုကြတယ်။ 'နားလည်'လို့ရေးတာဟာ မူလတုန်းက 'နားလည်' ကိုပဲ အသံထွက်လို့ ရေးတာပေ့ါ။ နောက်တော့ အပြောမှာ 'နားလည်'ကနေ 'နားလယ်'လို့ အသံပြောင်းသွားတယ်။ အရေးကတော့ အခိုင်အမာရေးသားထားတာမို့ အပြောလောက်အပြောင်းမမြန်ဘူး။ ဒီတော့ 'နားလည်' ဆိုတဲ့အရေးက လိုက်မပြောင်းဘူး။ အပြောပြောင်းသလို အရေးက လိုက်မပြောင်းတော့ စာနဲ့ရေးရင် 'နားလည်'၊ စကားနဲ့ပြောရင် 'နားလယ်' ဆိုပြီး အပြောနဲ့အရေးကြားမှာ ကွာဟသွားတာပေ့ါကွယ်"

"နားလည်ပါပြီဆရာ"

"အသံအနေနဲ့ပြောရရင်တော့ 'လည်'က /လီ/ လို့ အသံထွက်တာမို့ /အီ/သရသံပေ့ါ။ 'လယ်'က ကျတော့ /အယ်/သရသံပေ့ါ။ ဒီတော့ /အီ/ကနေ /အယ်/ကို ပြောင်းတယ်လို့ပြောရမှာပေ့ါ"

" 'လာမည်'ကို 'လာမယ်'လို့ အသံထွက်တာလည်း အဲဒီသဘောပဲပေ့ါနော် ဆရာ"

"ဟုတ်ပါတယ်။ 'လှည်း'ကို /လှဲ/၊ 'အထည်'ကို /အထယ်/၊ 'ထည့်'ကို/ထဲ့/၊ 'တပည့်'ကို /ဒဘဲ့/လို့ အသံထွက်တာတွေကလည်း အဲဒီလို /အီ/ကနေ /အယ်/ကို ပြောင်းတဲ့သာဓကတွေပဲပေ့ါ"

"ဆရာ 'လူပြည့်နေပြီ'တို့ 'ပြည့်ဝ' တို့ကျတော့ 'ပြည့်'ကို ပြေ့/ ပျေ့/လို့ အသံထွက်ရတယ် မဟုတ်လား။ အဲဒါကျတော့/အိ/ကနေ/အေ့/ကို ပြောင်းတာပေ့ါနော်"

"ဟုတ်ပါတယ်။ 'ဖြည့်'ကနေ ဖြေ့/ ဖျေ့/ 'ပြည်' ကနေ ပြေ/ ပျေ/၊ ဖြည်းဖြည်းကနေ ဖြေးဖြေး/ ဖျေးဖျေး/ကိုပြောင်းတာတွေလည်း /အိ/ကနေ /အေ့/ ကိုပြောင်း၊ /အီး/ကနေ /အေး/ကို ပြောင်းတာတွေပေ့ါ။ (ကျွန်တော်က အသံထွက်များကို မြန်မာအဘိဓာန်တွင် သုံးသော အသံထွက်အက္ခရာစနစ်ဖြင့် ရေးပြလိုက်ပါသည်။) "အသံထွက်ကို ပြရင် / /ကြားထဲမှာ ခုဆရာ ရေးပြသလိုပြနော်"

"ဟုတ်ကဲ့ပါ"

"/အေ/ သရကနေပြီး/အီ/သရကိုပြောင်းတဲ့ စကားလုံးတွေလည်း ရှိတယ်ကွဲ့။ ထိုင်တဲ့ခုံကလေးကို 'ခွေးခြေ' လို့ရေးတယ် မဟုတ်လား။ အသံထွက်တော့ ဘယ်လို ထွက်သလဲ"

" 'ခွေးချီ'လို့ ထွက်ပါတယ်ဆရာ"

"အဲဒီလိုပဲ ချေး/ချီး/ ၊ မြေး/မြီး၊ ကြိုးဖြေ/ကျိုးဖျီ/၊ မျိုးစေ့/ မျိုးဇိ/၊ သစ်စေ့/သစ်စိ / ဆိုတဲ့ သာဓကတွေ ကြည့်ရင်း /အေ/သရကနေပြီး/အီ/ သရကို ပြောင်းတာတွေ့နိုင်တယ်"

"မှတ်သားထားပါတယ် ဆရာ"

"သရပြောင်းသလို ဗျည်းပြောင်းတာတွေလည်း ရှိတယ်။ /လျ/ ဆိုတဲ့ ဗျည်းသံက /လ/ ပြုတ်ပြီး /ယ/ကို ပြောင်းတာမျိုးပေ့ါ"

"သာဓကပြောပြပါ ဆရာ"

" လျာထား/ ယာဒါး/၊ အလျား/အယား၊ လျော်ငွေ/ ယော်ငွေ့/၊ လျက်ဆား/ ယက်ဆား/ဆိုတာမျိုးတွေပေ့ါ"

"ဟုတ်ကဲ့ပါ"

"/လှျ/ ဗျည်းကတော့ /ရှ/ကို ပြောင်းတယ်။ 'လျှာ' ကနေ 'ရှာ' /ယှာ/ 'လျှောက်' ကနေ 'ရှောက်' /ယှောက်/၊ 'လျှို့ဝှက်'ကနေ 'ရှို့ဝှက်'/ယှို့ဝှက်/၊ လျှော်က နေ ရှော်/ယှော်/၊ လျှံကနေ ရှံ/ယှံ/ လို့ ပြောင်းပုံမျိုးတွေပေ့ါ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်မျိုးက ယသံလျော့သွားတာမျိုးပေ့ါ။ ရေးတဲ့အခါမှာတော့ ယပင့်၊ ရရစ်တွေ လျော့သွားတာ မျိုးပေ့ါ" 'အမြီး' လို့ရေးပြီး /အမီး/ လို့ အသံထွက်တာ၊ 'ပြီး'လို့ ရေးပြီး /ပီး/လို့ အသံထွက်တာ၊ အဲဒီလိုပဲ 'အမြေး' က/ အမေး'၊ / 'အမြိတ်' က /အမိတ်/၊ လူပြိန်းက /လူဗိန်း/၊ မြွေက/မွေ/ ဆိုတာ မျိုးတွေပေ့ါ"

"ဟုတ်ကဲ့ပါ"

"ခုပြောပြီးတာတွေက အသံလျော့သွားတဲ့ စကားလုံးတွေပေ့ါ။ အသံတိုးထားတဲ့ စကားလုံးတွေလည်း ရှိတယ်။ တစ်မျိုးက အရေးမှာ ဟထိုးသံမပါဘဲ အပြောမှာ ဟထိုးသံ ပိုပြီးပြောတာလေ"

"သမီး ပြောကြည့်ပ့ါမယ် ဆရာ။ ' အပေါင်းအနုတ်' လို့ရေးတာကို 'အပေါင်းအနှုတ်'လို့ အသံထွက်တာမျိုးပါ"

"ဟုတ်တယ်"

"သမီးမှတ်မိနေတာက ကျောင်းမှာတုန်းက 'ကောက်နုတ်ချက်' ကို အသံထွက်တဲ့အတိုင်း 'ကောက်နှုတ်ချက်' လို့ ဟထိုးထည့်ရေးမိလို့ ဆရာမက ပြင်ပေးရဖူးပါတယ်"

"ဆရာ၊ 'မှင်' လို့ အသံထွက်ပေမယ့် ရေးတော့ 'မင်' လို့ပဲ ရေးရတယ် မဟုတ်လား ဆရာ။ 'မင်အိုး'၊ 'မင်စာ'၊ 'မင်နဲ့ရေးတယ်' ဆိုတာတွေကို 'မှင်အိုး ၊ မှင်စာ' မှင်နဲ့ရေးတယ်' လို့ ဟထိုးထည့်ပြီး ဖတ်မိကြပါတယ် ဆရာ"

"ဟုတ်တယ်။ 'လေးနဲ့မြား' ဆိုရင်လည်း လေးနဲ့ မြား/မျှား/လို့ ဟထိုးသံပိုထည့်ပြီး ပြောမိတတ်ပါတယ်။ 'လျင်မြန်' ကိုလည်း 'လျှင်မြန်'လို့ ဟထိုးသံ ပိုထည့်မိတတ်တယ်"

"ဟုတ်ကဲ့ပါ"

"ယသံပိုထည့်တဲ့ စကားလုံးတွေလည်း ရှိသေးတယ်။ 'ပညာ'လို့ ရေးတာကို 'ပျင်ညာ' လို့ ထွက်တာမျိုးပေ့ါ။ 'ပညာ'က ပါဠိစကားပါ။ 'ည'က ဉကလေး နှစ်လုံးဆင့်ထားတာမို့ ခွဲရေးရင် 'ပဉ်+ဉာ' လို့ ရေးရမှာပေ့ါ(ကျွန်တော်က ရေးပြလိုက်သည်။) သူ့အတိုင်း အသံထွက်ရင် /ပင်ညာ/ပေ့ါ။ ဒါပေမယ့် ယပင်းသံထည့်ပြီး/ ပျင်ညာ/ လို့ပဲ ထွက်ကြတယ်လေ"

"ဆရာ၊ 'မေတ္တာ'ကို /မျစ်တာ/လို့ အသံထွက်တာလည်းအဲဒီသဘောပါပဲလား"

"ဟုတ်ပါတယ်။ နောက် 'လွှင့်ပစ်တယ်' တို့၊ ' သတ်ပစ်တယ်' တို့ စကားလုံးတွေဟာ ရေးတော့ 'ပစ်'လို့ရေးပေမယ့် အသံထွက်တော့/ပျစ်/လို့ ထွက်တာ မဟုတ်လား"

"ဆရာ၊ အဲဒီလို ဟထိုးသံတို့ ယပင့်သံတို့ တိုးလာတာဘာကြောင့်ပါလဲ"

"ရွတ်ရဆိုရတာ ပိုပြီးလွယ်လို့ပေ့ါကွယ်။ 'မင်' လို့ ဆိုရတာထက် 'မှင်' လို့ ဆိုရတာက ပိုပြီးမလွယ်ဘူးလား။ မေတ္တာလို့ဆိုရတာ ထက် 'မျစ်တာ' လို့ ဆိုရတာက ပိုပြီးလွယ်တာပေ့ါ။ 'လွှင့်ပစ်တယ်' လို့ ပြောတာထက် 'လွှင့်ပျစ်တယ်' လို့ပြောတာက ပိုပြီးလွယ်တာပေ့ါ။ ဒါကြောင့် အဲဒီအသံတွေ တိုးလာတာပေ့ါကွယ်"

"နားလည်ပါပြီ ဆရာ"

"ဒီတော့ အရေးနဲ့အပြော ကွာဟလာရတဲ့ အကြောင်းတွေထဲမှာ ခုပြောခဲ့သလို အပြောက ပြောင်းလာပြီး အရေးက လိုက်မပြောင်းတာလည်း အကြောင်းတစ်ခုပဲပေ့ါ"

"ဟုတ်ကဲ့ဆရာ။ သမီးစဉ်းစားမိတာ တစ်ခုက အရေးရော အပြောရော မပြောင်းတဲ့စကားလုံးတွေလည်း ရှိနေတယ်လို့ စဉ်းစားမိတာပါ"

"ဆိုပါဦး"

"ခုနပြောသလို 'အရည်' က 'အရေ' လို့ ပြောင်းတယ်။ အသံထွက်ကို ရေးရင်တော့ /အယေ/ပေ့ါ။ 'လည်ပတ်' က 'လယ်ပတ်' လို့ ပြောင်းတယ်။ ဒါပေမယ့် 'ကြည်'ကျတော့ မပြောင်းဘူးနော်။ အရေးရောအပြောရော 'ကြည်'လို့ပဲ ရေးတယ်။ ပြောတယ်။ မဟုတ်လား ဆရာ"

"ဟုတ်ပ့ါဗျာ။ ဒါကြောင့် အသံချင်းအတူတူ ဘယ်စကားလုံးတွေက ပြောင်းတယ်၊ ဘယ်စကားတွေက မပြောင်းဘူးဆိုတာ အသေအချာလေ့လာရမှာပေ့ါ။ ကဲ. . . နားကြစို့"

"ဟုတ်ကဲ့ပါ"

**'နားလည်'လို့ ရေးတာဟာ မူလတုန်းက 'နားလည်'ကိုပဲ အသံထွက်လို့ ရေးတာပေ့ါ။ နောက်တော့ အပြောမှာ 'နားလည်' ကနေ 'နားလယ်'လို့ အသံပြောင်းသွားတယ်။ အရေးကတော့ အခိုင်အမာရေးသားထားတာမို့ အပြောလောက် အပြောင်းမမြန်ဘူး**

# ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာက အလင်းရောင်စာကြည့်တိုက်

ကြီးမြင့်နိုင်(လွိုင်ကော်)

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ဂန့်ဂေါမြို့နှင့် မနီးမဝေးမြစ်သာမြစ်တစ်ဖက်ကမ်းတွင် ရှုံးရှီအမည်ရှိ ကျေးရွာတစ်ရွာရှိသည်။ မြန်မာသက္ကရာဇ် ၁၁၉၉ ခုနှစ် ကုန်းဘောင်မင်းဆက် သာယာဝတီမင်းလက်ထက်တွင် စတင်တည်ထောင်သဖြင့် ကျေးရွာ၏ သက်တမ်းသည် နှစ်ပေါင်း ၁၇၀ ကျော်ပြီဖြစ်သည်။ အိမ်ခြေ ၇၄၉၊ အိမ်ထောင်စု ၇၆၅၊ လူဦးရေ ၃၇၀၀ ကျော်ရှိပြီး ဗမာနှင့်ချင်းလူမျိုး အများစုနေထိုင်လျက်ရှိသည်။

ထိုကျေးရွာ၏အလယ်တွင် စာဖတ်သူများနှင့် စည်ကားနေသော စာကြည့်တိုက်တစ်ခုကိုတွေ့ခဲ့ရသည်။ စာကြည့်တိုက်အမည်မှာ အလင်းရောင်ဟူ၍ အမည်ရသည်။ စာကြည့်တိုက်အဆောက်အအုံသည် အလျား ၄၅ ပေ၊ အနံ ၂၉ပေ၊ အမြင့် ၁၂ ပေရှိတစ်ထပ် အုတ်ညှပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး အလျား ၅၇ ပေ၊ အနံပေ ၅၀ အကျယ်အဝန်းရှိမြေပေါ်တွင် တည်ဆောက်ထားသည်။

ဤစာကြည့်တိုက်တည်ဆောက်ရေးအတွက် ကုန်ကျငွေစုစုပေါင်းမှာ ၂၂၂၈၇၇၃၅ ကျပ်ဖြစ်သည်။ ဤစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။

ဤစာကြည့်တိုက်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၃၇-၃၈ ခုနှစ်တွင် ကျောင်းဆရာကြီး ဦးအုန်းဆိုင်က သီရိမင်္ဂလာစာကြည့်အသင်းဟူ၍ တည်ထောင်ခဲ့ရာမှ စတင်သန္ဓေတည်လာခဲ့ခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် ကျောင်းဆရာကြီး ဦးအုန်းမော်နှင့် စာပေဝါသနာရှင်လူငယ်များက ကျေးလက်တောရွာပြုပြင်ရေး စာကြည့်တိုက်အသင်းကို တည်ထောင်ခဲ့ကြပြန်သည်။ စာအုပ်များကို အခကြေးငွေဖြင့်ငှားရမ်းပြီး ညအချိန် လက်ဆွဲခတ်မီးများထွန်းလျက် စာမတတ်သူများကို စာသင်ပေးခဲ့ကြသည်။ အားကစားလှုပ်ရှားမှုများလည်း ပြုလုပ်ခဲ့ကြသည်။ ထိုစဉ်က ကျေးရွာသူကြီးမှာ ဦးရာအုပ်ဖြစ်ပြီး သူကြီးဦးရာအုပ်နှင့် ကျေးရွာကော်မတီလူကြီးများ၏ ထောက်ပံ့မှုဖြင့် ဆရာကြီးဦးရာမြ၏ နေအိမ်ခြံဝင်းထဲတွင် အဆောက်အအုံဆောက်လုပ်ပြီး ပရိဘောဂများဝယ်ယူကာ စာကြည့်အသင်း ထူထောင်ခဲ့ကြခြင်းဖြစ်သည်။ ရွာသူကြီး ဦးရွှေထွန်းလက်ထက်တွင် စာကြည့်တိုက်ကိုယ်ပိုင်မြေရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရှုံးရှီကျေးရွာ မီးလောင်ရာ စာကြည့်အသင်းအဆောက်အအုံနှင့် ပရိဘောဂများ၊ စာအုပ်များ၊ အားကစားပစ္စည်းများ မီးလောင်ဆုံးရှုံးသွားသည်။ ရှုံးရှီကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘကြည်လက်ထက်တွင် ရန်ပုံငွေရှာဖွေကာ စာကြည့်တိုက်အဆောက်အအုံ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ကျေးလက်တောရွာ ပြုပြင်ရေးစာကြည့်အသင်းမှဦးဆောင်ပြီး ရှုံးရှီကျေးရွာမြောက်ရပ်၊ တောင်ရပ်၊ ကြားရပ်၊ လုံခြုံကျေးရွာများမှ လူငယ်လူရွယ်များနှင့်ညှိနှိုင်းကာ မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ် နတ်တော်လဆန်း ၁ ရက် ခရစ်နှစ် ၁၉၇၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဂန့်ဂေါမြို့နယ်၏ ပထမဆုံး စာဆိုတော်နေ့အခမ်းအနားကိုကျင်းပနိုင်ခဲ့သည်။ ယင်းစာဆိုတော်နေ့အခမ်းအနားတွင် ဆရာမြသန်းတင့်၊ ဆရာမင်းကျော်၊ ဆရာတင်မိုး၊ ဆရာမင်းလှညွန့်ကြူး၊ ဆရာမ ခင်ဆွေဦးနှင့်ဆရာပန်းချီစံတိုးတို့က စာပေအကြောင်းအရာများ ဟောပြောခဲ့ကြသည်။

စာဆိုတော်နေ့အခမ်းအနားကို ရှုံးရှီကျေးရွာလူငယ်မောင်မယ်များ စင်မြင့်ပေါ်တွင် စကားပြောတတ်ရန်၊ စာပေဗဟုသုတများ၍ ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာရန်၊ စာရေးဆရာ၊ သတင်းစာဆရာများ မွေးထုတ်ပေးရန်၊ စာဆိုတော်ကြီးများအား ဂုဏ်ပြုသည့်ပွဲဖြစ်၍ စာဆိုတော်နေ့ကိုနှစ်စဉ်ကျင်းပရန်ဟု အခမ်းအနား ဖြစ်မြောက်ရေးတွင်ဦးဆောင်ပါဝင်ခဲ့သူ ဦးထွန်းပြုံးက ပြောသည်။

ရှုံးရှီရွာငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီဥက္ကဋ္ဌ ဦးသက်မောင်လက်ထက်တွင် စာကြည့်တိုက်အတွက် ရန်ပုံငွေ ၉၁၄၅ ကျပ်၊ ရှုံးရှီရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်ညိုလက်ထက်တွင် ၇၁၇၅ ကျပ်၊ ရှုံးရှီရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြို့အောင်လက်ထက်တွင် ၂၁၀၀၀၀ ကျပ်တို့ကို စာကြည့်တိုက်သို့ထောက်ပံ့ခဲ့ကြသည်။ ၂၀၀၄ ခုနှစ်တွင် ကျေးလက်တောရွာပြုပြင်ရေး စာကြည့်အသင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲတော်ကို စည်ကားစွာကျင်းပခဲ့သည်။ ရှုံးရှီရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းပိုင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကိုကိုလတ်တို့လက်ထက်တွင် စာကြည့်တိုက်အဆောက်အအုံဟောင်းကြီးအား အသစ်ပြန်လည်တည်ဆောက်နိုင်ရန် ရန်ပုံငွေကျပ် ၄၈၀၀၀၀၀ ကို စုဆောင်းနိုင်ခဲ့သည်။ ရှုံးရှီရွာအုပ်ချုပ်ရေးမှူး ဦးရာခန့်လက်ထက် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ကျေးလက်တောရွာပြုပြင်ရေး စာကြည့်အသင်းအမည်မှ အလင်းရောင်စာကြည့်တိုက်ဟု ပြောင်းလဲသတ်မှတ်ခဲ့ပြီး ယခုအခါ ရှုံးရှီကျေးရွာ၌ ငွေကျပ် ၂၂၂၈၇၇၃၅ ကုန်ကျသော စာကြည့်တိုက်အဆောက်အအုံသစ်ကြီးပေါ်ထွန်းလာပြီဖြစ်သည်။ တာဝန်ရှိသူအဆက်ဆက်၏ ဦးဆောင်မှုကောင်းမွန်ခြင်း၊ ရွာလူထု၏ စည်းလုံးညီညွတ်ခြင်းတို့ကြောင့် ဖြစ်ထွန်းပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ ၁၉၇၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ရှုံးရှီကျေးရွာတွင် စာဆိုတော်နေ့ အခမ်းအနားကျင်းပစဉ် ထိုရွာသို့ ကဗျာဆရာကြီးတင်မိုး ရောက်ရှိစဉ်အခါက လက်တန်းရေးစပ်ဖွဲ့ဆိုသွားသော ကဗျာတစ်ပုဒ်ကို အလင်းရောင်စာကြည့်တိုက်အဆောက်အအုံ၏ နံရံထက်တွင် ဆေးသားဖြင့် ရေးခြယ်ထားလျက်သား တွေ့မြင ရသည်။

**ရှုံးရှီ**
**လှသောရှုံးရှီ၊ နေရီရီတွင်၊**
**အသွင်တင့်ဆန်း၊ စာဆိုပန်းသည်၊**
**လန်းဆန်းထာဝရ၊ ပွင့်ပါစေ။**

အဆိုပါကဗျာကိုပင် ရှုံးရှီရွာသားတစ်ဦးဖြစ်သူ ဦးထွန်းပြုံးက နှုတ်မှဖွဖွရွတ်ဆိုပြီးနောက် "အဲ့ဒီကဗျာကို ဆရာကြီးက ကျွန်တော့်စာအုပ်ထဲမှာ လက်တန်းရေးချပေးသွားခဲ့တာ"ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားခဲ့လေသည်။ စာကြည့်တိုက်များ အောင်မြင်ကြပါစေသတည်း။ ။

**ကျေးရွာ၏အလယ်တွင် စာဖတ်သူများနှင့်စည်ကားနေသော စာကြည့်တိုက်တစ်ခုကို တွေ့ခဲ့ရသည်။ စာကြည့်တိုက်အမည်မှာ အလင်းရောင်ဟူ၍ အမည်ရသည်**

# လန်ချန်း-မဲခေါင် လူငယ်ချစ်ကြည်ရေးခရီးစဉ်မှ ဖွံ့ဖြိုးတိုးတက်မှုများဆီသို့

သတင်းဆောင်းပါး-ဌေးလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ



*အအေးဓာတ်က မသိမသာ တဖြည်းဖြည်း ပိုပိုလာခဲ့တယ်။ ဝတ်သွားတဲ့အင်္ကျီက တရုတ်နိုင်ငံရဲ့အအေးဒဏ်ကိုအန်တုရ၍ မယှဉ်နိုင်။ ဒေသဗဟုသုတမသိသေး၍ ပါလာသည့် အနွေးထည်ထူထူကို ကဗျာကယာလွှမ်းခြုံသော်လည်း ခိုက်ခိုက်တုန်နေဆဲ။ စာရေးသူသွားရောက်သည့်ခရီးစဉ်က မတ်လ ၁၃ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့နှင့် မတ်လ ၁၈ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသော (၁၁)ကြိမ်မြောက် လန်ချန်း-မဲခေါင် လူငယ်ချစ်ကြည်ရေးအစီအစဉ်ကို သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။*

**■လူငယ်အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု ကုမ္ပဏီက အသစ်အဆန်းတီထွင်သူလူငယ်တွေကို နှစ်နှစ်အထိ နေရာ အလကားပေးပြီး လုပ်ငန်းဆောင်ရွက်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးထား**

**■ လူငယ်တွေက အသစ်အဆန်းတစ်ခုခုကို နှစ်နှစ်အတွင်း အဆိုပါကုမ္ပဏီရဲ့ အလုပ်ခန်းတွေမှာ အောင်မြင်အောင် တီထွင်စမ်းသပ်ဆောင်ရွက်ရန်ဖြစ်**

လူငယ်ချစ်ကြည်ရေးအစီအစဉ်မှာ မဲခေါင်မြစ်ဝှမ်း နံဘေး မေးတင်နေတဲ့ အိမ်နီးချင်းနိုင်ငံ တစ်နည်းဆိုက မဲခေါင်အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှ နိုင်ငံကိုယ်စားပြု လူငယ် ၁၁ ဦးစီပါဝင်တဲ့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်းပင်ဖြစ်ပါတယ်။ အဆိုပါ လူငယ်ချစ်ကြည်ရေးအစီအစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြုလူငယ်အဖွဲ့ဝင်တွေထဲမှ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း(ရန်ကုန်)မှ လက်ထောက်ကထိက ဒေါ်ခင်ဝင်းဝင်းအေး ဦးဆောင်တဲ့ စာရေးသူအပါအဝင် လူငယ် ၁၁ ဦး လိုက်ပါသွားရောက်ခဲ့ပါတယ်။

မတ်လ ၁၃ ရက်နေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မှ စတင်ထွက်ခွာခဲ့ရာ တရုတ်နိုင်ငံ နန်နင်းမြို့သို့ ဒေသစံတော်ချိန် ည ၁ဝ နာရီ မိနစ်၂ဝ တွင် လေယာဉ်ဆိုက်၍ တည်းခိုမယ့် Mingyuan Hotel ကို သွားရောက်ခဲ့ပါတယ်။



လေ့လာရေးအဖွဲ့အား ဖက်ထုပ်လုပ်နည်းပြသနေစဉ်

တည်းခိုမယ့်ဟိုတယ်ကိုရောက်တော့ ခရီးပန်းပြီး ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားလိုက်တာ နာရီနိုးစက်သံကြားမှ အိပ်ရာမှ လန့်နိုးလာပါတယ်။

မတ် ၁၄ ရက်နံနက်မှာ လန်ချန်း-မဲခေါင်လူငယ်ချစ်ကြည်ရေးအစီအစဉ်ဖွင့်ပွဲပြုလုပ်တဲ့ နေရာကိုသွားခဲ့ပါတယ်။ မကြာမီမှာဘဲ မဲခေါင်နိုင်ငံတွေက လူငယ်တွေနဲ့ မိတ်ဆက်ကြပါတယ်။ စကားစမည်ပြောဆိုကြနဲ့ အခုမှ တွေ့ဖူးတဲ့ လူငယ်တွေဟာ ရင်းရင်းနှီးနှီးငယ်ပေါင်းတွေ ကျနေတာပဲ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရင်းနှီးမှုအစီအစဉ်တစ်ရပ် အနေနဲ့ အားကစားပွဲတွေ ဆင်နွှဲကြပါတယ်။ ရည်ရွယ်ချက်ကတော့ မဲခေါင်ခြောက်နိုင်ငံက လာရောက်ကြတဲ့ လူငယ်တွေအချင်းချင်း ရင်းနှီးကျွမ်းဝင်စေလိုတဲ့ သဘောပါပဲ။

လူငယ်ချစ်ကြည်ရေး ခရီးစဉ်သို့ လာရောက်လေ့လာတဲ့ ခြောက်နိုင်ငံက အဖွဲ့ဝင်တွေကို သုံးနိုင်ငံစီ ခွဲပြီး နန်နင်းမြို့မှာရှိတဲ့ အကြီးဆုံးကုန်တိုက်နဲ့ လူငယ်အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှုကုမ္ပဏီကို သွားရောက်လေ့လာခဲ့တယ်။ အဲဒီလူငယ်အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု ကုမ္ပဏီက အသစ်အဆန်းတီထွင်သူလူငယ်တွေကို နှစ်နှစ်အထိနေရာ အလကားပေးပြီး လုပ်ငန်းဆောက်လုပ်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးထားတာ ဖြစ်ပါတယ်။ လူငယ်တွေက အသစ်အဆန်းတစ်ခုခုကို နှစ်နှစ်အတွင်း အဆိုပါကုမ္ပဏီရဲ့ အလုပ်ခန်းတွေမှာ အောင်မြင်အောင် တီထွင်စမ်းသပ်ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေ ဆောင်ရွက်လို့ အောင်မြင်လာရင် လုပ်ငန်းအတွက်လိုအပ်တဲ့ ဝန်ထမ်းကို ငှားရမ်းပေးသလို ၊ ထွက်ရှိလာတဲ့ ထုတ်ကုန်ပစ္စည်းကို ဈေးကွက်ရှာဖွေပြီး ဆက်လက်ဖြန့်ဖြူးပေးတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်ဟာ လူငယ်တွေကို စိတ်ဓာတ်ခွန်အား တက်ကြွလာအောင် လှုပ်ဆွပေးတဲ့ စိတ်ဓာတ်ကြံ့ခိုင်ရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လူငယ်များအတွက် လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် ပြုစုပျိုးထောင်ပေးတဲ့ ရည်ရွယ်ချက်လည်းဖြစ်ပါတယ်။ အလွန်ကိုကောင်းမွန်တဲ့ စိတ်ကူးလေးပဲလို့ စာရေးသူတွေးပြီး ပီတိဖြစ်မိတယ်။ တီထွင်ပြသချင်တဲ့ စိတ်ကူးစိတ်သန်းရှိသူတွေ၊ အလုပ်လုပ်ချင်ပေမယ့် နေရာအခက်အခဲရှိနေတဲ့ လူငယ်တွေအတွက်အခွင့်အလမ်းကောင်းတစ်ရပ်ကို ဖန်တီးပုံဖော်ပေးခြင်းဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံမှာလည်း ယခုလိုအစီအစဉ်မျိုး လူငယ်တွေအတွက် ကူညီပေးနိုင်မယ်ဆိုရင် နောင်တစ်ချိန်ချိန်မှာ ခေတ်သစ်လူငယ်တွေရဲ့ ဆန်းသစ်တဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ နည်းပညာပိုင်းအသစ်အဆန်းတွေကို တီထွင်ပြသဖန်တီးလာနိုင်ရလိမ့်မယ်လို့ တထစ်ချယုံကြည်မိပါတယ်။ အဲဒီကုမ္ပဏီမှာ ကလေးကစားစရာဂိမ်းစက်တွေ၊ ကလေးစီးကားတွေ၊ ကလေးကစားစရာတွေ၊ လက်မှုပညာနဲ့ပတ်သက်တဲ့ တီတွင်မှုတွေ၊ စက်မှုပညာနဲ့ပတ်သက်တဲ့တီထွင်မှုတွေ၊ အိုင်တီနည်းပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တာတွေ၊ ကျန်းမာရေးအတွက်ဆေးနည်းအသစ်တွေ စတဲ့နည်းပညာအသစ်အဆန်းတွေကိုတီထွင်နေတဲ့ လူငယ်တွေကိုတွေ့ရတော့ အားကျပြီး သူတို့တီထွင်ထားတဲ့ ကားတွေ၊ ဂိမ်းစက်တွေကို လေ့လာရေးအဖွဲ့သားများ လိုက်ပါစီးနင်းရင်း မိမိနိုင်ငံတွင် အခြေအနေပေးမည့် အကောင်းဆုံး တီထွင်ဆန်းသစ်မှုများကို ကြိုးစားလုပ်ဆောင်သွားမည်ဟု အတွေးနယ်ချဲ့ကာ အားကျပီတိဖြစ်ရင်း အနာဂတ် မြင်ကွင်းကို စိတ်ကူးဖြင့် ပုံဖော်ကြည့်မိနေတော့တယ်။

နောက်နေ့နံနက် ဒေသစံတော်ချိန်နံနက် ၈ နာရီ ၄၅ မိနစ်ကစပြီး ဆက်သွယ်ရေးကုမ္ပဏီကို သွားရောက်လေ့လာဖြစ်ခဲ့တယ်။ အဲဒီမှာ ပရိဂျက်တာ လေးခု၊ တစ်သားတည်း ဆက်နေအောင် တီထွင်ထားတဲ့ရှုခင်းပုံကို အံ့သြဖွယ်တွေ့ရှိခဲ့ရတယ်။ အဲဒီကုမ္ပဏီက တစ်ကမ္ဘာလုံးမှာရှိတဲ့ Mobile ဆက်သွယ်ရေးရုံးတွေထဲက အကြီးဆုံးတစ်ခုဖြစ်တယ်လို့သိခဲ့ရတယ်။ လိုင်းဆွဲအားလည်း ကောင်းလို့ သုံးစွဲသူများတယ်။ ကမ္ဘာပေါ်မှာအကြီးဆုံးဖုန်းဆက်သွယ်ရေးရုံး ၅ဝဝ ကျော် ရှိတဲ့အနက် ယင်းကုမ္ပဏီက အဆင့် ၅၅ မှာ ရပ်တည်နေတယ်လို့ ကုမ္ပဏီကတာဝန်ရှိသူတစ်ဦးထံမှကြားသိရတယ်။

ယခုအခါ နန်နင်းမှာ ၂ဝ၁၃ ကစပြီး 4G ကွန်ရက်ကို စတင်အကောင်ထည်ဖော်ခဲ့ရာ မကြာမီတွင် 4G ကွန်ရက်ကိုအသုံးပြုတော့မယ်လို့ သိရတယ်။

အင်တာနက်ကတစ်ဆင့် ရုံးကိစ္စတွေကိုအိမ်ကနေပြီး အလုပ်လုပ်နိုင်အောင် တီထွင်ထားတဲ့ Table Tought Screen နဲ့ ချိတ်ဆက်ပြီး လုပ်ငန်းတွေ လုပ်ကိုင်နေကြပြီ။ စာရေးသူ ဖြတ်ပြောရဦးမယ်။ နိုင်ငံခြားဇာတ်လမ်းတွဲတွေထဲမှာပဲ စာရေးသူက အဲလိုဆော့ဝဲတွေကို ကြည့်ဖူးခဲ့တယ်။

အခုလို အပြင်မှာ လက်တွေ့မျက်မြင်ကိုယ်တွေ့မြင်ရတော့ အံ့သြစရာဖြစ်မိတယ်။ နောက်တစ်နေရာဖြစ်တဲ့ နန်နင်းပြည်နယ်တစ်ခုလုံးရဲ့ ဖွဲ့စည်းပုံကို 3D ရုပ်ရှင်နဲ့ ပြသတဲ့အခန်းလေးထဲကို တာဝန်ရှိသူတွေက ခေါ်ဆောင်သွားခဲ့တယ်။ 3D ရုပ်ရှင်ကြည့်ဖို့ စာရေးသူတို့အဖွဲ့က မျက်မှန်တစ်လက်ဆီကို ယူကြည့်ရှုခံစားရတာ မအံ့သြဘဲကို မနေနိုင်လောက်အောင် ဖြစ်မိတယ်။ နေ့လယ်စာစားပြီး နန်နင်းပြည်နယ် ကွမ်းရှီးစီမံကိန်းရုံးကို ဆက်လက်ထွက်ခွာခဲ့ကြတယ်။ ကွမ်းရှီးစီမံကိန်းရုံးသွားရာလမ်းတစ်လျှောက်မှာ သစ်ခြောက်ပင်ကြီးတွေကို လမ်းဘေးဝဲယာမှာ စိုက်ပျိုးနေတာတွေ့ရတယ်။ စာရေးသူတို့အဖွဲ့ကို မျက်စိအာရုံနဲ့ လှည့်ဖျားလိုက်၊ စိတ်အာရုံနဲ့ ဖမ်းစားလိုက်နဲ့ အဲဒီအာရုံတွေထဲကကို မနည်းရုန်းထွက်ခဲ့ရတယ်။ သူတို့တွေကတော့ သစ်ပင်အခြောက်ကို အပင်လုံးလိုက် ရှင်အောင်စိုက်နေကြတာ။

ကိုယ့်နိုင်ငံက သစ်ပင်တွေကို နည်းအမျိုးမျိုးနဲ့ခုတ်နေကြတဲ့သူတွေကို ခေါ်ပြ ချင်လိုက်တာ။ တရုတ်လူမျိုးတွေက ဒီလိုသစ်ပင်အခြောက်တွေကို ပင်စည်ကနေ အမြစ်ပါအောင်ယူလာပြီး စိုက်ပျိုးထားတာ တောအုပ်ကြီးအလားတွေ့ခဲ့ရတယ်။ လေ့လာရေးအဖွဲ့ လူငယ်တွေက သူတို့ရဲ့ နည်းပညာကို အတုယူစရာတွေ အများကြီးပါလားဆိုပြီး တွေးနေမိတယ်။

ဒီလိုတွေးရင်းနဲ့ စီမံကိန်းရုံးကိုရောက်လာခဲ့တယ်။ စီမံကိန်းရုံး ကွမ်းရှီးမြို့သစ်တည်ဆောက်ထားပုံ ပုံစံငယ်ပြခန်းကိုတွေ့ရတယ်။ ကွမ်းရှီးမြို့သစ်ကို နန်နင်း ပြည်နယ်ရဲ့ အဆင့်အမြင့်ဆုံးမြို့အဖြစ် တည်ဆောက်နေတယ်ဆိုတာ သူတို့ပြောလို့ သိရတယ်။ မြို့သစ်တည်ဆောက်ရန် စီမံကိန်းကို စနစ်တကျဆွဲထားတယ်။ သစ်ပင်မြို့တော်အဖြစ်ပါ တင်စားခေါ်ဝေါ်နိုင်လို့ သစ်ပင်တွေစိုက်ပျိုးနေကြောင်းလည်း သိခဲ့ရတယ်။

*စာမျက်နှာ ၂၀ သို့*

စာ-၁၉ မှ

နောက်တစ်နေ့မှာ Shanshui Meidi Community ကို သွားရောက်လေ့လာခွင့်ရခဲ့ရာ ပင်စင်စားတရုတ် အဘိုးအဘွားတွေလာနေတဲ့ နေရာတစ်ခုဖြစ်တယ်။ အဲဒီမှာ သူတို့ဝါသနာပါရာကိုလုပ်ရင်း တခြားသူတွေနဲ့အတွေ့ အကြုံတွေ ဗဟုသုတတွေကို ရှယ်ယာလုပ်တဲ့နေရာဖြစ်ပါတယ်။ သူတို့တွေရဲ့ဘဝကို အထီးကျန်မခံစားရအောင် ဆောင်ရွက်ပေးတဲ့ အစီအစဉ်တစ်ခုအဖြစ် လုပ်ပေးထားတွေ့ရတယ်။ အဲဒီကွန်မြူနတီက အစိုးရဦးစီးထားတာ မဟုတ်ဘဲ လူမှုရေးအဖွဲ့အစည်းဖြစ်တယ်။ ကွန်မြူနတီကို ၂၀၀၆ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ဘော်လံဒီယာ အဖွဲ့ဝင် ၁၃၀၀ ကျော် ရှိပါတယ်။ ကွန်မြူနတီထဲမှာ နေထိုင်တဲ့သူတွေ သက်သောင့်သက်သာရှိစေဖို့အတွက် အနားယူအပန်းဖြေတဲ့နေရာတွေ၊ ကျန်းမာရေး လေ့ကျင်းခန်းပြုလုပ်တဲ့ နေရာတွေ၊ စိတ်အပန်းဖြေဖို့ နေရာလေးတွေ စီစဉ်ပေးထားတွေ့ရတယ်။ ဒါ့အပြင် ကလေးတွေပျော်ရွှင်ဖို့လည်း ကစားကွင်းတွေပါ တည်ဆောက်ပေးထားတယ်။ ကွန်မြူနတီထဲမှာနေတဲ့သူတွေက မိသားစုအသိုက်အမြုံလေးလို ချစ်ချစ်ခင်ခင်နဲ့နေထိုင်ကြတာ အားကျအတုယူစရာ ဖြစ်ပါတယ်။ စည်းလုံးညီညွတ်ကြတယ်။ ပန်းခြံတွေထဲမှာ ကကြ၊ ခုန်ကြ၊ လေ့ကျင့်ခန်းတွေ လိုက်စားလိုက်နဲ့ လောကနိဗ္ဗာန်လေးလို ထင်မိတယ်။ ပင်စင်စား အဘိုးအဘွားတွေလို့ သာပြောရတာ သွက်သွက်လက်လက်နဲ့ စိတ်ပျိုလို့ ကိုယ်နုနေကြတယ်။ အကြောင်းကတော့ ခုလို သက်ကြီးပင်စင်စားတွေကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်နေအောင် ပန်းချီဆွဲခန်းတွေ၊ ဂီတခန်းတွေ၊ အစားအသောက် အတူတူချက်ပြုတ်စားတဲ့ အခန်းတွေနဲ့ ကွန်မြူနတီထဲမှာ ပြည့်စုံအောင် စီစဉ်ပေး ထားတာလည်း သူတို့ရဲ့ စိတ်ဓာတ်ခွန်အားမြင့်တင်ရေးကို ဆောင်ရွက်ထားခြင်းဖြစ်တယ်။ နောက်ပြီး One Stop Service ရုံးတွေလည်း ထားရှိပေးထားတာတွေ့ရတယ်။ အခုလို ဆောင်ရွက်ခြင်းဟာ အိုမင်းအရွယ်ထိအောင် ဘဝကို အကျိုးရှိရှိ အသုံးချထားတာကို တွေ့ရတဲ့အတွက် အတုယူဖို့လည်းကောင်းတယ်။ စာရေးသူတို့ဆီမှာက ပင်စင်စား အဘိုးအဘွားတွေအတွက် အဲဒီလိုလုပ်ဆောင်ပေးခြင်းဖြင့် အချိန်တွေကို တန်ဖိုးရှိစွာ အသုံးချသွားနိုင်မယ်လို့ ထင်မိတယ်။ အချို့ ဘိုးဘွားတွေဟာ မိမိတို့ဘဝကို အကျိုးမဲ့ ကုန်ဆုံးစေတာမျိုးတွေရှိနေတာ တွေ့ရလို့ အထီးကျန်မဆန်စေရေး ဆောင်ရွက်ပေးနိုင်ဖို့ ကြံစည်တွေးဆမိတယ်။



တရုတ်နိုင်ငံ ပင်စင်စားအဘွားတစ်ဦး ပန်းချီဆွဲနေစဉ်။

မဲခေါင်လူငယ်ချစ်ကြည်ရေးအဖွဲ့သည် တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ TBPS ရုပ်သံလွှင့်ဌာနနဲ့ မီဘမဲ့ဂေဟာတို့ကို မတ်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့ထိ လေ့လာရေး ခရီးဆက်ခဲ့ကြတယ်။ ထိုင်းရုပ်သံလွှင့်ဌာနက အစိုးရပိုင်မဟုတ်ဘဲ ပုဂ္ဂလိကပိုင်ဖြစ်ပြီး ပြည်သူတွေ သိသင့်သည့် သတင်းအချက်အလက်တွေကို အချိန်မလပ် ပွင့်လင်းမြင်သာစွာ တင်ဆက်ထုတ်လွှင့်နေတာကို တွေ့ရတယ်။ ထိုင်းရုပ်သံမှ တာဝန်ရှိသူတစ်ဦးက ကျွန်တော်တို့ ပြည်သူတွေအတွက် သတင်းအချက်အလက်တွေကို အမှန်ကန်ဆုံးဖြစ်အောင် ကြိုးစားထုတ်လွှင့်ပေးနေပါတယ်။ ပြည်သူတွေစိတ်ဝင်စားမယ့် ချန်နယ်တွေကိုလည်း အမြဲအသစ်အဆန်းတွေ တီထွင်ပြီး တင်ဆက်ပေးနေပါတယ် စသဖြင့် လေ့လာရေးအဖွဲ့ကိုရှင်းပြရင်း သူတို့တွေရဲ့ လုပ်ငန်းခွင်ထဲကို လေ့လာခဲ့ကြတယ်။




မြန်မာနိုင်ငံလူငယ်အဖွဲ့မှ လက်တွေ့ဆောင်ရွက်ချက်များကို အဖွဲ့လိုက်ပြန်လည်တင်ဆက်စဉ်

လန်ချန်း-မဲခေါင်လူငယ် လူငယ်ချစ်ကြည်ရေး အစီအစဉ်၏ ဖိတ်ကြားချက်အရ သွားရောက်ဖြစ်ခဲ့သော မိမိတို့အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသော တရုတ်နိုင်ငံ၏ လူငယ်အလုပ်အကိုင်နှင့် စွန့်ဦး တီထွင်မှုလုပ်ငန်း၏ အံ့သြလောက်သည့် ဆောင်ရွက်ချက်များအပြင် ထိုင်းနိုင်ငံရုပ်သံမီဒီယာလုပ်ငန်းများကို တစ်ပါးတည်း လက်တွေ့လေ့လာတွေ့မြင်ခွင့်ရခဲ့ပြီး ဗဟုသုတစုံလင်စွာ မှတ်သားနိုင်ခဲ့ကြသည်။ ခရီးစဉ်အဆုံး၌ အမိနိုင်ငံကိုပြန်လည် ထွက်ခွာလာခဲ့ကြကြောင်းဖော်ပြရင်း ပေါက်ဖော်တို့ဌာနီ စိန့်တိုင်းပြည်နှင့် အယုဒ္ဓယပြည် ခရီးသွားဆောင်းပါးကို နိဂုံးကမ္ပ အဆုံးသတ်လိုက်ပါတော့သည်။

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

ရပ်စောက် ဧပြီ ၉

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် တောင်ပေါ်ဒေသ ကျောက်တောကျေးရွာအုပ်စု ရပ်ငယ်ကျေးရွာ၌ ဧပြီလပထမပတ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။ ပလောင်တိုင်းရင်းသားများရှိရာ တောင်ပေါ်ဒေသသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး ဦးဆောင်၍ဝန်ထမ်းများအဖွဲ့က ကိုယ်တိုင် သွားရောက်၍ ပလောင်တိုင်းရင်းသား ၆၈ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ သောကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် အထူးပင်ဝမ်းမြောက်ကာ ဝန်ကြီးဌာနနှင့်ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံရွှေက ဒေသခံများကိုယ်စား ပြောကြားခဲ့သည်။


**ကိုမျိုး(ရွှေပေါက်ကံ့)**


# အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အား ကုန်သည်စက်မှုအသင်းချုပ်မှ ပြည်သူလူထုတစ်ရပ်လုံးနှင့် အတူ လှိုက်လှဲစွာ ကြိုဆိုဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံသားများ လိုလားသည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အသင်းချုပ်အနေဖြင့် ညီနောင်အသင်းများ၊ ပြည်နယ်တိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်


ပေးချေလွယ်ကူ MPU
MPU
MPU ၏ Customer များ၊ Member Bank များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး
မြန်မာနှစ်သစ်ကူးအချိန်မှာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။
Myanmar Payment Union.com
Myanmar Payment Union


PMG Myanmar DRINKING WATER
နှစ်သစ်မှာပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်. . .
PMG MYANMAR DRINKING WATER
PMG သောက်ရေသန့်အား နီးစပ်ရာဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။


တောက်ပကောင်းမွန်တဲ့
အနာဂတ်ဆီသို့
အကျယ်ပြန့်ဆုံး ကွန်ရက်၊ အလျင်မြန်ဆုံး
အင်တာနက်နဲ့ အူရီဒူးက သင်နဲ့အတူရှိနေမှာပါ။
ooredoo
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျက်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုဒဏ်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
lotayamm.com
MORE
အခမဲ့ စာမျက်နှာ
35 °C ရန်ကုန်
ငွေလဲလှယ်နှုန်း
1,219.00 Ks/$
အခမဲ့ ဝန်ဆောင်မှုများ
News
နောက်ဆုံးရသတင်းများ | နိုင်ငံရေး | နိုင်ငံတကာ | စီးပွားရေးသတင်းများ
မြောက်ကိုရီးယား ရေငုပ်သင်္ဘောတစ်စီး ပျောက်ဆုံးနေဟု
အော့ရှ်ဝစ်ဇ် အကျဉ်းသားဟောင်း ဂျူးအဖိုးအို ကမ္ဘာ့အသက်
Back
Forward
Home
Bookmarks
Tabs
ခေတ်မီတဲ့နောက်ဆုံးပေါ်ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
ဂိုးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြီးပျော်စေပါတယ်
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဇာတာခွင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှ စ၍ လက်ရှိနှုန်းထားများတွင်
ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday





## Septic Tank တပ်ဆင်ခြင်း

ရန်ကုန်မြို့၊ (၈)မိုင်ပတ်ဝန်းကျင်တွင် Septic Tank (၂)လုံးကို လူဦးရေ (၂၅)ယောက်နှင့် (၃၀)ယောက်ကြား အသုံးပြုရန် Bio Filter Supply နှင့် Installation ပြုလုပ်လိုပါသဖြင့် Testing နှင့် Commissioning ကျွမ်းကျင်သော ကုမ္ပဏီနှင့် လက်ရှိအိမ်တွင် အသုံးပြုနေသော Septic Tank (၂)လုံးဖယ်ရှားရန် ဝန်ဆောင်မှုပေးနိုင်သောကုမ္ပဏီမှ အောက်ပါဖုန်းနံပါတ်သို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၅၃၈၂၀၊ ၀၉-၄၃၁၅၃၈၂၁**

ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | အမည် | မှတ်ပုံတင်အမှတ် | |
| ၁ | ဒဂုံမြို့သစ်<br>(မြောက်ပိုင်း) | ၂၇/၄ | ၄၃ | ဒေါ်နီနီထွေး | ဦးဝင်းအောင်+<br>ဒေါ်ချယ်ရီမာ | ၁၂/တမန(နိုင်)၀၃၀၄၅၃<br>၁၂/ဥကတ(နိုင်)၁၄၉၄၅၁ | |
| ၂ | ။ | ၂၇/၄ | ၇၆ | ဒေါ်ယဉ်မင်းမြင့် | ဦးအောင်အောင်(ခ)အောင်သော် | ၁၂/ရကန(နိုင်)၀၁၆၄၀၅ | |
| ၃ | ။ | ၂၇/၃ | ၈၃-၂ | ဦးဇော်ထွန်း | ဦးအောင်ပိုင် | ၁၂/လသန(နိုင်)၀၁၄၆၁၂ | |
| ၄ | ။ | ၂၇/၃ | ၈၃-၁ | ဦးဇော်ထွန်း | ဒေါ်ယဉ်ယဉ်နွယ် | ၁၂/လသန(နိုင်)၀၁၉၂၆၃ | |
| ၅ | ။ | ၂၇/၄ | ၁၃၄ | ဦးဇော်ထွန်း | ဦးအောင်အောင်(ခ)အောင်သော် | ၁၂/ရကန(နိုင်)၀၁၆၄၀၅ | |
| ၆ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၁၀-Phase-2 | ၂၅၁-ခ | ဦးအောင်ဇော်နိုင် | ဦးဟွန်စာဟာမွတ်(ခ)မောင်မောင် | ၁၂/ပဘတ(နိုင်)၀၂၂၅၂၆ | |
| ၇ | ။ | ။ | ၂၅၃ | အိုလံပစ်ကုမ္ပဏီ | ဦးဟွန်စာဟာမွတ်(ခ)မောင်မောင် | ၁၂/ပဘတ(နိုင်)၀၂၂၅၂၆ | |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၄၈၇၈)၊ ပါမစ်မြေကွက်၏ အမည်ပေါက် ဦးခင်မောင်ဝင်း (ဘ)ဦးတင့်မောင် ၉/ပမန(နိုင်)၁၄၇၂၈၉ သည် ၁၀-၃-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ကြည်မြင့် ၉/ပဗသ(နိုင်)၀၀၄၈၃၁ (ဘ) ဦးစိုးအောင်မှ မြေကွက်အမှတ်(ပ-၄၈၇၈)၏ မြေပေးမိန့်(မြေကွက်နေရာချထားပေးခြင်းလက်မှတ်)အား ၎င်းအမည်ဖြင့် အမည်ပေါက်ပြောင်းလဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ဆက်သွယ်ပါ

၁၉၆၈ ခုနှစ်ခန့်က ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လှုဝင်မှုကြီးကြပ်ရေးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ယခုအသက် (၇၅)နှစ်ခန့်ရှိ ဦးထွန်းလွင်ကို နိုင်ငံခြားမှ မိတ်ဆွေတစ်ဦးက အမြန်တွေ့လိုပါသည်။ ယခု ဦးထွန်းလွင်မည်သည့် အရပ်တွင်နေထိုင်သည်ကို သိရှိသူကလည်း ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းများ**
**၀၉-၇၃၀၂၅၁၆၄၊**
**၀၉-၅၀၆၈၉၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၂၉၈၁ GRAND CHEROKEE, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏထွန်း ၅/စကန(နိုင်)၂၀၅၀၂၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၈၇၂၇၂ Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီအောင် ၉/မနမ(နိုင်)၀၀၃၅၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမည်ပြောင်း

ဦးစိုးမောင်မောင်၏သမီး မအိအိစိုးယဉ် ၁၃/လရန(နိုင်)၁၃၀၉၇၆ အား ယနေ့မှစ၍ မပြည့်ဖြိုးပိုင် ဟု ပြောင်းလဲခေါ်ပါရန်။

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆမားဒူးဝါး (၃/ခ)ရပ်ကွက်နေ ဒေါ်ကြည်အေး R/RGN-၀၀၇၄၇၅မှ ဦးသန်းဇော် (ဘ)ဦးအေဖေ ၇/ဖမန(နိုင်)၀၄၇၈၅၆ အမှတ် ၈/၂၈၊ ရွာမ ၂လမ်း၊ ညောင်ပင်သာမြို့၊ ဖြူးမြို့နယ် နေသူအား ၁၅-၅-၂၀၁၅ ရက်တွင် နော်ထရီပတ်ဘလစ် ဦးအေးမောင်ရုံး၌ လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်အေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ မင်းကျောင်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ် ၆၇၊ မြေဧရိယာ ၀ဒသမ၁၆၁ ဧကကို ဒေါ်ရှောင်ချိန်ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက် ရရှိထားပြီး ခင်ပွန်းဖြစ်သူ ဦးရှီဇူးယားသည် ၁၅-၃-၂၀၁၁ ရက်တွင် ကွယ်လွန်သွားခဲ့ရာ ဒေါ်ရှီးဖင်းပါ သားသမီး(၈)ဦး ထွန်းကားခဲ့ပြီး အဆိုပါမြေကွက်ကို ဒေါ်ရှီးဖင်းသို့ ပေးအပ်ခဲ့ရာ ကျန်ရှိသားသမီးများက သဘောတူကြောင်း မိသားစုကတိစာချုပ်ကို ဇန်းမော်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၂-၂-၂၀၁၆ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဒေါ်ရှောင်ချိန်အမည်မှ ဒေါ်ရှီးဖင်း ၁/မမန(နိုင်)၀၀၀၇၁၃ အမည်သို့ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဇန်းမော်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊သာစည်ရပ်ကွက်၊ အကွက်အမှတ် ၁၉၊ ဦးပိုင်အမှတ် ၂၃၄၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကကို ဒေါ်သန်းမြင့် ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက် ရရှိထားပါသည်။ ၎င်း၏ခွင့်ပြုချက်အရ ကိုယ်စားလှယ် ဒေါ်အောင်မီးက ရောင်းချခဲ့ပြီး ဇန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၆-၁၀-၂၀၁၆ ရက်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဒေါ်သန်းမြင့်အမည်မှဒေါ်အေပိုး ၁/ဗမန(နိုင်)၀၆၂၇၄၀အမည်သို့ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်သူများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဇန်းမော်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၃၀၀၇ KTS Yar Zar KTS-J, Jeep (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးမိန် ၉/မရတ(နိုင်) ၁၁၇၇၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၃၀၆၅၂၊ ဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ ပါမစ်မြေကွက်အား ဦးမြတ်မော် (ဘ) ဦးဝင်းမော် ၇/ကတခ(နိုင်)၀၀၁၁၀၄ မှ ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက အမည်ပေါက် မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ် မူရင်းအားပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊အမှတ်(၁၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/က၊ ကျုံးအနောက်)၊ ဦးပိုင် ၂၄၊ မြေဧရိယာ ၀ဒသမ ၂၆၂ ဧကရှိ (အရှေ့ဘက်-ကျုံးပတ်လမ်း၊ နောက်ဘက်-လယ်မြေ၊ တောင်ဘက်-ဗောဓိသာရလမ်း၊ မြောက်ဘက်-ဒေါ်ဝင်းဝင်းသွယ်) အလားလေးရပ်အတွင်းရှိ မြေအား လူနေဂရန် အသစ်ရရှိရန် ဒေါ်ဝင်းဝင်းသွယ် ၇/တငန(နိုင်)၁၁၉၀၆၆ မှ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှု အထောက်အထား မူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက် အတွင်းတောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်ဝင်းဝင်းသွယ်သို့ မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊အမှတ်(၁၁)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂၀/က၊ ကျုံးအနောက်)၊ ဦးပိုင် ၂၅၊ မြေဧရိယာ ၀ ဒသမ ၈၇၄ ဧကရှိ (အရှေ့ဘက်-ကျုံးပတ်လမ်း၊ နောက်ဘက်-လယ်မြေ၊ တောင်ဘက်-ဒေါ်ဝင်းဝင်းသွယ်၊ မြောက်ဘက်-ဦးရဲဝင်း)အလားလေးရပ်အတွင်းရှိမြေအား လူနေဂရန်အသစ်ရရှိရန် ဒေါ်ဝင်းဝင်းသွယ် ၇/တငန(နိုင်)၁၁၉၀၆၆ မှ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်ဝင်းဝင်းသွယ်သို့ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊အမှတ်(၁၁)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂၀/က၊ ကျုံးအနောက်)၊ ဦးပိုင် ၂၇၊ မြေဧရိယာ ၀ ဒသမ ၈၁၇ ဧကရှိ အရှေ့ဘက်-ကျုံးပတ်လမ်း၊ နောက်ဘက်-ဦးရဲဝင်း၊ တောင်ဘက် ဦးရဲဝင်း၊ မြောက်ဘက် ဦးရဲဝင်း အလားလေးရပ်အတွင်းရှိ မြေအား လူနေဂရန်အသစ်ရရှိရန် ဦးရဲဝင်း ၇/တငန(နိုင်)၀၆၃၆၈၆မှ လျှောက်ထား လာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးရဲဝင်းသို့ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# သံဃာတော်များအတွက်
# ပိဋကကျမ်းစာနှင့် အင်္ဂလိပ်စာဘာသာ အထူးသင်တန်း
# ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏
# ဓမ္မဝိနယစင်တာ

**Institute Of Dhamma Education**
**(I.D.E-YGN)**

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ဒေသတွင် ဖွင့်လှစ်သင်ကြားမည်။**

(၁) Study Program

1. English (4-skills)
2. Pitaka Text (selected)
3. Abhidhamma Study
4. Pāli-English word study

(၂) ဓမ္မာစရိယ အောင်လက်မှတ်ရရှိပြီး၍ သက်တော် ၂၅ နှစ်ထက်မကျော်သော ရဟန်းတော်များနှင့် ရှင်သာမဏေများ လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

(၃) ၂၀၁၆ခုနှစ် မေလ ၂၂ ရက် နောက်ဆုံးထား၍ လျှောက်လွှာလက်ခံပြီး မေလ ၂၈ ရက်တွင် ဝင်ခွင့်စာမေးပွဲနှင့် အင်တာဗျူးဖြေဆိုရမည်။ ၂၉ ရက်တွင် ဝင်ခွင့်ရသူစာရင်းကြေညာမည်။ ဝင်ခွင့်ရသူများကို ဇွန်လ ၁ ရက်တွင် စတင်လက်ခံမည်။ သင်တန်းကာလမှာ Level တစ်ခုလျှင် (၃)လဖြစ်သည်။

**မှတ်ချက်။** ။လျှောက်လွှာကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကထိကဆောင်-(၁၀၃)၊ ကထိက ဆရာတော် ဒေါက်တာဝိမလ ဖုန်း-၀၉-၂၁၅၁၁၅၈ samana.vimala@mail. com ထံတွင် တောင်းယူတင်သွင်းရပါမည်။

**သင်တန်းကြီးကြပ်ရေးကော်မတီ**






**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈/၁၇၁၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈င/၆၆၂၂ Yadanar (CDS.YDN. 001))Jeep ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၉/မနမ(နိုင်)၀၀၆၅၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဧယ/၃၇၉၀၇ NAMBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်တင့် ၉/မရမ(နိုင်)၀၅၆၂၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/7953 Toyota Toyoace XZU 378 L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ရဲအောင် ၉/မနမ(နိုင်)၁၂၁၁၀၁ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈စ/၇၉၆၃ CHARM TRUCK CH-006 Truck (8x2) R T/S ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြင့်ချို ၁/ဗမန(နိုင်)၀၀၃၅၉၉ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ပြင်ဆင်ဖတ်ရှုပါရန်**

၉-၉-၂၀၁၅ ရက် မြန်မာ့အလင်း သတင်းစာ၏ ကြော်ငြာစာမျက်နှာ (ဃ) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ လမ်းမတော်မြို့နယ်မှ ဦးအောင်သန်း+၆ ၏ ဂရန်မိတ္တူ အမည်ပြောင်းတွင် ဒေါ်ခင်သန်း ၁၂/လသန(နိုင်)၀၀၉၈၇၆ အစား ၁၂/လသန(နိုင်) ၀၀၉၈၆၇ ဟု အမှန်ဖတ်ရှုပါရန်။

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဇော်
(စာရေးဆရာ တက္ကသိုလ်ခင်မောင်ဇော်)
ဌာနမှူး(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)
အမျိုးသားစာပေဆု၊ ပခုက္ကူဦးအုန်းဖေဆု၊ ဆရာဝန်တင်ရွှေစာပေဆုရှင်
အသက်(၈၅)နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၁၁၉-E)နေ ဒေါ်ငွေငွေ၏ခင်ပွန်း ဦးခင်မောင်ဇော်(စာရေးဆရာ တက္ကသိုလ်ခင်မောင်ဇော်)သည် ၉-၄-၂၀၁၆ရက် နံနက် ၁း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ
ပြန်ကြားရေးဝန်ကြီးဌာန

## ဒေါ်ညွန့်ညွန့်ကြည်
အသက်(၈၈)နှစ်

စစ်ကိုင်းမြို့နေ (ဦးလှကြည်-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးဘိုးစီ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဦးဖိုးလမင်း(ခ) Peterဘိုးစီ-ဒေါ်လှယဉ်မြင့်၊ ဦးဖိုးလဝင်း(ခ) Paul ဘိုးစီ၊ ဒေါက်တာမေလလင်း၊ (ဒုဗိုလ်အောင်ကိုကို D.S.A-20 )၊ ဦးကျော်ကိုကိုတို့၏မိခင်၊ မဖြူသဲချို(ခ) ဂျူလီ၏အဘွားသည် ၉-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နန်းဇိန်းဝီ
အသက်(၁၀၄)နှစ်

ကချင်ပြည်နယ်၊ဗန်းမော်မြို့၊မင်းလှရပ်ကွက်၊ အမှတ်(နခ-၃၁၈)နေ မံမော်ကောင်းဒူဝါ - (ဗိုလ်ကြီးမှန်ဂါတူး) [ATM, BGM ] ၏ချစ်လှစွာသောဇနီး၊ ဦးလုခ်တန်ဂျီး - (ဒေါ်ထရီဇာလဖိုင်ဂျာခေါန်)၊ဦးလူးဝစ်မှန်ဂါအလီ-ဒေါက်တာစီစီလျာတန်ဂျီး၊ (ဦးလဆန်တူးလွမ်-ဒေါ်လဖိုင်ဂျာဒွဲ)၊ ဦးကျော်ဝင်း-(ဒေါ်လဖိုင်ဂျာတောင်)တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၃၆ယောက်တို့၏ အဘွားသည် ၈-၄-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့)တွင် ဗန်းမော်မြို့ ကြက်ပေါင်ခြံ၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘတိုး (ကန်တော်ကလေး)
ဖိုမင်(ငြိမ်း)၊ EPC
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ အမှတ် ၅၃၊ မြလမ်းနေ (ဦးချစ်ထွေး-ဒေါ်ပန်းနု)တို့၏သား၊ (ဒေါ်တင်လှိုင်)၏ခင်ပွန်း၊ ဒေါက်တာလှလှသန်း(ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ဦးကျော်ကျော် (TECHNICAL SUPERINTENDENT, RAFFLES SHIP MANAGEMENT SERVICES PTE LTD, SINGAPORE)-ဒေါ်သက်သက်ဆွေ၊ ဦးကျော်ဇေယျ(GM၊ ကမ္ဘာ SERVICES Co.,Ltd)၊ ဒေါ်လှလှမော် (ဦးစီးအရာရှိ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)တို့၏ဖခင်၊ မောင်ဟိန်းထက်ကျော်ကျော်၊ မဝင့်ရတနာကျော်ကျော်၊ မောင်ကောင်းထက်ကျော်တို့၏အဘိုးသည် ၉-၄-၂၀၁၆ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အမာတူး(ခ)ဒေါ်သင်းကြည်
အသက်(၉၃)နှစ်

(ဦးဘဘာ-ဒေါ်ကီး)တို့၏သမီး၊ (ဦးပါလေး)-ဒေါ်ရီရီ၊ (ဦးဝင်း)-ဒေါ်မြင့်မြင့်ရီ၊(ဦးဘိုကြီး၊ USA)-ဒေါ်မာဂရက်(ခ)ဒေါ်ခင်ညိုလေး(USA)၊ (ဦးတင်နွယ်-ဒေါ်စီစီ)၊ ဦးဆန်နီ(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်ကြင်နွယ်တို့၏အစ်မသည် ၇-၄-၂၀၁၆ရက်(ကြာသပတေးနေ့) ည ၁၁း၁၅နာရီတွင် လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာ၊ ပိတောက်ဝါ ၄လမ်း၊ အမှတ် B၄၆ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ညိုညို အသက်(၈၄)နှစ်
(မြန်အောင်၊ ငါးပိဆိပ်)

ဧရာဝတီတိုင်းဒေသကြီး၊မြန်အောင်မြို့နယ်၊ငါးပိဆိပ်ကျေးရွာနေ(ဦးမောင်သိန်း-ဒေါ်တင်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဃ/ရပ်ကွက်၊ မေခါဝီလမ်းမ၊ အမှတ် ၅၈၁နေ(ဦးမောင်မောင်၊ စိန်ဝင်းကဖီး)၏ဇနီး၊ ဒေါ်ကြည်ကြည်ဝင်း၊ (ဦးကျော်မင်း)-ဒေါ်စန်းစန်းကြည်၊ ဒေါက်တာလှမြင့်-ဒေါ်ခင်ဆွေမြင့်၊ဦးမင်းနိုင်(မင်းစည်-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်နွယ်နီဝင်း(ဒုခရိုင်တရားသူကြီး၊ ကျောက်မဲခရိုင်တရားရုံး)၊ ဦးအောင်မင်း-ဒေါ်ငွေငွေနွယ်တို့၏မိခင်ကြီး၊ ဦးသိန်းနိုင်(Nadio Pacefic Co.,Ltd)-ဒေါ်ချိုဆက်နိုင်(ဒု-ဦးစီးမှူး၊ အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)၊ ကိုဇင်းလင်းနိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ယင်းမာပင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး)-ဒေါက်တာအိဟေမာကျော်၊ ဒေါက်တာထက်ကျော်ဇော်-မဆုရတနာ(Myanmar Kaido Co.,Ltd)၊ မောင်ထူးနိုင်ဝင့်-မအိဝမ်ထုမိုင်၊ မအင်ကြင်းဟေမာန် (ခေတ္တ-စင်ကာပူနိုင်ငံ)၊ မဟန်နီထိုက်(KOA Myanmar Branch)တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၉-၄-၂၀၁၆ရက်(စနေနေ့)နံနက် ဝ၀း၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၆ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်ငွေ(စစ်တွေ-ရန်ကုန်)
အသက်(၈၇)နှစ်

ရန်ကုန်၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်း၊ အမှတ် 5/D နေ (ဦးသန်းရွှေ)၏ဇနီး၊ ဦးချစ်စိန်-ဒေါ်စိုးစိုးသန်း (မြောက်ဦး)၊ ဒေါ်တင်သန်း(ထ-ငြိမ်း၊ အထက-၅၊ ကမာရွတ်)၊ ဦးသိန်းစိန်-ဒေါ်သန်းသန်းလှိုင်(ရွှယ်ကဖီး၊ Double Great Co., Ltd ၊ စစ်တွေ)၊ ဒေါ်ခင်သောင်း (ထပြ၊ အထက-၃၊ လှိုင်သာယာ)၊ ဒေါ်စောနု (လက်ထောက် ညွှန်ကြားရေးမှူး၊စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်)၊ဒေါ်တင်ရီဦးအေးသိန်း၊ ဦးသိန်းဇံ-ဒေါ်နီနီအေး၊ ဒေါ်နွေးနွေးထွေး၏မိခင်၊ မောင်နိုင်ဝင်းထွန်း၊ မောင်ငွေသိန်း-မဆုသက်ဝေ၊ မမြတ်မွန်စိုး၊ မသီရိ၊ မောင်အောင်ကိုသန့်၊ မောင်စည်သူ၊ မရွှေရည်ဖြိုး၊ မဇင်ဝေဝေထက်တို့၏အဘွား၊ မောင်ငွေစည်သူဟိန်း၏အဖီးသည် ၈-၄-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်လှကြည် အသက်(၈၈)နှစ်
(ငွေဇင်ယော်ကြိုးစက်၊ သစ်စက်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ပွင့်လမ်း၊ အမှတ် ၃၅၁နေ (ဦးဘိုးအေး-ဒေါ်လှခင်)တို့၏သမီး၊(ဦးဘိုးသင်း-ဒေါ်ကျွေ)တို့၏သမီးချွေးမ၊ (ဦးခင်ထွန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်စန်းရီ၊ ဦးကျော်လွင်-ဒေါ်တင်တင်ငွေး၊ (ဦးအောင်ဝင်း)-ဒေါ်တင်တင်အေး၊ ဦးဇော်ဇော်-ဒေါ်သန်းသန်းငွေး၊ ဒေါ်ခင်ညွန့်ဝေ (အထက-၂၊ သဃ်န်းကျွန်း)၊ ဦးအောင်ဒင်-ဒေါ်အိအိသင်၊ ဦးအောင်မျိုးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၉-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ကျိုရှုလွမ်း(ခ)ဒေါ်ခင်လှဝင်း (ဖြူးမြို့)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(ဈ)ရပ်ကွက်၊ မေခါဝီလမ်း၊ အမှတ် ၅၈၁နေ (ဦးစစ်လှိုင်-အုံဟန်တီ)တို့၏သမီးချွေးမ၊ (ဦးလျှံရှုန်း)-ဒေါ်အန်းနားတို့၏သမီး၊ (ဦးမျိုးအောင်)၏ချစ်လှစွာသောဇနီး၊ ဦးအောင်ဇော်မြင့်-ဒေါ်ခင်သီဂီဝင်း၊ ဦးကျော်စိုးလင်း-ဒေါ်ချောစုမွန်၊ဒေါ်နီလာခိုင်၊ ဦးစိုးမင်းဟန်-ဒေါ်သူသူအောင်၊ ဒေါ်စုစုပိုင်-ဦးမြင့်နိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၈-၄-၂၀၁၆ရက်(သောကြာနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဦးကျော်စိန်(ခ)ဦးခွေးငယ်
ရာသက်ပန်အသင်းဝင်
အမှတ် (KTH-144)
အသက်(၈၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အင်္ဂဏ္ဏဝါရပ်ကွက်နေ(ဦးရီ-ဒေါ်မြသင်)တို့၏သား၊ (ဒေါ်မြ)၏ခင်ပွန်း၊ ဦးကျော်နိုင် - ဒေါ်ဝါရင်၊ ဦးကောင်းဝါ-ဒေါ်အက်ဝါတို့၏အစ်ကို၊ ဦးကျော်စိန်(ခ)ဦးခွေးငယ်သည် ၆-၄-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ကော့သောင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ ဘုရားလမ်း တရုတ်ဘုံကျောင်းမှ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဒေါ်နှင်းနှင်း (မိတ္ထီလာ)
အသက်(၉၃)နှစ်

မန္တလေးမြို့နေ (ဦးဟန်-ဒေါ်ခန့်)တို့၏သမီး၊ တောင်ငူမြို့နေ ဗိုလ်မှူးဝင်းသူရိန်(ငြိမ်း)-ဒေါ်ရီရီချို၊ ရန်ကုန်မြို့နေ အရာခံဗိုလ်စိန်ဝင်း(လေ)-ဒေါ်သင်းသင်းမြင့်၊ မိတ္ထီလာမြို့နေ ဦးကိုကိုအောင်-ဒေါ်မေသင်းထွန်းတို့၏ကျေးဇူးရှင်မိခင်၊ မိတ္ထီလာမြို့၊ ဘူတာဟောင်းရပ်ကွက်နေ အရာခံဗိုလ်ကျော်မြင့်(ငြိမ်း) လေတပ်၏ ချစ်လှစွာသောဇနီး၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၈-၄-၂၀၁၆ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နီစိန် (စစ်တွေ)
မူလတန်းပြ(ငြိမ်း)
အသက်(၇၉)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့နေ(ဦးစိန်ဘဦး - ဒေါ်သောင်းမေ)တို့၏ သမီး၊ (ဦးသာပန်း - ဒေါ်မဘုံ)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၇၊လေးလွှာနေ(ဦးကျော်ထွန်းလှ)၏ဇနီး၊ (ဦးလှစောဦး)-ဒေါ်သောင်းစိန်တို့၏ညီမ၊ (ဗိုလ်မှူးသာထွန်းအောင်)-ဒေါ်စံနှင်းသာတို့အစ်မ၊(ကိုထွန်းလှဝေ)၊ ကိုအောင်ကျော်သူ - မအေးအေးခိုင်တို့၏မိခင်၊ မောင်သန့်ဇင်လင်း (VII၊ အလက-၂၊ ဗဟန်း)၏ အဘောင်ရှင်သည် ၈-၄-၂၀၁၆ရက်(သောကြာနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဇ အသက်(၈၁)နှစ်
(ရန်ကုန်တိုင်း လ/ထ တိုင်းပညာရေးမှူး၊ စီမံ၊ ငြိမ်း၊ ရန်ကုန်တိုင်း)
စာတည်းမှူး(ပညာတန်ဆောင်)
ယခင် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်ပညာရေးမှူးဟောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၅လမ်း၊ အမှတ် ၂၆နေ (ဦးပုလုံ-ဒေါ်လှဗျော)တို့၏သား၊ (ဒေါ်ဝေဝေ)၏ခင်ပွန်း၊ (ဦးရဲလွင်)၊ ဦးဉာဏ်လွင်(Popular Plastic Group)-ဒေါ်မြမြသင်း(အထက-၁၊ တ/ဥ)၊ (ဦးသန့်လွင်)၊ ဦးလှလွင်-ဒေါ်သီတာ၊ ဒေါ်မေသန်းထွေး (ကထိက၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မောင်ဆက်အောင် (စတုတ္ထနှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မမေသူအောင်(ပထမနှစ်၊ စီးပွားရေးတက္ကသိုလ်)တို့၏ အဘိုးသည် ၉-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၆ရက်(သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အောင် အသက်(၆၆)နှစ်
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ FERD (နေပြည်တော်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၁၀နေ(ဦးစံရွှေ-ဒေါ်တင်ညွန့်)တို့၏သမီး၊ ဒေါ်တင်တင်အေး(အထက်တန်းပြ၊ ငြိမ်း၊ အထက-၂၊ အင်းစိန်)၊ ဒေါ်မြမြသိန်း(အထက်တန်းပြ၊ ငြိမ်း၊ အထက-၂၊ အင်းစိန်)၊ (မောင်ဝင်းမြင့်)၊ ဒေါက်တာဒေါ်မြသောင်း(ပါမောက္ခ၊ ဓာတုဗေဒဌာန၊မော်လမြိုင်တက္ကသိုလ်)တို့၏အစ်မသည် ၈-၄-၂၀၁၆ရက် ညနေ ၄း၂၀နာရီတွင် KBC ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း (တောင်ကြီး)
အသက်(၈၀)

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ နဂါးပွက်ကျောင်းလမ်း၊ အမှတ် ၁၄၈နေ ဒေါ်မြဝင်း၏ခင်ပွန်း၊ ဦးဇော်ဝင်းထွန်း(မင်းသား)-ဒေါ်မေသက်လှိုင်၊ (ဇော်မင်းထွန်း - နန်းတင်အေးသန်း)၊ (ဇော်မြင့်ထွန်း)၊ (ဇော်တင်ထွန်း)၊ မအေးအေးထွန်း၊ မကြည်ကြည်ထွန်း၊ ဒေါက်တာဇော်ထွန်းအေး - ဒေါက်တာချိုချိုထွန်း၊ ဇော်လင်းထွန်း(ဖိုးလုံး)-မနန္ဒာလတ်တို့၏ဖခင်၊မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၈-၄-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အေး(ခ)
Marry Kyi
အထက(၂)ကျောင်းသူဟောင်း
အသက်(၇၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၃၈နေ (ဦးမောင်မောင်ကြည်-ဒေါ်သန်းကြည်)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးလှကြည်)၏ဇနီး၊ ဒေါ်နီလာထွန်း၊ (မောင်ဝင်းမောင်မောင်)၊ (မောင်ဇင်မောင်မောင်)တို့၏မိခင်သည် ၈-၄-၂၀၁၆ရက် (သောကြာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်သွင် အသက်(၅၂)နှစ်
B.A (Hons) (မြန်မာစာ-၁၉၈၇)၊ ရန်ကုန်တက္ကသိုလ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ကျောက်ရေတွင်းရပ်ကွက်၊လေဆိပ်လမ်းမကြီး၊ အမှတ် ၈၁နေ (ဦးချစ်သွင်- ဒေါ်အောင်ကြည်)တို့၏သား၊ (ဦးစောရီ-ဒေါ်သန်းတင်)တို့၏သားသမက်၊ (ဗိုလ်သန်းဦး)၊ ဦးမောင်မောင်သိန်း-ဒေါ်ကြည်ကြည်လေး၊ ဦးမင်းဟန်-ဒေါ်မြင့်မြင့်သွယ်တို့၏မောင်၊ ဦးသိန်းချိုဦး-ဒေါ်ဥမ္မာသွင်(ဦးညွန့်ဆွေ)-ဒေါ်သန်းသန်းမြင့်တို့၏အစ်ကို၊ဒေါ်ဖြူဖြူ၏ခင်ပွန်း၊ မမေသွင်ဦး၊ မောင်အေးမင်းသွင်တို့၏ဖခင်သည် ၉-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းဝင်း အသက်(၅၀)
လူထုမေတ္တာမြန်မာ့ဆေးမျိုးစုံ(ပင်ရင်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၇၄နေ (ဦးထွန်းရင်)-ဒေါ်မကြည်တို့၏သား၊ ဒေါ်မြင့်သီတာ(ဌာနမှူး၊ သတ္တဗေဒဌာန တပ်မတော်ဆေးတက္ကသိုလ်)၊ ဒေါက်တာကျော်မင်း(K လူထုမေတ္တာမြန်မာ့ဆေးမျိုးစုံဆိုင်)-ဒေါ်ခင်ဝါဝါမြင့်(သတင်းဌာန၊ မြဝတီရုပ်သံ)တို့၏မောင်/ညီ၊ မမေမြတ်နိုးမင်း(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊မအေးရတနာမင်း(အထက-၂၊ လသာ)တို့၏ဦးလေးသည် ၉-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးလွင်(ခ)ဒေါ်ဖြူ
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ် ၁၂၀၇နေ (ဦးစစ်ခင်-ဒေါ်တင်လှ)တို့၏သမီး၊ ဦးတင်ဦး-(ဒေါ်ခင်လွမ်း)၊ (ဒေါ်ညွန့်ညွန့်)၊ ဦးလှသန်း-(ဒေါ်ခင်ဆွေမြင့်)၊ ဦးမြင့်ဆွေ-ဒေါ်မေတင့်၊ဦးဝင်းသီ-ဒေါ်ခင်မာလေး၊ဦးဝင်းမြင့်-(ဒေါ်ယဉ်ယဉ်မေ)တို့၏ညီမ၊ ဒေါ်အေးအေးမြင့်၏အစ်မ၊ (ဦးအေးလွင်)၏ဇနီး၊ မချစ်နုလွင်၏မိခင်၊ တူ၊ တူမ ၁၆ယောက်တို့၏ဒေါ်လေးသည် ၈-၄-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် လက်ဝဲမင်းဒင်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လွင်
အသက်(၆၀)

ရန်ကုန်မြို့နေ (ဦးမောင်ကြည်-ဒေါ်ရင်ရင်)တို့၏သား၊ (ဦးခင်မောင်-ဒေါ်အေးကြူ)တို့၏သားသမက်၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၁၈၊ (လေးလွှာ)နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဦးမောင်မောင်သွင် - ဒေါ်သန်းနုတို့၏ညီ၊ ဦးတင်ထူးအောင်-ဒေါ်မော်မော်၊ ဦးလှိုင်ဦး-ဒေါ်တင်တင်ထွေး၊ ဦးညီ-ဒေါ်အေးအေးခင်၊ ဦးနောင်နောင်-ဒေါ်ဝါဝါတို့၏အစ်ကို၊ ကိုသန့်ဇင်ဦး-မစုမြတ်စန္ဒီ၊ ကိုဘုန်းသက်ခိုင်-မမေမြတ်စန္ဒီတို့၏ချစ်လှစွာသောဖခင်၊ မောင်မင်းသန့်ကို၊ မောင်ခန့်စွမ်းသူတို့၏အဘိုးသည်၈-၄-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန့်ဇင်
(ပင်ပျိုရွက်နု လက်ဖက်နှင့် အကြော်စုံလုပ်ငန်း)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေတောင်ကြားလမ်း၊ (၂)ရပ်ကွက်၊ အမှတ် ၅၄/ဘီနေ (ဦးသိန်းဟန်-ဒေါ်ကြည်အေး)တို့၏သား၊ ဦးတင်အောင်-(ဒေါ်ကျင်စန်း)တို့၏သားသမက်၊ ဒေါ်ခင်ခင်ဝိုင်း၏မောင်၊ ဒေါ်ခင်သီတာအောင်၏ခင်ပွန်း၊ မောင်အေးမင်းသူရ၏ ဖခင်၊ မောင်မြင့်မိုရ်၏ဦးလေးသည် ၉-၄-၂၀၁၆ရက်(စနေနေ့)နံနက် ၁၁း၀၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ဂျူလိုင်ငြိမ်းထိုက်(ခ)
မောင်ငြိမ်းချမ်း (သုံးခွ)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ B ဘလောက်၊ ၉လမ်း၊ တိုက် ၂၁၊ အခန်း ၂၀၂နေ ဦးသန်းညွန့်(မူ/အုပ်၊ ငြိမ်း) - ဒေါ်သန်းရင်(အထပြ၊ ငြိမ်း)တို့၏သား၊ မြစ်ကြီးနားအထူးရဲတပ်ဖွဲ့ ဒုရဲအုပ်ဟိန်းထိုက်၏အစ်ကိုသည် ၉-၄-၂၀၁၆ရက်(စနေနေ့)နံနက်၇း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၆ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်သီတာ
(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ငြိမ်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးရွှေဥွန်းလမ်း၊ အမှတ် ၅၃၊ ပထမထပ်နေ (ဦးကီယား-ဒေါ်ကျင်မွေး)တို့၏သမီး၊ [ဒေါ်ရှုလွမ်၊ ဒေါ်ရှုတင့်]၊ ဒေါ်ကျင်အေး၊ ဒေါ်ကျင်ရှိန်း၊ ဒေါ်ကျင်ငွေး (ခ) ဒေါ်ငွေငွေ]တို့၏ တူမ၊ ဒေါ်တီတီ၊ ဦးကျော်နိုင်-(ဒေါ်ထားထားဆွေ)၊ (ဦးမြင့်ဆွေ)-ဒေါ်မြင့်မြင့်အေးတို့၏ညီမ၊ ဒေါ်ပြုံးပြုံးအေး၊ ဦးအောင်မြင့်တို့၏အစ်မ၊ မနီလာကျော် [အိုရီရင်တယ်(လ်)လီစင် ကုမ္ပဏီလီမိတက်]၊ မောင်သူရိန်လင်းတို့၏အဒေါ်သည် ၈-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြတ်သူ
အရာခံဗိုလ်(ငြိမ်း)၊တပ်မတော်-ရေ
အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မျောက်လွှတ်ပင်ကျေးရွာနေ (ဦးဘုန်းကျော်-ဒေါ်မြရီ)၊ (ဦးဖိုးစိန်-ဒေါ်မြသီ)တို့၏သား၊ သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ၊ တိုက်(C)၊ အခန်း ၂၀၁နေ ဒေါ်စောပု၏ခင်ပွန်း၊ ဦးကျော်လှစိန်-ဒေါ်သူဇာမြင့်၊ ဦးထွန်းရွှေမောင်-ဒေါ်သူဇာဝင်း၊ ဦးသန်းဇော်အောင်-ဒေါ်လှငွေးကြူ၊ ဦးဖြိုးအောင်ဇော်-ဒေါ်ခင်ခင်ချော၊ ဒေါ်ခင်မာမြင့်(ခ)ဆရာမ မီးမီး၊ ဦးဝင်းမောင်မောင်-ဒေါ်ဆန်းဆန်းထွေးတို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၉-၄-၂၀၁၆ရက် နံနက် ဝ၀း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးကံမြင့် (ငြိမ်း)
က·က·လုံ(ဝါဇီ)
အသက်(၇၃)နှစ်

ခနော်ဖြူမြို့နယ်၊ စံကင်းကျေးရွာနေ (ဦးအောင်ရ-ဒေါ်သန်းစိန်)တို့၏ သား၊ ဇီးကုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာနေ (ဦးကျင်မောင်-ဒေါ်အေးရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၃၀/၆နေ ဒေါ်ခင်ကြူ၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်လှလှသွင်၊ ဦးမျိုးဝင်း-ဒေါ်ခင်မိုးအေး၊ ဦးဇေယျာထွန်းဝင်း-ဒေါ်လဲ့လဲ့ကြူ၊ ဦးငွေးလှိုင်-ဒေါ်မြတ်သူဇာတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၈-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်ရီ(ခ)
Gracie Wilson
ဌာနခွဲစာရေးကြီး(ငြိမ်း)
တိုင်းရင်းဆေးပညာဦးစီးဌာန
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ မြေတိုင်းလမ်း၊ အမှတ် ၁၉၁နေ ဦးတင်ရွှေ (စာကြည့်တိုက်မှူး၊ ငြိမ်း)၏ဇနီး၊ ဦးဝေမျိုးခိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရမ်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ငွေငွေဝင်း၊ (ဦးဇော်လင်းအောင်)၊ (ဦးမျိုးသန့်)၊ (ဦးမျိုးဟန်)-ဒေါ်စန်းစန်းကြည်၊ဒေါ်သင်းသင်းအောင်၊ဒေါက်တာမွန်မွန်အောင် (ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာရီရီရွှေ (ကထိက၊ သမိုင်းဌာန၊ဒဂုံတက္ကသိုလ်)၊ (မောင်တင်ထွဋ်နိုင်)တို့၏မိခင်၊ မမိုးသက်ထွဋ်နိုင် (Lab Technician; FIDSL; UMFCCI)၏အဘွားသည် ၈-၄-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃း၃၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်း (ဇေကဖီး)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ဗိုလ်ရာညွန့်လမ်း၊အမှတ် ၂၆၊ အခန်း(A) မြေညီထပ်နေ (ဦးစိန်ကျော်-ဒေါ်အုန်းခင်)တို့၏သား၊ ဒေါ်မြရွှေ၏မောင်၊ ဒေါ်ထွေးကြည်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းကျော်)၊ဦးမြင့်ခိုင်-ဒေါ်ခင်ထွေးမြင့်၊ ဦးသန့်ဇင်-ဒေါ်သင်းသင်းအေး (ခ) ဒေါ်သင်းစံပယ်၊ ဦးညီညီနိုင်-ဒေါ်နီလာတင်၊ ဦးဝင်းလှိုင်-ဒေါ်ချိုချိုသန်းတို့၏ဖခင်၊ မြေးရှစ်ယောက်၊မြစ်နှစ်ယောက်တို့၏အဘိုးသည် ၈-၄-၂၀၁၆ရက် (သောကြာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အစိုးရအဖွဲ့သစ်ရဲ့ ရက်ပေါင်း ၁၀၀ နှင့် မြန်မာနိုင်ငံ၏ နောင်အနာဂတ်

**အမေး၊ အရေး - မော်စီ**

**အစိုးရသစ်တက်လာသည်နှင့် ရက်ပေါင်း ၁၀၀ အတွင်း မည်သည့်ကဏ္ဍများကို ဦးစားပေးလုပ်ဆောင်ပြီးတော့ မည်မျှအတိုင်းအတာအထိ လုပ်ဆောင်နိုင်မလဲဆိုသည်ကို အားလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။**

**အစိုးရအဖွဲ့သစ်သည် နိုင်ငံ့တာဝန်ကို လက်ခံရယူပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းသည့်အခါ ဝန်ကြီးဌာနအရေအတွက်ကို လျှော့ချဖွဲ့စည်းလိုက်သည်။ ထိုသို့ ဖွဲ့စည်းလိုက်သည့်အတွက် အစိုးရသစ် စတက်တက်ချင်းမှာပင် ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုနှင့် စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
စက်မှုဝန်ကြီးဌာန

အစိုးရအဖွဲ့သစ်သည် ဝန်ကြီးဌာနအလိုက် ရက်ပေါင်း ၁၀၀ အတွင်း သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို ပြည်သူများအား ပြသနိုင်ရန် လုပ်ငန်းစီမံချက်များ ရေးဆွဲထားပြီးဖြစ်သကဲ့သို့ ခြောက်လစီမံချက်၊ တစ်နှစ်စီမံချက်များကိုလည်း ရေးဆွဲထားပြီးဖြစ်ပါသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ရက်ပေါင်း ၁၀၀ အတွင်း လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။

**မေး ။ ယခုအစိုးရအဖွဲ့ရဲ့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ယောက်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဖြစ်နေတဲ့ စက်မှုကဏ္ဍ အခြေအနေအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ စက်မှုကဏ္ဍကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော် လောက်ကစပြီးတော့ လုပ်ခဲ့တယ်။ အိမ်တွင်းစက်မှုလုပ်ငန်းကနေ စတင်တာဖြစ်ပါတယ်။ ဂျပန်ရဲ့ အင်ဂျင်နီယာတွေနဲ့ ကမ္ဘာအေးအင်းလျားလိတ်ဟိုတယ်နားမှာ စက်ရုံကြီးဆောက်ဖြစ်ခဲ့တယ်။ အိမ်တွင်းစက်မှုလုပ်ငန်းအဖြစ်နဲ့ပဲ စခဲ့တယ်။

အိမ်တွင်းလုပ်ငန်းအသေးကနေ ကြီးမားတဲ့လုပ်ငန်းဖြစ်လာတယ်။ အဲဒီကနေစခဲ့တာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေက အကုန်လုံး ကျော်တက်သွားတယ်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

**ထုတ်လုပ်တဲ့အခါမှာ ရလဒ်ကဘာလဲ၊ ထိရောက်မှုရှိရဲ့လားဆိုတာ အမြဲတမ်း စောင့်ကြည့်ပြီးတော့ ပြည်သူရဲ့ feedback ကို ပြန်ယူမယ်။ ပြီးတော့ မီဒီယာလောက သိပ်အရေးကြီးတယ်။ ကောင်းတာ မကောင်းတာ ဆုံးဖြတ်တာသည် ပြည်သူတွေနဲ့ပဲဆိုင်တယ်။**

# Myanmar Idol ကို အောင်မြင်စွာ ရွေးချယ်နိုင်ခဲ့ပါပြီ

**သတင်း-ခင်ချိုချိုဦး၊ ဓာတ်ပုံ-ဖြိုးသီဟ(စစ်ကိုင်း)**

မြန်မာနိုင်ငံမှာ ပထမဦးဆုံး ကျင်းပခွင့်ရခဲ့တဲ့ Myanmar Idol ရွေးချယ်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါပြီ။ မြန်မာတစ်နိုင်ငံလုံးက ဝါသနာရှင်ပေါင်း ၈၀၀၀ ကျော်ထဲမှ ဆန်ခါတင်ပြိုင်ပွဲဝင် ၁၁ ဦး (Top 11) ကို ရွေးချယ်ခဲ့ကြပါတယ်။ အပတ်စဉ် Voting မဲပေးစနစ်နဲ့ မဲအနည်းဆုံး ပြိုင်ပွဲဝင်တစ်ဦးကို အိမ်ပြန်စေပါတယ်။ မဲများပြီး Save ဖြစ်တဲ့ ပြိုင်ပွဲဝင်တွေ ဆက်လက်သီဆို ယှဉ်ပြိုင်ခဲ့ရာ ဧပြီလ ၈ ရက်နေ့မှာ ကျန်ရှိနေတဲ့ ပြိုင်ပွဲဝင်သုံးဦး (Top 3) နဲ့ နောက်ဆုံး ဆန်ခါတင် (Grand Final) ပွဲကြီးကို ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်သုံးဦးမှ ပထမဦးဆုံးအပိုင်းမှာ မိမိစိတ်ကြိုက်အဖြစ်ဆုံး တေးသီချင်းနဲ့ သီဆိုယှဉ်ပြိုင်ရပြီး ဒုတိယပိုင်းအနေနဲ့ Idol သီချင်းအသစ်ဒိုင်အဖြစ် ဆောင်ရွက်သူ ရဲလေး ရေးစပ်သီကုံးထားတဲ့ 'မင်းသိနိုင်မလား' အမည်ရတဲ့ တေးသီချင်းအသစ်ကို Version မတူတဲ့ ပုံစံတစ်မျိုးစီ တစ်လှည့်စီ သီဆိုယှဉ်ပြိုင်စေခဲ့ပါတယ်။

တတိယပိုင်းကို သီဆိုမယှဉ်ပြိုင်ခင်မှာ ဒိုင်အဖြစ်ဆောင်ရွက်သူ အဆိုတော်ရဲလေးရဲ့ စိတ်ကြိုက်သီချင်းတွေနဲ့ သီဆိုဖျော်ဖြေခဲ့ပါတယ်။

တတိယပိုင်းကိုတော့ ဒိုင်လူကြီးတွေက ရွေးချယ်ပေးထားတဲ့ သီချင်းတွေနဲ့ သီဆိုယှဉ်ပြိုင်စေခဲ့ပါတယ်။ ပထမဆုံး Nanzi May ကို တေးရေး မေသော် ရေးစပ်ထားတဲ့ 'အချစ်ထက်မက' ဆိုတဲ့သီချင်းနဲ့ ယှဉ်ပြိုင်ဖို့ ဒိုင်ဖြစ်သူ ချမ်းချမ်းက ရွေးချယ်ပေးခဲ့ပါတယ်။ ကီးအဆင့်ဆင့်ချိန်းကာ အသံပါဝါပြသနိုင်တဲ့ သီချင်းဖြစ်ပြီး

*စာမျက်နှာ ၆ ကော်လံ ၁* ❄



Myanmar Idol ပြိုင်ပွဲဝင်များ သီဆိုဖျော်ဖြေနေမှုကို တွေ့ရစဉ်

